# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်း ဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၇၈)


၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက် ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာ ၂၅ ရက်၊ ဗုဒ္ဓဟူးနေ့ အတွဲ (၆၀)၊ အမှတ် (၁၅၆)


# အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းအပေါ် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ထံသို့ မလေးရှားနိုင်ငံ ဝန်ကြီးချုပ်၊ သြစတြေးလျနိုင်ငံ ဝန်ကြီးချုပ်၊ လူဇင်ဘတ်နိုင်ငံ ဝန်ကြီးချုပ်တို့က ဝမ်းမြောက်ကြောင်း သဝဏ်လွှာများပေးပို့

နေပြည်တော် နိုဝင်ဘာ ၂၄

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းအပေါ် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ထံသို့ မလေးရှားနိုင်ငံ ဝန်ကြီးချုပ် တန်ဆရီ မူယီဒင် မေ့ဒ် ရာဆင်၊ သြစတြေးလျနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ စကော့လ် မော်ရိဆန်၊ လူဇင်ဘတ်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဇဗီးယား ဘက်တယ်လ်တို့က ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ ပေးပို့ခဲ့သည်။

အဆိုပါသဝဏ်လွှာအပြည့်အစုံမှာ -

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ထံသို့ မလေးရှားနိုင်ငံ၊ ဝန်ကြီးချုပ် တန်ဆရီ မူယီဒင် မေ့ဒ် ရာဆင် ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

မလေးရှားဝန်ကြီးချုပ်၏ သဝဏ်လွှာတွင် မြန်မာနိုင်ငံတွင် မကြာသေးမီက ကျင်းပခဲ့သော အထွေထွေရွေးကောက်ပွဲ၌ အဆွေတော်ဦးဆောင်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ အောင်မြင်မှုရရှိခဲ့ခြင်းအပေါ် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

မြန်မာပြည်သူများအနေဖြင့် ၎င်းတို့မျှော်လင့်သည့် အနာဂတ်အား ဖော်ဆောင်နိုင်မည့် ဒီမိုကရေစီစနစ် လိုလားမှုအပေါ် အတိအလင်း ထုတ်ဖော်ပြသခဲ့ခြင်းဖြစ်ကြောင်း၊ အသစ်ပြန်လည်အပ်နှင်းလိုက်သည့် အခွင့်အာဏာသည် အဆွေတော်၏ ဦးဆောင်မှုအပေါ် ပြည်သူများ၏ ယုံကြည်ထောက်ခံမှုကို သက်သေပြခဲ့ခြင်းဖြစ်ပါကြောင်း။

ပြီးခဲ့သည့် (၅)နှစ်အတွင်း အဆွေတော်၏ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံတွင် ဖွံ့ဖြိုးတိုးတက်မှုများ ရရှိခဲ့ပါကြောင်း၊

*စာမျက်နှာ ၃ ကော်လံ ၁* ❊

# ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုမူဝါဒ လေ့လာသုံးသပ်ချက် အစီရင်ခံစာ ထုတ်ပြန်ခြင်းနှင့် High - Level Event on Promoting Responsible Investment in Myanmar သို့ တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၂၄

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းသည် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနနှင့် OECD တို့ ပူးပေါင်း၍ နော်ဝေနိုင်ငံနှင့် ဆွစ်ဇာလန်နိုင်ငံအစိုးရတို့၏ အကူအညီဖြင့် ဆောင်ရွက်သည့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုမူဝါဒ လေ့လာသုံးသပ်ချက် အစီရင်ခံစာထုတ်ပြန်ခြင်းနှင့် OECD၊ European Union၊ ILO၊ နော်ဝေနိုင်ငံ၊ ဆွစ်ဇာလန်နိုင်ငံတို့နှင့် ပူးပေါင်းဆောင်ရွက်သည့် "High-Level Event on Promoting Responsible Investment in Myanmar" အစီအစဉ်သို့ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ပြီး အဖွင့်အမှာစကား ပြောကြားသည်။

အဆိုပါအစီအစဉ်တွင် မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂသံအမတ်ကြီး Mr. Ranieri Sabatucci၊ မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်သံရုံး ဒုတိယအကြီးအကဲနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာအကြီးအကဲ Mr. Giacomo Solari၊ နော်ဝေနိုင်ငံသံရုံး

*စာမျက်နှာ ၃ ကော်လံ ၁* ❖






ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုမူဝါဒ လေ့လာသုံးသပ်ချက် အစီရင်ခံစာထုတ်ပြန်ခြင်းနှင့် High–Level Event on Promoting Responsible Investment in Myanmar သို့ ပါဝင်တက်ရောက်စဉ်။

သတင်းစဉ်


KBZ BANK

(6) CONSECUTIVE YEARS

'BANK OF THE YEAR IN MYANMAR 2018'

Awarded by Financial Times (The Banker)

မြန်မာ့အလင်း

# မေတ္တာတရား၊ ငြိမ်းချမ်းရေးနှင့် ပြည်ထောင်စု

ငြိမ်းချမ်းသည့်နိုင်ငံ၊ သာသနာရောင်ဝါထွန်းသည့်နိုင်ငံ၊ အယူဝါဒစုံတို့ အတူတကွ ပွင့်လန်းနိုင်သည့်နိုင်ငံ၊ တောင်ပေါ်မြေပြန့်မခွဲ ပြည်ထောင်စုသားအားလုံး တန်းတူညီမျှ ရှိနိုင်၊ ခံစားနိုင်ကြသည့် နိုင်ငံပေါ်ထွန်းပါစေ စသည့်ဆုတောင်းများဖြင့် ပြည်သူတို့ မျှော်လင့်နေခဲ့ကြသည်မှာ နှစ်ရှည်ကြာခဲ့ပြီ။

တောင့်တ ငံ့လင့်နေကြသည့် ဆန္ဒများ၏ အရင်းခံလိုအပ်ချက်သည် လူအချင်းချင်းကြားမှာ ရှိနေသည့် မေတ္တာတရားပေါ်တွင် များစွာ မူတည်နေသည်ဟု ဆိုချင်ပါသည်။

မေတ္တာတရားပေါ်အခြေမတည်ဘဲ ငြိမ်းချမ်းရေးတည်ဆောက်၍ ရမည်မဟုတ်ချေ။ ဒေါသများဖြင့် စစ်ပွဲများကို တိုးမြင့်တိုက်ခိုက်နေခြင်းဖြင့် ငြိမ်းချမ်းရေးပေါ်လာဖို့ နီးစပ်ပါမည်လား။ မေတ္တာမပါဘဲ၊ စာနာစိတ်မပါဘဲ ပြည်ထောင်စုသားအားလုံး တန်းတူညီမျှ ဖြစ်ရေးဟူသည် အောင်မြင်နိုင်ပါ့မည်လား။

မည်သည့် ကိုးကွယ်ယုံကြည်ရာ ဘာသာမဆို မေတ္တာတရား၏ မြင့်မြတ်ခမ်းနားမှုကို အမွှမ်းတင်ဂုဏ်ပြုကြ၊ နှလုံးသည်းပွတ်ထဲတွင် မြုပ်နှံထားကြရန် သင်ကြားဆုံးမသည် ချည်းသာတည်း။

မေတ္တာဟု ရေရွတ်မိရုံမျှနှင့်ပင် ခဏတာဖြစ်စေ ရင်ထဲငြိမ်းအေးသွားရတတ်၏။ မေတ္တာဟူသည် ဒေါသ၏ ဆန့်ကျင်ဘက်။ စစ်မက်ရန်ပြုမှုတို့၏ ဆန့်ကျင်ဘက်။ သတ္တဝါတို့ကို ကျန်းမာစေ၊ ချမ်းသာစေ၊ ကြီးပွားတိုးတက်စေ၊ စစ်ဘေး အနာရောဂါဘေး အငတ်ဘေး စသည့်ဘေးရန်တို့က ကင်းဝေးစေရန် လိုလားတောင့်တသည့် စေတနာ။ သတ္တဝါတို့၏ အကျိုးစီးပွားနှင့် ကောင်းရာမွန်ရာကို ဖြစ်စေလိုသော အဒေါသ စေတသိက်။

မေတ္တာသည် မည်မျှစင်ကြယ် မွန်မြတ်လှပါသနည်း။

ထိုစင်ကြယ်မွန်မြတ်သော သူတစ်ပါးကို ကောင်းရာမွန်ရာ ရစေလိုသည့်စိတ်၊ သူတစ်ပါးကို ကောင်းရာမွန်ရာတို့နှင့်သာ ကြုံတွေ့စေချင်သောစိတ်၊ ထိုစိတ်ကို အကြိမ်ကြိမ်အထပ်ထပ် အဖန်ဖန်အလဲလဲ ပွားများနေခြင်း၊ ထိုသို့သော မွန်မြတ်သည့်စိတ်ကိုသာ အာရုံပြု စူးစိုက်နေခြင်း။ ထိုစိတ်စေတနာကို အတွေးအာရုံတွင်းက ဖြန့်ကြက် ပို့လွှတ်ခြင်းကို မေတ္တာဘာဝနာပွားများခြင်း၊ မေတ္တာပို့သခြင်းဟု ဆို၏။

မေတ္တာဘာဝနာတွင် လည်းကောင်း၊ မေတ္တာပို့သခြင်းတွင် သော်လည်းကောင်း အာဃာတမရှိ။ ထိုသို့ပြုအပ်သော စိတ်စေတနာသည် မေတ္တာပို့နေသူအတွက်ကို ရည်ရွယ်သည်ထက် မေတ္တာပို့ခံ အများသူငါတို့အတွက်ကို ရည်ရွယ်သည်ဖြစ်၏။ မည်သူမည်ဝါ ကောင်းစားပါစေ သဗ္ဗေသတ္တာဝေနေယျာတို့ ကျန်းမာချမ်းသာကြပါစေဟူသည့် ဖြူစင်သော စိတ်သဘောထားမှာ မည်မျှလောက် မွန်မြတ်သန့်စင်လှပါသနည်း။

ယနေ့ တိုင်းရင်းသားတို့၏ အကျိုးအတွက်ဟူသည့် ကြွေးကြော်နေကြသူတိုင်း၊ ပြည်ထောင်စုသားအားလုံးအပေါ် အထက်တွင် ဆိုခဲ့သလို အမှန်တကယ်ဖြူစင်သန့်ရှင်းသော မေတ္တာကိုအရင်းခံကာ စစ်ပွဲများ ရပ်ဆိုင်းရေး၊ ငြိမ်းချမ်းရေး တည်ဆောက်ရေးတို့ကို အာရုံစူးစိုက်သင့်လှပြီ ဖြစ်ပါသည်။

အထူးသဖြင့်မူ တိုင်းရင်းသားလူမျိုးစုအားလုံးတို့၏ တန်းတူညီမျှရှိမှုကို အလေးထားသည့်၊ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု ထူထောင်နိုင်ရေးကို အလေးဂရုပြု စဉ်းစားကြရမည်ဟု ယူဆပါသည်။

မြန်မာနိုင်ငံသားအားလုံး၏ တန်းတူညီမှုကို အကောင်အထည်ဖော်နိုင်မည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်မှုကို အာမခံနိုင်သော အခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်ရေးသည် ပြည်ထောင်စုကို အမှန်တကယ် ချစ်မြတ်နိုးသူတိုင်း၊ တိုင်းရင်းသားအားလုံးတို့၏ အကျိုးစီးပွားကို အမှန်တကယ် လိုလားသူတိုင်း မေတ္တာအရင်းခံဖြင့် ပူးပေါင်းအကျိုးဆောင်ကြရန် လိုအပ်ပါမည်ဟု ယုံကြည်ပါကြောင်း။ ။

## ထူးခြားသည့် ညအပူချိန်များ

နေပြည်တော် နိုဝင်ဘာ ၂၄

ဟားခါးမြို့တွင် -၀၁ ဒီဂရီစင်တီဂရိတ်၊ ဟဲဟိုးမြို့တွင် ၅ ဒီဂရီစင်တီဂရိတ်၊ မိုင်းယန်းမြို့နှင့် ရမ်ကလောင်းတို့တွင် ၇ ဒီဂရီစင်တီဂရိတ်စီနှင့် ပူတာအိုမြို့၊ နမ့်စန်မြို့၊ ပင်လောင်းမြို့၊ မင်းတပ်မြို့၊ တီးတိန်မြို့နှင့် ပြင်ဦးလွင်မြို့တို့တွင် ၈ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ လှိုင်းဘွဲ့မြို့တွင် ၁ ဒသမ ၃၄ လက်မ၊ ကျိုက္ခမီမြို့တွင် ၀ ဒသမ ၃၉ လက်မ၊ လောင်းလုံးမြို့တွင် ၀ ဒသမ ၂၄ လက်မနှင့် မြိတ်မြို့တွင် ၀ ဒသမ ၁၆ လက်မတို့ ဖြစ်ကြသည်။

မိုး/ဇလ

## ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးကျော်မိုးထွန်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ထံ ခန့်အပ်လွှာပေးအပ်

နေပြည်တော် နိုဝင်ဘာ ၂၅

နယူးယောက်မြို့၊ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးကျော်မိုးထွန်း သည် ၎င်း၏ခန့်အပ်လွှာကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၁၉ ရက်တွင် နယူးယောက်မြို့၌ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာ အန်တိုနီရို ဂူတာရက်စ် ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။

သတင်းစဉ်




## ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ မြန်မာနိုင်ငံ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု မြှင့်တင်နိုင်ရေးနှင့် အထည်ချုပ်ကဏ္ဍ ကျွမ်းကျင်မှုမြှင့်တင်နိုင်ရေးအတွက် EUROCHAM MYANMAR မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၂၄

**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေသည် EUROCHAM MYANMAR, Garment Advocacy Group မှ Ms. Karina Uferte နှင့် Mr. Serkan Tanka တို့ ဦးဆောင်သည့်အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တွေ့ဆုံပြီး မြန်မာနိုင်ငံ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု မြှင့်တင်နိုင်ရေးနှင့် အထည်ချုပ်ကဏ္ဍ ကျွမ်းကျင်မှုမြှင့်တင်နိုင်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးသည်။** (အပေါ်ပုံ)

### များစွာလိုအပ်မည်ဖြစ်

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ကိုဗစ်-၁၉ ကာလမတိုင်ခင်က EuroCham Myanmar နှင့် တွေ့ဆုံစဉ် အကြံပြုချက်များကို အလေးထားပြီး ဆောင်ရွက်ရန်ရှိသည်များကို ဆောင်ရွက်ခဲ့သကဲ့သို့ သင်တန်းကျောင်းများ ဖွင့်လှစ်ခြင်းများ၊ အထည်ချုပ်လုပ်ငန်းရှင်များ၊ အခြားဝန်ကြီးဌာနများနှင့် ဆက်သွယ်ပေါင်းစည်း၍ဆောင်ရွက်ရမည်တို့အား ဆောင်ရွက်ခဲ့ပါကြောင်း၊ အသက်မွေးဝမ်းကျောင်းပညာ လေ့ကျင့်သင်ကြားပေးရန် Skill Development ဆိုင်ရာ အကြံပြုချက်၊ အလယ်အလတ်အဆင့် စီမံခန့်ခွဲမှုဆိုင်ရာ ကျွမ်းကျင်မှု၊ အခြားပါဝင်သက်ဆိုင်သူများနှင့် ပူးပေါင်းဆောင်ရွက်မှုစသည့် ကိစ္စရပ်များနှင့် ပတ်သက်၍ အကြံပြုချက်များ ရှိပါကြောင်း၊ အသက်မွေးဝမ်းကျောင်းပညာ လေ့ကျင့်သင်ကြားရေးနှင့် ပတ်သက်၍ ဝန်ကြီးဌာနအနေဖြင့် ကိုယ်တိုင်ဆောင်ရွက်နေသကဲ့သို့ အခြားသော အဖွဲ့အစည်းများ၊ ပုဂ္ဂလိက သင်တန်းကျောင်းများနှင့်လည်း လိုအပ်သောနေရာများတွင် ပေါင်းစပ်ပြီး ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါကိစ္စများတွင် လိုအပ်ချက်များ ဖြည့်ဆည်းရန်နှင့် ရင်းနှီးမြှုပ်နှံမှုများ များစွာလိုအပ်မည်ဖြစ်ပါကြောင်း၊ အထည်ချုပ်လုပ်ငန်းရှင်များအသင်းနှင့် အလုပ်သမားသမဂ္ဂများ ပေါင်းစပ်ပြီး အသက်မွေးဝမ်းကျောင်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျွမ်းကျင်မှုများကို မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

အဆိုပါ လုပ်ငန်းများတွင် EuroCham Myanmar မှ ပူးပေါင်းဆောင်ရွက်၍ အထောက်အကူများ ပေးစေလိုကြောင်း၊ ဒုတိယအချက်ဖြစ်သည့် အလယ်အလတ်အဆင့် စီမံခန့်ခွဲမှုဆိုင်ရာ ကျွမ်းကျင်မှုအနေဖြင့် ဝန်ကြီးဌာနအပါအဝင် အခြားဆက်စပ်ဝန်ကြီးဌာနများနှင့်လည်း ဆက်သွယ်ပူးပေါင်း၍ ရေရှည်ဆောင်ရွက်သွားရမည့်လုပ်ငန်းဖြစ်ပါကြောင်း၊ လက်ရှိအခြေအနေတွင် မြန်မာနိုင်ငံအနေဖြင့် CMP စနစ်ဖြင့် ဆောင်ရွက်နေပြီး FOB စနစ်ဖြင့် ရေရှည်ဆောင်ရွက်နိုင်ရေးအတွက် အထည်ချုပ်နည်းပညာရှင်များနှင့် ချည်မျှင်နှင့် အထည်အလိပ် အင်ဂျင်နီယာများအတွက် အဆင့်မြင့်ပညာရေးလိုအပ်ချက်အပေါ် စတင်၍ မူဝါဒများ ချမှတ်ပြီး ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့ ဝန်ကြီးဌာနအပါအဝင် အခြားဝန်ကြီးဌာနများ ဆက်သွယ်ပေါင်းစည်း၍ အောင်မြင်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ EuroCham Myanmar အနေဖြင့်လည်း အဆိုပါဆောင်ရွက်ချက်များတွင် အကြံပြုပေးစေလိုကြောင်း။

### ပူးပေါင်းဆောင်ရွက်ပေး

အကြံပြုချက် တတိယအချက်ဖြစ်သည့် အခြားပါဝင်သက်ဆိုင်သူများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း ကိစ္စတွင်လည်း လက်ရှိ အချို့ကိစ္စရပ်များ ဆောင်ရွက်နေပြီး EuroCham Myanmar မှအကြံပြုချက်များအပေါ် အခြေခံ၍ ဝန်ကြီးဌာနနှင့် အခြားဝန်ကြီးဌာန၊ အဖွဲ့အစည်းများ၊ ဖွံ့ဖြိုးရေးမိတ်ဖက်များနှင့်ပေါင်းစပ်၍ အခြားနိုင်ငံများ၏ အတွေ့အကြုံရယူပြီး ပါဝင်ပတ်သက်သူများ၊ အတွေ့အကြုံရှိသူများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းကိစ္စများကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ EuroCham Myanmar အနေဖြင့် ကောင်းမွန်သည့် အကြံဉာဏ်များ ပံ့ပိုးပေးရန်နှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ပေးစေလိုကြောင်း။

### အစီအစဉ်များ ချမှတ်

အလုပ်သမား ရေးရာဆိုင်ရာ ဥပဒေများနှင့် ပတ်သက်၍ ILO အပါအဝင် ကျွမ်းကျင်သူများနှင့် ပေါင်းစပ်၍ လွှတ်တော်အသီးသီး၏ ဆွေးနွေးဆုံးဖြတ်မှုဖြင့် ဆောင်ရွက်လျက်ရှိပြီး ဥပဒေများကိုလည်း အခြေအနေ အချိန်အခါနှင့် လျော်ညီပြီး နိုင်ငံတကာ ဥပဒေများနှင့် ကိုက်ညီမှုရှိစေရန် လိုအပ်သည်များကို ဖြည့်စွက်ပြင်ဆင်ရေးဆွဲလျက်ရှိပါကြောင်း၊ အလုပ်သမားသမဂ္ဂများနှင့် ပူးပေါင်း၍ အလုပ်သမားများအား ၎င်းတို့၏ ရပိုင်ခွင့်ရှိသော အခွင့်အရေးနှင့် လိုက်နာဆောင်ရွက်ရန် တာဝန်ရှိမှုတို့ကို ရှင်းလင်းသေချာစွာ သိရှိပြီး ပူးပေါင်းဆောင်ရွက်နိုင်စေရန် အစီအစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း။

EuroCham လုပ်ငန်းအဖွဲ့နှင့် ပုံမှန်တွေ့ဆုံခြင်းများ ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ CMP စနစ်မှ FOB စနစ်သို့ ပြောင်းလဲရေးအတွက် လိုအပ်သည့် မဟာဗျူဟာစီမံချက်များ ရေးဆွဲချမှတ်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများက အချိန်ဇယားနှင့် အကောင်အထည်ဖော်သည့် တာဝန်ခွဲဝေသတ်မှတ်မှုတို့ ပြုလုပ်ရန် လိုအပ်မည်ဖြစ်ပါကြောင်းနှင့် ပါဝင်တက်ရောက်လာကြသော အောင်မြင်သည့်ကုန်အမှတ်တံဆိပ် ပိုင်ရှင်များမှလည်း အတွေ့အကြုံများ ဖလှယ်ပေးရန်နှင့် ဝန်ကြီးဌာနမှ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် ဝန်ကြီးဌာနအားလုံးပါဝင်သည့် FOB စနစ်ပြောင်းလဲရန် လုပ်ငန်းစဉ်တစ်ရပ် ရေးဆွဲသွားရမည် ဖြစ်ပါကြောင်း၊ အထည်ချုပ်လုပ်ငန်းရှင်များအသင်း၊ UMFCCI နှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ ပါဝင်သည့် ခိုင်မာသောစီမံချက်ရေးဆွဲဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း၊ EuroCham Myanmar နှင့် ပူးပေါင်းပြီး ဝန်ကြီးဌာန ဖွံ့ဖြိုးရေးမိတ်ဖက် ပုဂ္ဂလိက သင်တန်းကျောင်းများတွင် လုပ်သားများ ကျွမ်းကျင်မှု ဖွံ့ဖြိုးရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

မကြာမီကာလတွင် ဝန်ကြီးဌာနမှ အထည်ချုပ်ကျွမ်းကျင်မှု သင်တန်းကျောင်းများ၊ ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့အစည်းများ၊ အထည်ချုပ်အသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် ပူးပေါင်း၍ ကျွမ်းကျင်မှုအဆင့်သက်မွေးပညာလေ့ကျင့်ရေးကိစ္စများ ဆွေးနွေးပြီး ဆက်လက်၍ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် EuroCham Myanmar မှ ပေးပို့ထားသည့် အကြံပြုချက်များနှင့် ပတ်သက်၍ ဝန်ကြီးဌာနနှင့် အခြားဆက်စပ် ဝန်ကြီးဌာနများ ပူးပေါင်းကာ အောင်မြင်အောင် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် EuroCham Myanmar မှ Ms. Karina Uferte နှင့် Mr. Serkan Tanka တို့က မြန်မာနိုင်ငံ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု မြှင့်တင်နိုင်ရေးနှင့် အထည်ချုပ်ကဏ္ဍ ကျွမ်းကျင်မှု မြှင့်တင်နိုင်ရေးတို့အတွက် ရင်းနှီးပွင့်လင်းစွာ ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြသည်။

သတင်းစဉ်

# ပြည်သူသာလျှင် အဓိက

❊ ရှေ့ဖုံးမှ

အသစ်ခန့်အပ်လိုက်သည့် မြန်မာအစိုးရအနေဖြင့် စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်ရေး၊ ပြည်သူများ၏ လိုလားချက်များကို ဖြည့်ဆည်းနိုင်ရေးနှင့် ငြိမ်းချမ်းသာယာဝပြောသော မြန်မာနိုင်ငံအဖြစ် ရောက်ရှိရေးတို့အား ဆက်လက်စွမ်းဆောင်နိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း။

မလေးရှားနိုင်ငံသည် အာဆီယံအဖွဲ့၏မိတ်ဖက်နှင့် အိမ်နီးချင်းနိုင်ငံ တစ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ရေး ဆက်လက်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားနှင့် သာယာဝပြောမှုအတွက် အတူတကွ စွမ်းဆောင်နိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်းစသည်ဖြင့် ထည့်သွင်းဖော်ပြထားသည်။

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ထံသို့ ဩစတြေးလျနိုင်ငံ၊ ဝန်ကြီးချုပ် မစ္စတာ စကော့လ် မော်ရီဆန်မှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့လာခြင်း

၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်သည့်ပါတီက ပြန်လည်ရွေးချယ် တင်မြှောက်ခြင်းခံရသည့်အတွက် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ရွေးကောက်ပွဲကို ငြိမ်းချမ်းစွာဆောင်ရွက်နိုင်ခဲ့သည့်အတွက် မြန်မာနိုင်ငံက ပြည်သူများကို ချီးကျူးမိပါကြောင်းနှင့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးအတွက် အရေးကြီးသော မှတ်တိုင်တစ်ခုဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲလုပ်ငန်းစဉ်တွင် ဩစတြေးလျနိုင်ငံက ကူညီထောက်ပံ့ခွင့်ရသည့်အတွက် ကျေနပ်မိပါကြောင်း၊ ဩစတြေးလျနိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် မိတ်ဖက်များအဖြစ် အချိန်ကြာမြင့်စွာ ရှိခဲ့ကြပါကြောင်းနှင့် ဩစတြေးလျနိုင်ငံတွင် တောမီးလောင်ကျွမ်းမှုအရေးကိစ္စ ဖြစ်ပေါ်ခဲ့စဉ် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ အားပေးနှစ်သိမ့်သည့် စကားများအတွက်လည်း ကျေးဇူးတင်ရှိသည်ကို ထပ်လောင်းပြောကြားလိုပါကြောင်း။

ဩစတြေးလျနိုင်ငံက အဓိကအလေးထားသည့် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်၊ လူ့အခွင့်အရေးနှင့် ဒေသတွင်း ကိုဗစ်-၁၉ ပြန်လည်ကုစားရေးတို့တွင် မြန်မာအစိုးရ၊ အဆွေတော် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်တို့နှင့်အတူလက်တွဲဆောင်ရွက်သွားရန် မျှော်လင့်ပါကြောင်း၊ အာဆီယံ-ဩစတြေးလျ ထိပ်သီးအစည်းအဝေးတွင် မိမိကြေညာခဲ့သည့်အတိုင်းပင် ဩစတြေးလျနိုင်ငံသည် နေပြည်တော်တွင် ဆက်သွယ်ရေးရုံးဖွင့်လှစ်ကာ အဆိုပါကိစ္စရပ်များတွင် မြန်မာနိုင်ငံအစိုးရနှင့် ထိတွေ့ဆက်ဆံမှုများကို ပိုမိုမြှင့်တင်သွားမည်ဖြစ်ပါကြောင်း။

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ထံသို့ လူဇင်ဘတ်နိုင်ငံ၊ ဝန်ကြီးချုပ် မစ္စတာ ဇေဗီးယား ဘက်တယ်လ် ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် စနစ်တကျ ပိုင်နိုင်စွာ ကျင်းပပြုလုပ်ခဲ့သည့် အထွေထွေရွေးကောက်ပွဲတွင် အောင်မြင်မှုရရှိခဲ့သော အဆွေတော်နှင့် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီတို့အတွက် လူဇင်ဘတ်အစိုးရကိုယ်စား မိမိမှ များစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

မြန်မာနိုင်ငံ၏ ဒီမိုကရေစီလုပ်ငန်းစဉ်နှင့် လူမှု-စီးပွားဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်မှုများတွင် မြန်မာနိုင်ငံအတွင်းနေထိုင်သူအားလုံး ပါဝင်နိုင်ရေးအတွက် လူဇင်ဘတ်နိုင်ငံနှင့် ဥရောပသမဂ္ဂတို့အနေဖြင့် ဆက်လက်ပံ့ပိုးကူညီပေးသွားမည် ဖြစ်ပါကြောင်း။

လာမည့်နှစ်များအတွင်း မြန်မာ-လူဇင်ဘတ် နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုများ ဆက်လက်ခိုင်မာလာကာ၊ နိုင်ငံရေးနှင့် စီးပွားရေးဆက်ဆံဆောင်ရွက်မှုများသည်လည်း ပိုမိုခိုင်မြဲလာမည်ဟု ယုံကြည်ပါကြောင်း။

---

❖ ရှေ့ဖုံးမှ

ယာယီတာဝန်ခံ Ms. Lise Nordgaard တို့ကလည်း အဖွင့်အမှာစကား ပြောကြားကြသည်။

မြန်မာနိုင်ငံသည် OECD နှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည့် ရင်းနှီးမြှုပ်နှံမှုမူဝါဒ လေ့လာသုံးသပ်ချက်ကို ၂၀၁၄ ခုနှစ်တွင် ပထမအကြိမ် ထုတ်ပြန်ခဲ့သည်။ ထိုသို့ထုတ်ပြန်ခဲ့ပြီးနောက် ခြောက်နှစ်တာကာလအတွင်း ရင်းနှီးမြှုပ်နှံမှုဝန်းကျင်တွင် သိသာထင်ရှားသည့် တိုးတက်မှုများရရှိအောင် ဆောင်ရွက်နိုင်ခဲ့သည်။

**အကြံပြုချက်များကို ပံ့ပိုး**

ဒုတိယအကြိမ် OECD ၏ ရင်းနှီးမြှုပ်နှံမှုမူဝါဒ လေ့လာသုံးသပ်ချက်သည် အစိုးရအား ရင်းနှီးမြှုပ်နှံမှုဝန်းကျင်အသစ်အတွက် အခြေခံကောင်းများ၊ အရည်အသွေးပြည့်ဝသည့် အလုပ်သမားဆိုင်ရာစံနှုန်းများကို ချမှတ်ရာတွင် များစွာအထောက်အကူပြုသည့်အပြင် မြန်မာနိုင်ငံတွင် တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုဝန်းကျင်သစ်ကိုဖြစ်စေရန် ဘက်စုံမူဝါဒ လေ့လာသုံးသပ်ချက်များနှင့် အကြံပြုချက်များကို ပံ့ပိုးပေးသည်။

**၄၀၀ ခန့် တက်ရောက်**

အဆိုပါအခမ်းအနားသို့ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗရတ်ဆင်း၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်အဖွဲ့ဝင်များ၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးအောင်နိုင်ဦး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်နှင့် အစိုးရဌာနဆိုင်ရာ အရာရှိကြီးများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ ကိုယ်စားလှယ်များ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ သတင်းမီဒီယာများမှ တာဝန်ရှိသူများ စုစုပေါင်း ၄၀၀ ခန့် တက်ရောက်ကြသည်။

**သတင်းစဉ်**

---

## အရှေ့တောင်အာရှ အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ်၏ (၁၇) ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးနှင့် side events များသို့ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ပါဝင်တက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၂၄**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က တင်းပြည့်အဖွဲ့ဝင်အဖြစ်ပါဝင်သည့် အရှေ့တောင်အာရှ အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ် (Southeast Asia National Human Rights Institutions Forum –SEANF)၏ (၁၇)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးနှင့် Webinar on National and International Initiatives on Torture Prevention၊ Online Dialogue on Statelessness Issues in Sabah တို့ကို ၂၀၂၀ ပြည့်နှစ်အတွက် ဖိုရမ်၏အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိသော အင်ဒိုနီးရှားနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် (Komnas HAM)ကဦးဆောင်၍ နိုဝင်ဘာ ၂၄ ရက်မှ ၂၆ ရက်အထိ virtual online conferencing စနစ် အသုံးပြု၍ ကျင်းပလျက်ရှိသည်။



အဆိုပါဖိုရမ်၏ နှစ်ပတ်လည်အစည်းအဝေးနှင့် side events များသို့ ဖိုရမ်အဖွဲ့ဝင် အင်ဒိုနီးရှားနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ထိုင်းနိုင်ငံ၊ တီမောလက်စ်တေနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ အမျိုးသား လူ့အခွင့်အရေးအဖွဲ့အစည်းများမှ ကော်မရှင်ဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များနှင့် ဝန်ထမ်းများ ပါဝင်တက်ရောက်ကြပြီး မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်ဥက္ကဋ္ဌ ဦးလှမြင့်၊ ဒုတိယဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ရုံးဝန်ထမ်းများ ပါဝင်တက်ရောက်ကြသည်။ **(အပေါ်ပုံ)**

ဖိုရမ်၏ နှစ်ပတ်လည်အစည်းအဝေးတွင် ဖိုရမ်၏ (၁၆) ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးအပြီး ဖိုရမ်အဖွဲ့ဝင် အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများ၏ လူ့အခွင့်အရေးနှင့်စပ်လျဉ်းသည့် ဆောင်ရွက်ချက်များနှင့် တိုးတက်အောင်မြင်မှုများ၊ ဖိုရမ်၏ Guidelines for use of SEANF social media platform အတည်ပြုချမှတ်ခြင်းကိစ္စ၊ စီးပွားရေးလုပ်ငန်းနှင့် လူ့အခွင့်အရေးဘာသာရပ်နှင့်စပ်လျဉ်း၍ ဖိုရမ်အဖွဲ့ဝင်များအကြား အတွေ့အကြုံကောင်းများ မျှဝေဆွေးနွေးခြင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားနေသည့် ကာလအတွင်း ရွှေ့ပြောင်းအလုပ်သမားများနှင့် ၎င်းတို့၏ မိသားစုဝင်များ၏ အခြေအနေနှင့် စပ်လျဉ်းသည့် ဖိုရမ်၏ ထုတ်ပြန်ချက်ကို အတည်ပြုချမှတ်ခြင်း၊ ဖိုရမ်၏အမြဲတမ်းအတွင်းရေးမှူးချုပ်ရုံး (Permanent Secretariat) တည်ထောင်ရေးကိစ္စရပ်များ၊ လူ့အခွင့်အရေးနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များကို ဆွေးနွေးကြမည်ဖြစ်သည်။

ဖိုရမ်နှစ်ပတ်လည်အစည်းအဝေးကာလအတွင်း ဖိုရမ်အဖွဲ့ဝင် အမျိုးသား လူ့အခွင့်အရေးကော်မရှင်များနှင့် အာဆီယံအစိုးရချင်းဆိုင်ရာ လူ့အခွင့်အရေးကော်မရှင် (ASEAN Inter–governmental Commission on Human Rights–AICHR) တို့၏ အလွတ်ဆွေးနွေးပွဲတစ်ရပ်ကို နိုဝင်ဘာ ၂၅ ရက် နံနက်ပိုင်းတွင် ထည့်သွင်းကျင်းပမည်ဖြစ်သည်။ ယင်းဆွေးနွေးပွဲသည် ဒေသအဆင့် လူ့အခွင့်အရေးဆိုင်ရာ အဖွဲ့နှစ်ဖွဲ့ဖြစ်သည့် SEANF နှင့် AICHR တို့အကြား ပထမဦးဆုံးကျင်းပသည့် အစည်းအဝေးဖြစ်သည်။

ဖိုရမ်၏ နှစ်ပတ်လည်အစည်းအဝေးနှင့် side events များကို နိုဝင်ဘာ ၂၆ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး နှစ်ပတ်လည်အစည်းအဝေးအပြီးတွင် ဖိုရမ်၏ ၂၀၂၁ ခုနှစ်အတွက် အလှည့်ကျ ဥက္ကဋ္ဌတာဝန်ကို အင်ဒိုနီးရှားနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ မလေးရှားနိုင်ငံ လူ့အခွင့်အရေးကော်မရှင်သို့ လွှဲပြောင်းပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အမျိုးသားကျန်းမာရေးစီမံကိန်း (၂၀၁၇-၂၀၂၁) အကောင်အထည်ဖော်ခြင်း ဆန်းစစ်သုံးသပ်မှုတင်ပြဆွေးနွေးခြင်း အစည်းအဝေးကျင်းပ

**နေပြည်တော်  နိုဝင်ဘာ  ၂၄**



အမျိုးသားကျန်းမာရေးစီမံကိန်း (၂၀၁၇-၂၀၂၁) အကောင်အထည်ဖော်ခြင်း ဆန်းစစ်သုံးသပ်မှု တင်ပြဆွေးနွေးခြင်း အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက လူတိုင်းလက်လှမ်းမီလွှမ်းခြုံနိုင်သော ကျန်းမာရေးစောင့်ရှောက်မှု (Universal Health Coverage) ကို ရရှိနိုင်ရေးအတွက် ကမ္ဘာတစ်ဝန်းမှ ဝင်ငွေနည်းပါးသောနိုင်ငံများနှင့် ဝင်ငွေအလယ်အလတ်ရှိသော နိုင်ငံများ (low and middle income countries) က ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး မိမိတို့နိုင်ငံတွင်လည်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ နှီးနွှယ်ဝန်ကြီးဌာနများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ လက်တွဲကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် အမျိုးသားကျန်းမာရေးစီမံကိန်း (၂၀၁၇-၂၀၂၁) ကို (၂၀၁၆) ခုနှစ်တွင် ရှိခဲ့သော ကျန်းမာရေးအခြေခံအဆောက်အဦများ၊ လူ့စွမ်းအားအရင်းအမြစ်၊ ဘဏ္ဍာနှစ်အလိုက် ကျန်းမာရေးဘဏ္ဍာငွေရရှိမှု၊ ပြည်သူလူထု၏ ကျန်းမာရေးအဆင့်အတန်း၊ ကျန်းမာရေးဝန်ဆောင်မှုစနစ်၏ စွမ်းဆောင်နိုင်မှု အရည်အသွေးအခြေအနေ၊ နိုင်ငံ၏စီးပွားရေးအခြေအနေစသည်များကို နောက်ခံထား၍ ရေးဆွဲခဲ့ခြင်း ဖြစ်ပါကြောင်း။

ဤအမျိုးသားကျန်းမာရေးစီမံကိန်း၏ ထူးခြားချက်မှာ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (Myanmar Sustainable Development Plan (2018–2030)) နှင့် သဟဇာတဖြစ်ရန် ရေးဆွဲခဲ့သည့်အပြင် နိုင်ငံတော်အကြီးအကဲများ၏ မူဝါဒပိုင်းဆိုင်ရာ ပြောကြားချက်များကိုလည်း စဉ်းစားထည့်သွင်းရေးဆွဲခဲ့သဖြင့် လက်တွေ့ကျသော စီမံကိန်းကြီး ဖြစ်ပါကြောင်း။

ထို့ပြင် မြန်မာနိုင်ငံတွင် လူတိုင်းလက်လှမ်းမီ လွှမ်းခြုံနိုင်သော ကျန်းမာရေးစောင့်ရှောက်မှု (Universal Health Coverage) ၏ ရည်မှန်းချက်များ (၂၀၃၀) ခုနှစ်တွင် အတိုင်းအတာတစ်ခုအထိ ရရှိနိုင်ရန်အတွက် (၅) နှစ် သက်တမ်းစီရှိသည့် အမျိုးသားကျန်းမာရေးစီမံကိန်း(၃)ကြိမ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

အမျိုးသားကျန်းမာရေးစီမံကိန်း (၂၀၁၇-၂၀၂၁) အသိပေးခြင်းအခမ်းအနားကို (၂၀၁၇) ခုနှစ်၊ မတ် (၃၁) ရက်တွင် ပြုလုပ်ခဲ့ပြီး အခမ်းအနားတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က "ပြည်သူများ၏ ကျန်းမာရေးကောင်းမွန်ခြင်းသည် နိုင်ငံတစ်ခုအတွက်အကောင်းဆုံး လာဘ်လာဘဖြစ်ကြောင်း"၊ "ပြည်သူပြည်သားများ၏ ကျန်းမာရေးသည် မြန်မာနိုင်ငံ၏ အဖိုးမဖြတ်နိုင်သော သယံဇာတတစ်ခုဖြစ်ကြောင်း"၊ "အမျိုးသားကျန်းမာရေးစီမံကိန်း (၂၀၁၇-၂၀၂၁) သည် ပြည်သူကို အခြေပြုသောစီမံကိန်းဖြစ်ပြီး လူတိုင်းလက်လှမ်းမီ လွှမ်းခြုံနိုင်သော ကျန်းမာရေးကို ဦးတည်ရမည်ဖြစ်ကြောင်း"၊ "ပြည်သူပြည်သားများက မိမိကိုယ်တိုင်၏ ကျန်းမာရေးအတွက် ကိုယ်တိုင်တာဝန်ယူရမည်ဖြစ်ကြောင်း"တို့ကို မိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့ပါကြောင်း။

အဆိုပါမိန့်ခွန်းတွင်ပါဝင်သောအချက်များကို ဦးတည်၍ အမျိုးသားကျန်းမာရေးစီမံကိန်းကို ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ကိုယ်တိုင်တာဝန်ယူရမည်ဆိုခြင်းမှာ ပြည်သူတစ်ဦးချင်းအနေဖြင့် မိမိကိုယ်ကို ကျန်းမာစေရန်အတွက် "ကျန်းမာသော လူနေမှုပုံစံ (Healthy lifestyle) ဖြင့် နေထိုင်ခြင်း"၊ "ကိုယ်လက်လှုပ်ရှားဆေးတစ်ပါး (Exercise is Medicine) ဆောင်ပုဒ်နှင့်အညီ ကိုယ်လက်လှုပ်ရှား အားကစားပြုလုပ်ခြင်း"နှင့် "ရောဂါကာကွယ်ရေး နည်းလမ်းများကို လိုက်နာကျင့်သုံးခြင်း" တို့ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ပြည်သူများအတွက် ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဝန်ဆောင်မှုများကို အရှိန်အဟုန်မြှင့်၍ ပံ့ပိုးဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း။

အမျိုးသားကျန်းမာရေးစီမံကိန်း၏ အခြေခံအုတ်မြစ်အဖြစ် နိုင်ငံသားအားလုံးအတွက် အခြေခံကျသည့် မရှိမဖြစ် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်း (Basic Essential Package of Health Services) များကို နိုင်ငံသားအားလုံး ငွေကုန်ကြေးကျနည်းပါးစွာဖြင့် ရရှိစေရေးအတွက် ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ အခက်အခဲများနှင့် အခြေအနေအကြောင်းကြောင်းကြောင့် အမျိုးသားကျန်းမာရေးစီမံကိန်းပါ လုပ်ငန်းများအား အလုံးစုံပြီးမြောက်နိုင်ခြင်း မရှိသော်လည်း ဆန်းစစ်သုံးသပ်ချက်များအရ လမ်းကြောင်းမှန်ပေါ် ရောက်ရှိနေပြီဟု ဆိုနိုင်ပါကြောင်း။

ယနေ့ အစည်းအဝေး၌ ဆွေးနွေးကြရာတွင် အမျိုးသားကျန်းမာရေးစီမံကိန်း (၂၀၁၇-၂၀၂၁) ကို အကောင်အထည်ဖော်ရာ၌ လုပ်ငန်းများဆောင်ရွက်ထားရှိမှုအခြေအနေ၊ ရည်မှန်းချက်အတိုင်း ရရှိမှု ရှိ/ မရှိ၊ ကြုံတွေ့ရသော စိန်ခေါ်မှုများနှင့် ကျော်လွှားဖြေရှင်းနိုင်မှု အခြေအနေ၊ ပြုပြင်မွမ်းမံရန် လိုအပ်မည့် အချက်များကို ဘက်ပေါင်းစုံမှ ရှုမြင်သုံးသပ်ချက်များ၊ ဆောင်ရွက်ရန် ကျန်ရှိနေမှုများကို တွေ့ရှိခဲ့ရသော အတွေ့အကြုံပေါ်မူတည်၍ မည်သည့်ပုံစံဖြင့် ဆက်လက်ဆောင်ရွက်သင့်သည်တို့ကို ဆွေးနွေးကြရမည်ဖြစ်ပါကြောင်း။

ထိုသို့ဆွေးနွေးရာ၌ လက်ရှိတွင် အသုံးပြုနေသော လုပ်ငန်းဆောင်ရွက်မှုနှင့် အောင်မြင်မှုအခြေအနေပြ အညွှန်းကိန်း (indicator/ parameter) များကို ထပ်မံတိုးချဲ့ရန် (သို့မဟုတ်) လျှော့ချရန်တို့ကိုလည်း စဉ်းစားရမည်ဖြစ်ပါကြောင်း၊ ယခုအခါ အမျိုးသားကျန်းမာရေးမူဝါဒ (National Health Policy) ကို အသစ်ပြန်လည် ရေးဆွဲခြင်းလုပ်ငန်းမှာ (၈၀)ရာခိုင်နှုန်း ကျော်ပြီးစီးနေပြီဖြစ်ပြီး ထပ်မံရေးဆွဲမည့် အမျိုးသားကျန်းမာရေးစီမံကိန်း (၂၀၂၁-၂၀၂၅) တွင် အဆိုပါမူဝါဒကို မှီငြမ်း၍လည်း ရေးဆွဲရမည်ဖြစ်ပါကြောင်း။

ထို့ပြင် ဝန်ကြီးဌာန၏ ကျန်းမာရေးစီမံချက် (Health program) (၄၀) ကျော်၏လုပ်ငန်းများ၊ ဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်နေသည့် အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ချိတ်ဆက်မှုများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ တိုင်းရင်းသားကျန်းမာရေးအဖွဲ့အစည်း (Ethnic Health Organization) များနှင့် ပြည်သူများ၏ အခန်းကဏ္ဍများလည်း ပါဝင်ရမည်ဖြစ်ပါကြောင်း၊ အမျိုးသားကျန်းမာရေးစီမံကိန်း (၂၀၁၇-၂၀၂၁) လုပ်ငန်းများကို ဆန်းစစ်သုံးသပ်ရာတွင် ကျန်းမာရေးစနစ်ကောင်း တစ်ခုထူထောင်ရန် ပြီးစီးမှုအတိုင်းအတာ၊ နိုင်ငံသားအားလုံးအတွက် အခြေခံကျသည့် မရှိမဖြစ် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ (Basic Essential Package of Health Services) ရရှိနေမှု အတိုင်းအတာတို့ကို ကိန်းဂဏန်းများဖြင့်သာမက ထိရောက်မှု အနေအထားဖြင့်ပါ တိုင်းတာဆန်းစစ်ရမည်ဖြစ်ပါကြောင်း၊ အလားတူ ကျန်းမာရေးစောင့်ရှောက်မှုခံယူသူများ၏ အမြင်နှင့် ၎င်းစီမံကိန်းလုပ်ငန်းများကြောင့် ရောဂါ ဖြစ်ပွားမှုနှုန်းနှင့် သေဆုံးမှုနှုန်းကျဆင်းမှုအပေါ် သက်ရောက်မှုကိုလည်း ဆန်းစစ်သုံးသပ်ရမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၌ (၂၀၁၆) မှ (၂၀၁၈) ခုနှစ်အတွင်း ကိုယ်တိုင်ကျခံသုံးစွဲရသော ကျန်းမာရေးအသုံးစရိတ် (out of pocket expenditure) သည် (၇၆) ရာခိုင်နှုန်းခန့်ရှိနေသဖြင့် မိမိတို့အနေဖြင့် လျှော့ချရန်အတွက် ကြိုးစားဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ထိုသို့ လျှော့ချရန်ဆောင်ရွက်ရာ၌ နိုင်ငံတော်၏ ကျန်းမာရေးအသုံးစရိတ်တိုးမြှင့်ခြင်းသည် တစ်စိတ်တစ်ပိုင်းသာဖြစ်ပြီး လူတိုင်းလက်လှမ်းမီ လွှမ်းခြုံနိုင်သော ကျန်းမာရေးစောင့်ရှောက်မှု၏ ရည်မှန်းချက်ဖြစ်သည့် ဆေးကုသမှုစရိတ်ဆိုင်ရာ ငွေရေးကြေးရေးအကာအကွယ်ပေးမှု (financial protection) ကို ရရှိရန်မှာ အမျိုးသားကျန်းမာရေးအာမခံ (National Health Insurance) စနစ်ကောင်းတစ်ခု ပေါ်ပေါက်လာရန်ဖြစ်ပါကြောင်း။

ဝန်ကြီးဌာနအနေဖြင့် အမျိုးသားကျန်းမာရေးအာမခံဥပဒေ (မူကြမ်း) ကိုလည်း အမျိုးသားလွှတ်တော်သို့ ရှင်းလင်းတင်ပြခဲ့ပြီးဖြစ်ပါကြောင်း၊ အမျိုးသားကျန်းမာရေးအာမခံစနစ် ပေါ်ပေါက်လာရေးလုပ်ငန်းများ ပိုမိုမြန်ဆန်စေရေးအတွက် အဖွဲ့တစ်ခုဖွဲ့စည်းကာ လုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်စဉ်ကြောင့် ကျန်းမာရေးကဏ္ဍအပေါ်၌ ကာလတိုနှင့်ကာလရှည် အနုတ်လက္ခဏာဆောင်သော အကျိုးသက်ရောက်မှုများရှိနေပါကြောင်း၊ မိမိတို့အနေဖြင့် အဆိုပါအကျိုးသက်ရောက်မှုများမှ ကျန်းမာရေးကဏ္ဍတိုးတက်ရေးအတွက် အခွင့်အလမ်းများရှာဖွေ၍ မဖြစ်မနေ ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

ဤ ကိုဗစ်-၁၉ ဖြစ်စဉ်ကာလ၌လည်း ဝန်ကြီးဌာန၏ ကျန်းမာရေးစီမံချက် (၄၀) ကျော်၏ လုပ်ငန်းများကိုလည်း လစ်ဟာလျော့ဆင်းမှုမရှိစေရေး ကြိုးပမ်းဆောင်ရွက်စေလိုပါကြောင်း၊ ယခု ဆွေးနွေးပွဲတွင် ဆွေးနွေးချက်များ၊ အကြံပြုချက်များနှင့် သုံးသပ်ချက်များကို ဝန်ကြီးဌာနမှ အလေးအနက်ထားစဉ်းစားကာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ထို့နောက် အမျိုးသားကျန်းမာရေးစီမံကိန်း လက်တွေ့အကောင်အထည်ဖော်ခြင်းဆိုင်ရာ စောင့်ကြပ်ကြည့်ရှုရေးအဖွဲ့မှ လက်ထောက်အတွင်းဝန် ဒေါက်တာသန့်စင်ထူးက အမျိုးသားကျန်းမာရေးစီမံကိန်း (၂၀၁၇-၂၀၂၁) အကောင်အထည်ဖော်ဆောင်ခြင်း ဆန်းစစ်သုံးသပ်မှုများအား ရှင်းလင်းတင်ပြရာတွင် အမျိုးသားကျန်းမာရေးစီမံကိန်း (၂၀၁၇-၂၀၂၁) ကို နိုင်ငံသားများလိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုကို လက်လှမ်းမီရရှိရေးနှင့် ဆေးကုသမှုအတွက် ငွေကြေးဒုက္ခရောက်မှုတို့ကို တတ်နိုင်သမျှကာကွယ်ရေး လိုအပ်သည့် အခြေခံများအတွက် ရေးဆွဲဆောင်ရွက်ခဲ့မှု၊ ကနဦးဆန်းစစ်တွေ့ရှိမှုများအရ (၂၀၂၀) ပြည့် နှစ်တွင် (၂၀၁၁) ပြည့်နှစ်နှင့် နှိုင်းယှဉ်ပါက လူတိုင်းလက်လှမ်းမီ လွှမ်းခြုံနိုင်သော ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အတိုင်းအတာများ (၂) ဆခန့်အထိ မြင့်မားတိုးတက်လာသည်ကို တွေ့ရှိရမှု၊ ရောဂါသုံးခု တိုက်ဖျက်ရေးလုပ်ငန်းများတွင် အောင်မြင်မှုများ၊ ကျန်းမာရေးဝန်ဆောင်နိုင်စွမ်း အဆင်သင့်ဖြစ်မှု (supply side readiness for UHC) သည်လည်း ပဋိပက္ခဖြစ်ပွားနေသော နေရာဒေသနှင့် ဝေးလံခေါင်သီဒေသများမှလွဲ၍ ကျန်နေရာဒေသများတွင် တိုးတက်လာမှု၊ နိုင်ငံသားအားလုံးအတွက် အခြေခံကျသည့် မရှိမဖြစ် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် ဖြည့်ဆည်းဆောင်ရွက်ခဲ့မှု၊ အားလုံးပါဝင်သော မြို့နယ်ကျန်းမာရေးစီမံကိန်း (Inclusive township health plan) များ ရေးဆွဲခဲ့မှု၊ အမျိုးသားကျန်းမာရေးအသုံးစရိတ်မှတ်တမ်း (National Health Account) (၂၀၁၆-၂၀၁၈) ကို ပြုစုထုတ်ဝေခဲ့မှု၊ အမျိုးသားကျန်းမာရေးအာမခံဥပဒေ (မူကြမ်း) ကို အမျိုးသားလွှတ်တော်တွင် ရှင်းလင်းဆွေးနွေးနိုင်ခဲ့မှု၊ အမျိုးသားကျန်းမာရေးအာမခံစနစ် အကောင်အထည်ဖော်ရေးအတွက် ကျန်းမာရေးစောင့်ရှောက်မှုများကို ဗျူဟာမြောက်ဝယ်ယူခြင်း(strategic purchasing) အား ကနဦးဆန်းစစ်မှုများ ပြုလုပ်နေမှုအပါအဝင် လုပ်ငန်းများစသည့် အခြေအနေများကို အသေးစိတ်ရှင်းလင်းတင်ပြပြီး ဆောင်ရွက်ရန်ကျန်ရှိနေသည့် လုပ်ငန်းများနှင့် ရှေ့ဆက်လက်ဆောင်ရွက်ရန်လုပ်ငန်းများကို တင်ပြသည်။

ထို့နောက် ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ကုသရေးဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေး ဦးစီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ဆေးသုတေသနဦးစီးဌာနနှင့် အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ ပြည်သူ့ကျန်းမာရေးတက္ကသိုလ်နှင့် အခြေခံကျန်းမာရေးတက္ကသိုလ်တို့မှ ပါမောက္ခချုပ်များ၊ တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများ၊ ဆေးတက္ကသိုလ်များမှ ကာကွယ်ရေးနှင့် လူမှုရေးဆေးပညာဌာနမှူးများ၊ ကျန်းမာရေးစီမံချက်မန်နေဂျာများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ဌာနေကိုယ်စားလှယ်နှင့် တာဝန်ရှိသူများ၊ World Bank၊ ADB၊ CPI၊ USAID၊ FCDO UK နှင့် မိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက ဆွေးနွေးအကြံပြုမှုများပြုလုပ်ခဲ့ရာတွင် -ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲရေးဆိုင်ရာ ကိစ္စရပ်များ၊ တိုင်းဒေသကြီး/ ပြည်နယ်များ လုပ်ပိုင်ခွင့်များ ပိုမိုပေးအပ်နိုင်ရန် ကိစ္စရပ်များ၊ ကျေးရွာကျန်းမာရေး ကော်မတီ/ လူထုအခြေပြုကျန်းမာရေး လုပ်ငန်းအဖွဲ့များ၏ အခန်းကဏ္ဍ၊ လူထုအခြေပြု ကျန်းမာရေး လုပ်သားမူဝါဒ (၂၀၂၀) ကို ရေးဆွဲနိုင်ခဲ့မှုနှင့် အကောင်အထည်ဖော်ခြင်းကိစ္စရပ်များ၊ လူထုအခြေပြုကျန်းမာရေးလုပ်သားများနှင့် ပတ်သက်၍ သုတေသနများ ပြုလုပ်ထားရှိမှု၊ ပြည်သူလူထုအကြား လူတိုင်းလက်လှမ်းမီလွှမ်းခြုံနိုင်သော ကျန်းမာရေးစောင့်ရှောက်မှု (UHC) ပတ်သက်၍ ပိုမိုသိရှိနားလည်လာရေးနှင့် ပြည်သူများ၏အမြင်များ ပိုမိုသိရှိနိုင်ရေးကိစ္စရပ်များ၊ အခြေခံအဆောက်အဦများဆိုင်ရာ ရေရှည်စီမံကိန်းများ ချမှတ်ဆောင်ရွက်ရန်ကိစ္စရပ်များ၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မူဝါဒများနှင့်အညီ ဆောင်ရွက်နေမှုများ၊ ပဏာမကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေးနှင့် မကူးစက်တတ်သော ရောဂါများ ကာကွယ်နှိမ်နင်းရေးကိစ္စရပ်များ၊ မကူးစက်နိုင်သော ရောဂါများဆိုင်ရာ ကျန်းမာရေးဝန်ဆောင်နိုင်စွမ်း အဆင်သင့်ဖြစ်မှု ကနဦးဆန်းစစ်မှုလုပ်ငန်းများ ဆောင်ရွက်မည့်အစီအစဉ်၊ ကျန်းမာရေးစီမံကိန်းလုပ်ငန်းများဆောင်ရွက်ရာတွင် တိုင်းရင်းသားကျန်းမာရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှု၊ လူတိုင်းလက်လှမ်းမီလွှမ်းခြုံနိုင်သော ကျန်းမာရေးစောင့်ရှောက်မှုအထိမ်းအမှတ်နေ့ (UHC Day) ကျင်းပရန် အကြံပြုချက်များ၊ အမျိုးသားကျန်းမာရေးစီမံကိန်း(၂၀၂၁-၂၀၂၅)ရေးဆွဲရာတွင် ထည့်သွင်းသင့်သည့်အချက်များ စသည်တို့ကို အသီးသီး ဆွေးနွေးအကြံပြုခဲ့ကြသည်။

ထို့နောက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က အမျိုးသားကျန်းမာရေးအာမခံဥပဒေ ခိုင်မာစွာ ပေါ်ပေါက်လာရေးသည် အရေးကြီးသည့်အတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် အမြဲတမ်းအတွင်းဝန်ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းက လူတိုင်းလက်လှမ်းမီလွှမ်းခြုံနိုင်သော ကျန်းမာရေးစောင့်ရှောက်မှု(UHC)ဆိုင်ရာ ကိစ္စရပ်များကို ဝန်ကြီးဌာနမှ တက္ကသိုလ်အသီးသီးရှိ ဘွဲ့ကြိုနှင့် ဘွဲ့လွန်သင်တန်းများတွင် ပိုမိုထည့်သွင်းသင်ကြားဆွေးနွေးရန်တို့ကို မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ယခုကဲ့သို့ ဆွေးနွေးအကြံပြုမှုများသည် အမျိုးသားကျန်းမာရေးစီမံကိန်း (၂၀၂၁-၂၀၂၅) ရေးဆွဲရန်များစွာ အထောက်အကူပြုမည်ဖြစ်သဖြင့် ကျေးဇူးတင်ရှိပါကြောင်း၊ ကျန်းမာရေးကိစ္စရပ်များနှင့်ပတ်သက်၍ ပြည်သူများ၏ အမြင်များကို ယခုထက်ပိုမိုသိရှိနိုင်ရန်အတွက် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ပြည်သူ့ကျန်းမာရေးဆွေးနွေးပွဲ (People Health Assembly) များ ပြုလုပ်သွားစေလိုပါကြောင်း။

ထိုသို့ပြုလုပ်ရန်အတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ကျွမ်းကျင်မှုပိုင်းဆိုင်ရာ အကြံပြုမှုများ ပေးအပ်စေလိုပါကြောင်း၊ နိုင်ငံတကာနှင့်ပြည်တွင်း အစိုးရမဟုတ်သော အဖွဲ့အစည်းများ (INGOs and NGOs) များ အနေဖြင့်လည်း မကူးစက်နိုင်သောရောဂါကာကွယ်နှိမ်နင်းရေးဆိုင်ရာလုပ်ငန်းများတွင် ပိုမိုပံ့ပိုးဆောင်ရွက်ကြစေလိုပါကြောင်း၊ ယခု အမျိုးသားကျန်းမာရေးစီမံကိန်း (၂၀၁၇-၂၀၂၁) ကာလအတွင်းတွင် ဆောင်ရွက်ရန် ကျန်ရှိသည့်လုပ်ငန်းများကို အတတ်နိုင်ဆုံး ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ အမျိုးသားကျန်းမာရေးစီမံကိန်း (၂၀၂၁-၂၀၂၅) ကို ရေးဆွဲရာတွင် ဘက်ပေါင်းစုံပါဝင်စေရေး (all inclusive) အတွက် ဝိုင်းဝန်းအကြံပြုကာ ရေးဆွဲသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

**သတင်းစဉ်**

# ၂၀၂၀ လန်ချန်း- မဲခေါင် မီဒီယာပူးပေါင်းဆောင်ရွက်မှု အွန်လိုင်းထိပ်သီးအစည်းအဝေး ကျင်းပ



တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအတွင်းရေးမှူးအဖွဲ့ဝင်နှင့် ပြည်သူ့ရေးရာဌာနအကြီးအကဲ မစ္စတာဟွန်ကွင်းမင့် အမှာစကားပြောကြားစဉ်။




ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ၂၀၂၀ လန်ချန်း- မဲခေါင်မီဒီယာ ပူးပေါင်းဆောင်ရွက်မှု အွန်လိုင်းထိပ်သီးအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် နိုဝင်ဘာ ၂၄**

၂၀၂၀ လန်ချန်း- မဲခေါင်မီဒီယာ ပူးပေါင်းဆောင်ရွက်မှု အွန်လိုင်းထိပ်သီးအစည်းအဝေး (2020 Mekong – Lancang Cooperation Media Online Summit) ကို ယနေ့တွင် မဲခေါင်- လန်ချန်းဒေသနိုင်ငံများဖြစ်သည့် တရုတ်၊ မြန်မာ၊ ကမ္ဘောဒီးယား၊ ထိုင်း၊ လာအိုနှင့် ဗီယက်နမ်နိုင်ငံတို့ ပူးပေါင်း၍ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

အဆိုပါ အစည်းအဝေးသို့ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ်များအဖြစ် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ ပါဝင်တက်ရောက်ကြသည်။

အစည်းအဝေးတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအတွင်းရေးမှူးအဖွဲ့ဝင်နှင့် ပြည်သူ့ရေးရာဌာနအကြီးအကဲ မစ္စတာ ဟွန်ကွင်းမင့်က အဖွင့် အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အဖွင့်အမှာစကား ပြောကြားရာတွင် လန်ချန်း- မဲခေါင် ပူးပေါင်းဆောင်ရွက်မှုသည် အဓိကအားဖြင့် မဏ္ဍိုင်သုံးခုအပေါ် အခြေခံပါကြောင်း၊ ပထမမဏ္ဍိုင်သည် နိုင်ငံရေးနှင့် လုံခြုံရေး ပူးပေါင်းဆောင်ရွက်မှု၊ ဒုတိယမဏ္ဍိုင်သည် စီးပွားရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် ပူးပေါင်းဆောင်ရွက်မှု၊ တတိယမဏ္ဍိုင်သည် လူမှုရေး၊ ယဉ်ကျေးမှုနှင့် ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုတို့ ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့ မီဒီယာကဏ္ဍက တတိယမဏ္ဍိုင်ထဲတွင် ပါဝင်ပါကြောင်း။

လန်ချန်း-မဲခေါင်ဒေသနိုင်ငံများ၏မီဒီယာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများသည် အပြန်အလှန်ဆက်သွယ်မှုကို မြှင့်တင်ပေးနိုင်ခဲ့ပြီး ဒေသ၏ အားသာချက်များအား ကမ္ဘာကို ဖော်ထုတ်ပြသ နိုင်ခဲ့ပါကြောင်း၊ လန်ချန်း- မဲခေါင်နိုင်ငံများအကြား ပြည်သူအချင်းချင်း ဆက်ဆံရေးအတွက် မီဒီယာက ပေါင်းကူးတံတားအဖြစ် ဖြည့်ဆည်းဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံတွင် မီဒီယာမှတစ်ဆင့် လန်ချန်း- မဲခေါင် ပူးပေါင်းဆောင်ရွက်မှု စီမံကိန်းနှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို အမြဲထုတ်လွှင့် ဖော်ပြပါကြောင်း၊ ထိုသို့ဖော်ပြသည့်အတွက် ပြည်သူများ အနေဖြင့် ခေတ်မီနည်းစနစ်များကို သိနားလည်လာစေသကဲ့သို့ ဒေသတွင်း ကွန်ရက်များနှင့် ချိတ်ဆက်မိခြင်း ဆိုသည့် အကျိုးကျေးဇူးများကို ရရှိစေပါကြောင်း။

## ခင်းကျင်းပြသ

လန်ချန်း- မဲခေါင် ပူးပေါင်းဆောင်ရွက်မှုသုံးနှစ်ပြည့် အထိမ်းအမှတ်အခမ်းအနားအဖြစ် ပန်းချီနှင့် ဓာတ်ပုံပြပွဲကိုလည်း ၂၀၁၉ ခုနှစ် မတ် ၂၆ ရက်က ကျင်းပခဲ့ပါကြောင်း၊ အဖွဲ့ဝင်နိုင်ငံများမှ ပန်းချီအနုပညာရှင်များ စုပေါင်းရေးဆွဲထားသည့် ၂၁ ပေ ခုနှစ်ပေရှိ ပန်းချီကားတစ်ချပ်၊ ဓာတ်ပုံပြပွဲတွင် လန်ချန်း- မဲခေါင် ပူးပေါင်းဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများကိုလည်း ဓာတ်ပုံပြခန်း ၁၃ ခု ဖြင့် ပြသခဲ့ပြီး မဲခေါင်မြစ်ဆိုင်ရာ အချက်အလက်များနှင့် ဓာတ်ပုံများ၊ အဖွဲ့ဝင်နိုင်ငံများ၏ အချက်အလက်များနှင့် ဓာတ်ပုံများ၊ ပူးပေါင်းဆောင်ရွက်မှု နယ်ပယ်ငါးခုအလိုက် လှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများကို ခင်းကျင်းပြသခဲ့ပါကြောင်း။

ဒေသတွင်း မီဒီယာပူးပေါင်း ဆောင်ရွက်မှုများမှ ဒေသတွင်း လုပ်ငန်းစဉ်များကို အထောက်အကူဖြစ်စေရန် ထိုပူးပေါင်းဆောင်ရွက်မှုက လွန်စွာ အကျိုးဖြစ်ထွန်းမည်ဟု ယုံကြည်ပါကြောင်း။

မဲခေါင်ဒေသခွဲအတွင်းရှိ နိုင်ငံများသည် မဲခေါင်မြစ်ကို မှီတည်၍ တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်သည့် မိသားစုဝင်နိုင်ငံများ ဖြစ်ပါကြောင်း၊ လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်ရေးသည် ဒေသတွင်းအတွက် မရှိမဖြစ် ပူးပေါင်းဆောင်ရွက်မှု ဖြစ်ပါကြောင်း၊ ထိုပူးပေါင်းဆောင်ရွက်မှုကို လန်ချန်း- မဲခေါင်ဆိုပြီး "မြစ်" အမည်ကို ယူထားခြင်းဖြစ်သည့်အတွက် နောင်အနာဂတ်ကာလများစွာအထိ ထိုပူးပေါင်းဆောင်ရွက်မှုများ စီးဆင်းပါစေ၊ ခိုင်မြဲပါစေ၊ ရှင်သန်ပါစေ၊ တိုးတက်ပါစေ၊ ယခုထက်မက အကျိုးပြုနိုင်ပါစေဟု ဆုတောင်း နှုတ်ခွန်းဆက်သပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင် အပါအဝင် တရုတ်၊ ကမ္ဘောဒီးယား၊ ထိုင်း၊ လာအိုနှင့် ဗီယက်နမ်နိုင်ငံတို့မှ မီဒီယာဆိုင်ရာ တာဝန်ရှိသူများက အမှာစကား ပြောကြားကြသည်။

ယင်းနောက် **"အရောင်အသွေးစုံလင်သော လန်ချန်း- မဲခေါင်- Colorful Lancang- Mekong"** ခေါင်းစဉ်ဖြင့် ဓာတ်ပုံပြိုင်ပွဲတွင် ဆုရရှိသူများကို ဆုချီးမြှင့်သည်။

## တက်ရောက်ဆွေးနွေး

ဆက်လက်၍ **"ကိုဗစ်- ၁၉ တုံ့ပြန်ထိန်းချုပ်ရေးတွင် ဒေသတွင်းနှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု"** ခေါင်းစဉ်ဖြင့် လည်းကောင်း၊ **"စီးပွားရေးလုပ်ငန်းများ ပြန်လည်ကုစားရာတွင် ဦးစားပေးဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ်များ"** ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးပွဲများ ကျင်းပရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင် အပါအဝင် တရုတ်၊ ကမ္ဘောဒီးယား၊ ထိုင်း၊ လာအိုနှင့် ဗီယက်နမ်နိုင်ငံတို့မှ မီဒီယာဆိုင်ရာ တာဝန်ရှိသူများလည်း ပါဝင်တက်ရောက် ဆွေးနွေးကြကြောင်း သိရသည်။

**သတင်းစဉ်**

---

❀ *ကျောဖုံးမှ*

သံအမတ်ကြီး Mr. Ly Quoc Tuan ကလှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ပြောကြားပြီး ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဇော်သန်းထွန်းက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာ ဇော်သန်းထွန်းထံ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်သံအမတ်ကြီး Mr. Ly Quoc Tuan နှင့် မြန်မာနိုင်ငံအခြေစိုက် ဗီယက်နမ်နိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များက အလှူငွေ၊ Masks ၊ Thermometers နှင့် လက်သန့်ဆေးရည်ဘူးများ ပေးအပ်လှူဒါန်းပြီး ညွှန်ကြားရေးမှူးချုပ် ပါမောက္ခဒေါက်တာဇော်သန်းထွန်းက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ကိုဗစ်- ၁၉ ရောဂါကာကွယ်နိုင်ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံသံရုံးနှင့် မြန်မာနိုင်ငံ အခြေစိုက် ဗီယက်နမ်နိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များက အမေရိကန်ဒေါ်လာ ၁၅၀၀၀ နှင့်ညီမျှသော Masks ၁၅၉၆၀၀ ၊ Thermometers ၉၀၊ လက်သန့်ဆေးရည် ၄၈၆ ဘူးနှင့် ငွေကျပ်သိန်း ၃၀၀ ကို လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **သတင်း- မင်းသစ်(MNA)၊ ဓာတ်ပုံ-ရဲထွဋ်**

---


# ချင်းပြည်နယ်၏ အကြီးဆုံးဖြစ်ပြီး စတုတ္ထမြောက် ရေလှောင်တမံဖြစ်သည့် နွယ်ချောင်းဆည်ရေလှောင်တမံကို ငွေကျပ်သန်း ၂၀၀၀ ဖြင့် တည်ဆောက်သွားမည်

**ဟားခါး နိုဝင်ဘာ ၂၄**

ချင်းပြည်နယ်၏ အကြီးဆုံးဖြစ်ပြီး စတုတ္ထမြောက် ရေလှောင်တမံဖြစ်သည့် နွယ်ချောင်းဆည် ရေလှောင်တမံကို သောက်သုံးရေ ဖူလုံစွာရရှိနိုင်ရေးနှင့် ပတ်ဝန်းကျင် သာယာလှပစေရန် ရည်ရွယ်၍ ၂၀၂၀-၂၀၂၁ ပြည်နယ် ငွေလုံးငွေရင်း ရန်ပုံငွေကျပ်သန်း ၂၀၀၀ ဖြင့် ၂၀၂၁ ခုနှစ် ဇန်နဝါရီလ (ခန့်မှန်း)တွင် စတင် တည်ဆောက်သွားမည်ဟု သိရသည်။

အဆိုပါ နွယ်ချောင်းဆည် ရေလှောင်တမံသည် ဟားခါးမြို့၏ တစ်မိုင်ခန့်အကွာတွင် တည်ရှိ၍ ချောင်းသုံးခုဆုံရာ နေရာတွင် တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ တမံအမျိုးအစားမှာ မြေသားတမံ အမျိုးအစားဖြစ်ပြီး တမံ၏ (ကနဦးလျာထားအတိုင်းအတာ) အမြင့် ၉၅ ပေ၊ အလျား ပေ ၈၂၀ နှင့် ကန်ရေပြည့် သိုလှောင်နိုင်သည့်ပမာဏ ၂၅၆၀ ဧက (ဂါလန် ၆၉၁၂၀၀၀၀၀)နှင့် အသုံးပြုနိုင်သည့် ရေပြည့်ရေလှောင်ပမာဏမှာ ၂၁၁၄ ဧက (ဂါလန် ၅၇၀၇၈၀၀၀၀၀) ဖြစ်ကြောင်း၊ ရေထုတ်ပြွန်အမျိုးအစားမှာ သံကူကွန်ကရစ် အမျိုးအစားဖြစ်ပြီး အချင်း ၄ ပေ ၆ ပေ၊ သံကူကွန်ကရစ် ရေပိုလွှဲအမျိုးအစား ဖြစ်ကြောင်း၊ တမံ တည်ဆောက်ကာလမှာ သုံးနှစ်(ခန့်မှန်း)ကြာမြင့်နိုင်ကြောင်း သိရသည်။

ချင်းပြည်နယ် အတွင်းတွင် ပထမဦးဆုံးဆည်မှာ အထက်လိုင်ဗားဆည်ရေလှောင်တမံ၊ ဒုတိယဆည်မှာ သီကီရ်ဆည်ရေလှောင်တမံ၊ တတိယမြောက်ဆည်မှာ အောက်လိုင်ဗား ရေလှောင်တမံနှင့် စတုတ္ထဆည် ရေလှောင်တမံအဖြစ် နွယ်ချောင်း ရေလှောင်တမံကို တည်ဆောက်မည်ဖြစ်ပြီး ဆည်တည်ဆောက်ပြီးပါက ဒေသခံပြည်သူများအတွက် နေ့စဉ်လိုအပ်လျက်ရှိသော သောက်သုံးရေ ဖြန့်ဝေပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။




နွယ်ချောင်းဆည်ရေလှောင်တမံ တည်ဆောက်မည့် ဒီဇိုင်းပုံစံ။

**ခရိုင်(ပြန်/ဆက်)**

---

## ဒစ်ဂျစ်တယ် စီးပွားရေးအကြောင်းသိကောင်းစရာ အမေး ၊ အဖြေအစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် နိုဝင်ဘာ ၂၄**

COVID- 19 ကာလ စီးပွားရေးလုပ်ငန်းများနှင့် ပတ်သက်ပြီး စီးပွားရေးလုပ်ငန်းများ ပြန်လည်လည်ပတ်ဆောင်ရွက်နိုင်ရန် ရည်ရွယ်ချက်ဖြင့် ပြည်သူကိုပညာပေးမျှဝေပေးမည့် " ဒစ်ဂျစ်တယ် စီးပွားရေးအကြောင်း သိကောင်းစရာ အမေး/အဖြေ အစီအစဉ် " ကို နိုဝင်ဘာလ ၂၅ ရက်မှ စ၍ အပတ်စဉ် ဗုဒ္ဓဟူးနှင့် ကြာသပတေးနေ့များတွင် ညနေ ၆ နာရီ မိနစ် ၃၀ မှ ည ၇ နာရီ အထိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသသွားမည် ဖြစ်သည်။

နိုဝင်ဘာ ၂၅ ရက် (ဗုဒ္ဓဟူးနေ့ ) ညနေတွင် မြန်မာ့စီးပွားရေးလုပ်ငန်းများကို နည်းပညာအသုံးပြုပြီး ဝန်ဆောင်မှုများ မြန်ဆန်လာအောင် ဆောင်ရွက်နိုင်ရန်အတွက် ဗဟုသုတ မျှဝေပေးမည့် ဒစ်ဂျစ်တယ်စီးပွားရေးအကြောင်း သိကောင်းစရာအစီအစဉ်နှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးဝေဖြိုးနှင့် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာထွန်းသူရသက်တို့၏ ဆွေးနွေးချက်များကို ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း ကြိုတင်အစီရင်ခံတင်ပြအပ်ပါသည်။

**MRTV**

---

## ပဲခူးတိုင်းဒေသကြီး သမဝါယမကဏ္ဍမှ မိုးစပါးများ ဝယ်ယူလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၄**

ကျေးလက်နေတောင်သူဦးကြီးများ စိုက်ပျိုးထုတ်လုပ်ခဲ့သည့် မိုးစပါးများအား ရောင်းချရာတွင် အခက်အခဲမရှိစေရေးနှင့် သင့်တင့်မျှတသော စပါးဈေးနှုန်းများရရှိစေရန် သမဝါယမကဏ္ဍမှ စပါးများဝယ်ယူလျက်ရှိသည်။

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ပြည်မြို့နယ်၊ ရွှေတောင်မြို့နယ်နှင့် နတ်တလင်းမြို့နယ်များမှ သမဝါယမအသင်းစုများသည် သီးနှံပေါ်ချိန်အမီ ကျေးရွာများတွင် စပါးအဝယ်ဒိုင်များဖွင့်လှစ်၍ စပါးဝယ်ယူရေးလုပ်ငန်းများအား ဆောင်ရွက်လျက်ရှိရာ မော်ဘီစပါး၊ ရတနာတိုးစပါးနှင့် ကရင်မစပါးစသည့် စပါးတင်းပေါင်း ၂၈၈၇၀ စုစုပေါင်းတန်ဖိုးငွေကျပ် ၁၆၈ သန်း ကျော်ဖိုး ဝယ်ယူထားရှိပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဘာသာစာပေစုံလင်ခဲ့ရာ ကံ့ကော်တောမှာ

ဒေါက်တာယဉ်မျိုးတင့်

**ကျွန်မရဲ့ တက္ကသိုလ်နည်းပြဆရာမဘဝကို ရန်ကုန်တက္ကသိုလ် (၇၅)နှစ်ပြည့် စိန်ရတုနှင့်စပြီး ယခု ကျွန်မ ပါမောက္ခဘဝရောက်တဲ့အခါ ရန်ကုန်တက္ကသိုလ်၏ နှစ်(၁၀၀)ပြည့်နှင့် ရေစက်ဆုံရပါသည်။ ဟိုးလွန်ခဲ့သော နှစ်ပေါင်းများစွာက အမိ ရန်ကုန်တက္ကသိုလ်သည် စိန်ပန်းနီနီ၊ ကံ့ကော်ရနံ့ သင်းပျံ့ထုံလျက် တင့်တယ်လှသကဲ့သို့ ယခုကာလတွင်လည်း ရဲရဲနီသော စိန်ပန်းပင်လေးများက အလှဆင်လျက် ပန်းကံ့ကော်ရနံ့ကလည်း သင်းထုံလျက်ပင်။**

**ဆရာကြီးတက္ကသိုလ်ဘုန်းနိုင်၏ စာပေစွမ်းပကား**

ကျွန်မကို အမိရန်ကုန်တက္ကသိုလ် ရင်ခွင်ထဲ နားခိုခွင့်ရအောင် ဆွဲခေါ်လာခဲ့သူမှာ ဆရာကြီး တက္ကသိုလ်ဘုန်းနိုင်၏ ရသဝတ္ထုရှည်ကြီးများဟုဆိုလျှင် မမှားပါ။ မြဝတီ၊ ငွေတာရီ၊ သွေးသောက်၊ ရှုမဝ၊ စန္ဒာ အစရှိသော လစဉ်ထုတ်မဂ္ဂဇင်းများမှ ကာတွန်းရုပ်ပုံလေးများက ကျွန်မကလေးဘဝ စာဖတ်တတ်သည့် အလေ့အကျင့်ကို ပျိုးထောင်ပေးခဲ့ပါသည်။ ထိုမှ အလယ်တန်း၊ အထက်တန်းကျောင်းသူဘဝရောက်သောအခါ အဖေ့စာအုပ်စင်မှ လုံးချင်းဝတ္ထုရှည်များနှင့် ကျွန်မအတော်လေးပင် ရင်းနှီးခဲ့ရပါသည်။ အနှီဝတ္ထုများထဲမှ ဆရာကြီးတက္ကသိုလ်ဘုန်းနိုင်၏ ဝတ္ထုအများစုမှာ တက္ကသိုလ်လာမြကျွန်းသာအကြောင်း၊ ဆရာကြီး၏ အဓိကဘာသာရပ်ဖြစ်သည့် စိတ်ပညာအကြောင်း တစ်နည်းမဟုတ် တစ်နည်း ဖွဲ့ယှက်နေသည်သာ များပါသည်။

ဆရာကြီး၏ တက္ကသိုလ်လာ မြကျွန်းသာ၏ အဖွဲ့အနွဲ့ အခင်းအကျင်းများက ကျွန်မကို အမိရန်ကုန်တက္ကသိုလ်၌ စာပေပညာကို လေ့လာဆည်းပူးချင်လာအောင် ညို့ငင်နေပါတော့သည်။ ထို့ကြောင့် အခြေခံပညာအထက်တန်း ကျွန်မ အောင်မြင်သည့်အခါ မြန်မာစာအဓိကကိုသာ ယူခဲ့ပါသည်။ ကျွန်မတို့တုန်းက ပထမနှစ်နှင့် ဒုတိယနှစ်ကို စကားဖြူတောဟု တင်စားကြသည့် ရန်ကုန်တက္ကသိုလ် (ကြည့်မြင်တိုင်နယ်မြေ) တွင် တက်ရပါသည်။ တတိယနှစ်မှစ၍ ရန်ကုန်တက္ကသိုလ်ထဲတွင် ဆက်လက်ပညာဆည်းပူးရပါသည်။ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနတွင် ဆက်လက်ပညာသင်ရမည့် ကျောင်းသားများထဲတွင် ကျွန်မအပျော်ဆုံးဖြစ်ခဲ့ရပါသည်။


ကျွန်မတွေ့ချင်လှသည့် ဘွဲ့နှင်းသဘင်ခန်းမ၊ သစ်ပုပ်ပင်၊ အပန်းဖြေရိပ်သာ၊ အင်းလျားကန်၊ မိခင်ဌာန တောင်ငူဆောင်၊ ထိုမျှမက ဆရာကြီး တက္ကသိုလ်ဘုန်းနိုင်၏ ဝတ္ထုများထဲမှ တက္ကသိုလ်ပုံရိပ်များ၊ ကျွန်မ တတိယနှစ် တစ်နှစ်လုံး နည်းပြတန်းစာမေးပွဲဖြေဆိုချိန် အထူးပြုဘာသာရပ်အချိန်များသာ အတန်းတက်၍ ရန်ကုန်တက္ကသိုလ် တစ်ခွင်



ဆရာကြီးတက္ကသိုလ် ဘုန်းနိုင်။

သူငယ်ချင်းတစ်စုဖြင့် လှည့်လည်ပါတော့သည်။ ကျွန်မ ရန်ကုန်တက္ကသိုလ်ထဲတွင် လက်ထောက်ကထိက ဆရာမဘဝဖြင့် တာဝန်ထမ်းဆောင်စဉ်က မြန်မာစာဌာနမှ ဖိတ်ခေါ်သဖြင့် စာပေဟောပြောပွဲပြုလုပ်သော အခါမှသာ ဆရာကြီးတက္ကသိုလ် ဘုန်းနိုင်ကို မြင်ဖူးရပါသည်။

ထိုစဉ်က ဆရာကြီးမှာ ကျန်းမာရေး မကောင်းတော့သဖြင့် ကျွန်မတို့မြန်မာစာဌာနမှ ဆရာ ဆရာမ အငယ်များက ဆရာကြီးအား ဟောပြောပွဲစင်မြင့်ရောက်အောင် ဖေးမကူကြရပါသည်။ သို့သော် ဆရာကြီးမှာ စာပေသဘောတရားများနှင့် ပတ်သက်၍ ဟောပြောသောအခါတွင် အားမာန်အပြည့်ဖြင့် မေးသမျှကို စိတ်ရှည်လက်ရှည် ဖြေကြားပေးပုံကို တွေ့ရပါသည် ။ ကျွန်မကလည်း ဆရာကြီးကို ဧည့်ဝတ်ပြုရင်း “ဆရာကြီးရဲ့ ‘နွယ်ဦးမွှန်မို့ ချစ်ထွန်းတင်သည်’ ဝတ္ထုထဲက ဓာတုဗေဒဌာနက သရုပ်ပြဆရာမလေး ဒေါ်ကေသွယ်ကို သဘောကျလို့ပါ။ ဒါပေမယ့် ကျွန်မက အခု မြန်မာစာဆရာမပါ” ဟု ပြောပြရာဆရာကြီးက “ပိုကောင်းတာပေါ့”ဟု ပြုံးပြီး ပြောခဲ့ပါသည်။ တကယ်တော့ ဆရာကြီးက ရသစာပေသာမက သုတစာပေလည်း အရေးကောင်းသူဖြစ်ကြောင်း သူ၏ “ဘုန်းနိုင်အမြင် ဘုန်းနိုင်အတွေး”၊ “ခပ်သိမ်းကလျာ ရှုဖွယ်သာတည်း” အစရှိသော ဝတ္ထုသဘောတရားဆိုင်ရာ စာအုပ်များ၊ စာပေဗိမာန်စာတမ်းများ အစရှိသော ဆရာကြီး၏ စာပေသဘောတရားစာအုပ်များက ကျွန်မကျောင်းသားဘဝ မဟာဝိဇ္ဇာကျမ်းပြုကာလများက အထောက်အကူအများကြီး ဖြစ်စေခဲ့ပါသည်။





ဆရာကြီး ဦးဖေမောင်တင် ရုပ်တု။

**တောင်ငူဆောင်အမှတ်တရ**

ကျွန်မ၏ ကံ့ကော်ပုံရိပ်တွင် အမှတ်ထင်ထင် ဖြစ်ခဲ့ရသည့် ဆရာမကြီးတစ်ဦးကိုလည်း တောင်ငူဆောင်ရှေ့က ပန်းပင်လေးများမြင်တိုင်း အမှတ်ရမိပါသည်။ ဆရာမကြီးသည် အင်္ဂလိပ်စာဌာနမှ ဖြစ်သည်။ ကျွန်မတို့ တောင်ငူဆောင်တွင် ထိုစဉ်အခါက မြန်မာစာနှင့် အင်္ဂလိပ်စာဌာနတို့သည် တစ်အိမ်တည်းနေ အပေါ်ထပ်၊ အောက်ထပ်များဖြစ်သဖြင့် လှေကားအတက်အဆင်း၊ ဌာန အဝင်အထွက်တို့တွင် မကြာခဏဆုံရတတ်သည့် အင်္ဂလိပ်စာဌာနမှ ဆရာမကြီး ဒေါ်အီးဂျေကံကြီးပင် ဖြစ်သည်။

ဆရာမကြီးသည် အင်္ဂလိပ်ဘာသာစကားကို သင်ကြားနေသည့် ပါမောက္ခဆရာမကြီးတစ်ဦးဖြစ်သော်လည်း အမြဲတမ်း မြန်မာဆန်ဆန် ရိုးရိုးယဉ်ယဉ် ဝတ်စားတတ်သည့်အပြင် တောင်ငူဆောင်ရှေ့ အလှစိုက်ထားသည့် ပန်းလေးများကိုလည်း အမြတ်တနိုးပန်ဆင်တတ်သူဖြစ်သည်။ ကျွန်မတို့နှင့် ဆုံတိုင်းလည်း သိသည်ဖြစ်စေ၊ မသိသည် ဖြစ်စေ အပြုံးအေးအေးဖြင့် အမြဲတမ်းပြုံးပြတတ်သူအဖြစ် ကျွန်မလေးစားခဲ့ရပါသည်။

ထို့ကြောင့်လည်း ကျွန်မအတန်းအားချိန်များတွင် ဆရာမကြီး စာသင်ခန်းရှိရာ ခပ်လှမ်းလှမ်းမှနေ၍ ဆရာမကြီး စာသင်ပုံကို အမြဲတမ်းသွားကြည့်ခဲ့ရပါသည်။ ဒါကလည်း ကျွန်မရဲ့ တောင်ငူဆောင် အမှတ်တရလေးပါ။ ဆရာမကြီး မရှိတော့ပေမယ့် ဆရာမကြီး ရှိစဉ်က ရံဖန်ရံခါ ခူး၍ပန်တတ်သည့် တောင်ငူဆောင်အောက်က ကြွေပန်းပင်လေးများကို



## ဆောင်းပါးရှင်၏ ကိုယ်ရေးအကျဉ်း

- အမည်ရင်း ဒေါ်ယဉ်မျိုးတင့် ဖြစ်သည်။
- ရန်ကုန်တက္ကသိုလ်မှ မြန်မာစာအထူးပြုဖြင့် ၁၉၉၂ ခုနှစ်တွင် ဝိဇ္ဇာဘွဲ့၊ ၁၉၉၇ ခုနှစ်တွင် မဟာဝိဇ္ဇာဘွဲ့၊ ၂၀၀၄ ခုနှစ်တွင် ဘာသာဗေဒ အထူးပြုဖြင့် ပါရဂူဘွဲ့၊ ၂၀၁၀ ပြည့်နှစ်တွင် အင်္ဂလိပ်စာ ဒီပလိုမာဘွဲ့များကို ရရှိခဲ့သည်။
- ၁၉၉၅ ခုနှစ်တွင် ဒဂုံတက္ကသိုလ်၌ နည်းပြအဖြစ် စတင်အမှုထမ်းပြီး ၁၉၉၉ ခုနှစ် မှ ၂၀၁၂ ခုနှစ် အထိ ရန်ကုန်တက္ကသိုလ်၊ မိတ္ထီလာတက္ကသိုလ်၊ တောင်ငူတက္ကသိုလ်၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်တို့ရှိ မြန်မာစာဌာနတွင် နည်းပြ၊ လက်ထောက်ကထိက၊ ကထိကရာထူးများ ထမ်းဆောင်ခဲ့သည်။
- ၂၀၁၃ ခုနှစ်မှစ၍ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် ဘာသာဗေဒဌာနသို့ ပြောင်းရွှေ့အမှုထမ်းကာ ကထိက၊ တွဲဖက်ပါမောက္ခတာဝန်များ ထမ်းဆောင်ခဲ့သည်။
- ၂၀၁၆ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ ပါမောက္ခအဖြစ် မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် ဘာသာဗေဒဌာနတွင် တာဝန်ထမ်းဆောင်ခဲ့သည်။
- ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလမှ ယနေ့တိုင် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် ဘာသာဗေဒဌာနတွင် ပါမောက္ခ (ဌာနမှူး) အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိပါသည်။

တွေ့ရတိုင်းလည်း ကျွန်မ ဆရာမကြီးကို အမှတ်ရမိပါသည်။

ကျွန်မ စတုတ္ထနှစ်ရောက်သည့်အခါ မြန်မာစာပေနှင့် ပတ်သက်၍ အတော်လေးပင် စိတ်ဝင်စားအထင်ကြီးမိပါသည်။ ဒါကလည်း

စာမျက်နှာ ၇ သို့

**“ဆရာကြီး၏ တက္ကသိုလ်လာမြကျွန်းသာ၏ အဖွဲ့အနွဲ့ အခင်းအကျင်းများက ကျွန်မကို အမိရန်ကုန်တက္ကသိုလ်၌ စာပေပညာကို လေ့လာဆည်းပူးချင်လာအောင် ညို့ငင်နေပါတော့သည်။ ထို့ကြောင့် အခြေခံပညာအထက်တန်း ကျွန်မအောင်မြင်သည့်အခါ မြန်မာစာအဓိကကိုသာ ယူခဲ့ပါသည်”**





ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနတည်ရှိရာ တောင်ငူဆောင်။

*စာမျက်နှာ ၆ မှ*

ဟောပြောပို့ချ သင်ကြားမှုကောင်းသည့် ကျေးဇူးရှင် ဆရာကြီး ဆရာမကြီးများကြောင့်ပါ။ ကျွန်မငယ်စဉ်က ရေဒီယိုမှတစ်ဆင့် ကြားခဲ့ရသည့် မြကျွန်းညိုညို သီချင်းအဆိုရှင် ဆရာကြီး ဦးမြသိန်း၊ ကျွန်မ အထက်တန်းကျောင်းသူဘဝ အထက(၄) အလုံတွင် မြန်မာစာနှင့် ပတ်သက်ပြီး လာရောက်ပို့ချသော ဆရာကြီး ဦးတိမ်ကြည် တို့နှင့် နဖူးတွေ့၊ ဒူးတွေ့ ပညာသင်ရသောအခါ မြန်မာစာပေကို ပို၍လေးစားမိရပါသည်။ ထို့ကြောင့် ဘွဲ့လွန်ဆက်တက်ချင်သည့်အတွက် ကျွန်မ အင်းလျားသို့ ခြေမဆန့်နိုင်တော့ပါ။ အဓိပတိလမ်းလည်း အရသာခံမလျှောက်နိုင်တော့ပါ။ အတန်းပြီးသည်နှင့် စာကြည့်တိုက်ရှိရာသို့ ပြေးပါတော့သည်။ အတန်းထဲတွင် ဆရာကြီး ဆရာမကြီးများ ပို့ချလိုက်သော သင်ခန်းစာလက်ချာအပြင် သင်ခန်းစာနှင့် တိုက်ရိုက်သက်ဆိုင်သည့် စာအုပ်စာတမ်းများကို ငှားရမ်းဖတ်ရှု၊ အချက်အလက် စုဆောင်းခြင်းဖြင့် ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်သည် ကျွန်မကျက်စားရာနေရာ၊ ကျွန်မအတွက် မြန်မာစာဌာနပြီးလျှင် ဒုတိယပညာသင်ပေးရာ ပညာရိပ်သာပင် ဖြစ်တော့သည်။ ကျွန်မ မဟာဝိဇ္ဇာကျမ်းပြုကာလ၊ ပါရဂူကျမ်းပြုကာလများတွင် ကျွန်မအတွက် လိုအပ်သော စာအုပ်စာပေအထောက်အထားများစွာကိုပေးရာ ပညာဘဏ်တိုက်ပင် ဖြစ်တော့သည်။ အချို့ ရှားပါးစာအုပ်စာတမ်းများဆိုပါက စာကြည့်တိုက်မှူး ဆရာကြီး ဦးသော်ကောင်း၊ အစ်မကြီး ဒေါ်ခင်နှင်းဦးတို့ကို အကူအညီ တောင်းခဲ့ရပါသည်။ ကျွန်မအတွက် လိုအပ်သမျှ စာအုပ်စာတမ်းများကို ကူညီပံ့ပိုးပေးသော ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်ကိုလည်း ကျွန်မ အမြဲတမ်း ကျေးဇူးတင်လျက်ပင် ရှိပါသည်။ ရသစာပေ၏ အစွမ်းကြောင့် ကျွန်မ မြန်မာစာအထူးပြု ကျောင်းသူဖြစ်ရသကဲ့သို့ တစ်နေ့ ကျွန်မ ရသစာပေရေးသားရန် ရည်ရွယ်ချက်ကြောင့် မဟာဝိဇ္ဇာဘွဲ့ယူကျမ်းအတွက် ဝတ္ထုတိုဖန်တီးမှုအတတ်ပညာနှင့် ပတ်သက်ပြီး ကျမ်းပြုစုခဲ့ပါသည်။

**ဆရာကြီး ဦးဖေမောင်တင်နှင့်**

**စတင်မိတ်ဖွဲ့ခြင်း**

စာပေနှင့် ဘာသာသည် အမြဲတမ်း ဆက်စပ် လေ့လာရသည့်သဘောကို သိလာရသည့်အတွက် စာပေထဲမှ ဘာသာစကား၏ တန်ဖိုးကို ဆက်လက်လေ့လာချင်သောကြောင့် ဆရာကြီး ဦးဖေမောင်တင်နှင့် စတင်မိတ်ဖွဲ့ရပါတော့သည်။ ဆရာကြီး ဦးဖေမောင်တင်ဟုဆိုလျှင် ရန်ကုန်ကောလိပ်ဘဝမှ ရန်ကုန်တက္ကသိုလ်ဖြစ်အောင် စွမ်းဆောင်နိုင်ခဲ့သူ၊ မြန်မာစာဌာန၊ အရှေ့တိုင်းပညာဌာန အပါအဝင် ရန်ကုန်တက္ကသိုလ်ထဲရှိ ဘာသာရပ်အတော်များများကို ဖွင့်လှစ်ပေးသူဟု ကျွန်မတို့ ရန်ကုန်တက္ကသိုလ် ကျောင်းတော်သူ ကျောင်းတော်သားများ သိရှိရသူပင်။




ဆရာကြီးကား ကျွန်မ သူငယ်တန်းကျောင်းသူဘဝ ၁၉၇၃ ခုနှစ်ကပင် ကွယ်လွန်သွားရှာပြီဖြစ်ပါသည်။ ဆရာကြီး ကွယ်လွန်သွားသော်လည်း ဆရာကြီး၏ ကျွန်မတို့ မြန်မာစာဌာနကြီး အောင်မြင် ရှင်သန်အောင် ကြိုးပမ်းမှုကား ပြော၍ ကုန်နိုင်မည် မထင်ပါ။ ကျွန်မတို့ မြန်မာစာအထူးပြုကျောင်းသားများ စာပေလေ့လာရာတွင် အမြဲတမ်းအားကိုးရသည့် မြန်မာ့စာပေသမိုင်း၊ မြန်မာသဒ္ဒါ၊ မြန်မာဝါကျဖွဲ့ထုံးကျမ်း၊ ဘာသာလောကကျမ်း၊ မြန်မာဝတ္ထုတိုသမိုင်းအစနှင့် သုတေသနစာတမ်းများ အစရှိသော မြန်မာဘာသာ၊ မြန်မာစာပေဆိုင်ရာ စာအုပ်စာတမ်းပေါင်းများစွာ၊ ခေတ်စမ်းစာပေလောကကို ဦးဆောင်သူ၊ တက္ကသိုလ်၏ အသက်၊ သုတေသနကို မျိုးစေ့ချခဲ့သူ ဆရာကြီး၏ နောင်လာနောင်သားများအတွက် ထားရစ်ခဲ့သော ပညာအမွေများက ပြောပြ၍ ကုန်နိုင်မည်မထင်ပါ။ ကျွန်မ ဝိဇ္ဇာတန်း၊ မဟာဝိဇ္ဇာတန်းတို့တွင် ဆရာကြီး၏ ဘာသာ၊ စာပေလေ့လာမှု၊ စာအုပ်စာတမ်းများကို ဖတ်ရှုရာမှ မြန်မာဘာသာကို ခေတ်မီဘာသာဗေဒနည်းဖြင့် ချဉ်းကပ်လေ့လာပုံကို သိမြင်ခဲ့ရပါသည်။ ဘာသာစကားတို့၏ ဝိသေသလက္ခဏာများကို စူးစမ်းတတ်လာသည်၊ နှိုင်းယှဉ်တတ်လာသည်၊ ဆရာကြီး၏ 'ဘာသာလောကကျမ်း' စာအုပ်သည် ကျွန်မ မြန်မာစာပေလေ့လာသည့်အဆင့်မှ မြန်မာဘာသာစကားကို ဘာသာဗေဒအမြင်ဖြင့် လေ့လာတတ်အောင် တွန်းပို့သကဲ့သို့ ရှိတော့သည်။ ကျွန်မတို့ မြန်မာစာသမားတွေအတွက် ရှေးဟောင်းစာများ၊ ကျောက်စာများ၊ ခေတ်စာပေလေ့လာမှုများအပြင် ဘာသာစကားများကို သိပ္ပံနည်းကျ စနစ်တကျလေ့လာသိရှိရသည့် ဘာသာဗေဒပညာဖြင့် မြန်မာဘာသာကို ရှုမြင်တတ်အောင်၊ မြန်မာဒေသိယစကားများ၊ တိုင်းရင်းသားဘာသာစကားများကို စနစ်တကျ စူးစမ်းလေ့လာတတ်အောင် လမ်းစကိုဖွင့်ခဲ့ပေးပါသည်။ ထို့ကြောင့် ၁၉၁၀ ပြည့်နှစ်က စတင်ခဲ့သော မြန်မာနိုင်ငံသုတေသနအသင်းကြီး (JBRS)တွင် ဆရာကြီး အင်္ဂလိပ်ဘာသာဖြင့် ရေးခဲ့သော ဆောင်းပါးများကို ရှာဖွေဖတ်ရှုခဲ့ရသည်။ ဆရာကြီး၏ ဆောင်းပါးတစ်ပုဒ် ဖတ်လိုက်ရတိုင်း ပညာရပ်နှင့်ပတ်သက်ပြီး စဉ်းစားစရာ၊ ဆင်ခြင်စရာ၊ လုပ်စရာ သုတေသန၊ ရေးစရာ စာတမ်းလေးများက အစီအရီ ပေါ်လာမြဲဖြစ်ပါသည်။

**ဘာသာဗေဒ လေ့လာသူများအတွက်**

**အားကိုးရာ**

ဆရာကြီး၏ JBRS (၁၉၅၄) တွင် ပါရှိသော 'Some Features of the Burmese Language' ဟူသော ပညာရပ်ဆိုင်ရာ ဆောင်းပါးတစ်ပုဒ်က ကျွန်မ၏ ပါရဂူဘွဲ့ယူကျမ်းသည် ဘာသာဗေဒပညာရပ်ဖြစ်စေခဲ့သည်သာမက ဘာသာဗေဒနှင့် ပတ်သက်သည့် သုတေသနစာတမ်းပေါင်းများစွာကို ရေးသားနိုင်ခဲ့ပါသည်။ ခေတ်မီဘာသာ ဗေဒပညာသည် လွန်ခဲ့သော နှစ်ပေါင်း ၁၀၀ နီးပါးကပင် ရန်ကုန်တက္ကသိုလ်ထဲ၌ အခြေတကျဖြစ်လာစေခဲ့ပါသည်။ မြန်မာအသံထွက်ကို သဒ္ဒဗေဒနည်းဖြင့် စနစ်တကျ လေ့လာထားခဲ့မှုကလည်း ကျွန်မတို့ ဘာသာဗေဒသမားတွေအတွက် အဖိုးအနဂ္ဃပင် ဖြစ်ပါသည်။ ဆရာကြီးကိုယ်တိုင် အောက်စဖို့တက္ကသိုလ်တွင် ပညာသင်ကြားချိန် ၁၉၂၅ ခုနှစ်က သဒ္ဒဗေဒပါမောက္ခ ဒန်နီယယ်ဂျုံး (Daniel Jones) နှင့် တွေ့ကာ မြန်မာစကားသံကို စနစ်တကျဖော်ထုတ်ခဲ့သည်ဟု သိရပါသည်။ မြန်မာနိုင်ငံ ဘာသာဗေဒနှင့် သဒ္ဒဗေဒ လေ့လာသင်ကြားမှုတွင် ၁၉၂၅ ခုနှစ်က ဆရာကြီးဦးဖေမောင်တင်နှင့် သဒ္ဒဗေဒ ကထိက မစ္စစ် အမ်းစထရောင်း Mrs. Arm Strong တို့ ပြုစုသော 'Burmese Phonetic Reader' က ကျွန်မတို့ ဘာသာဗေဒ လေ့လာသူများအတွက် အားကိုးရာဖြစ်ရပါသည်။

ဆရာကြီး၏ လက်ရင်းတပည့်များဖြစ်သော ဆရာကြီး ဦးထွန်းမြင့် (တက္ကသိုလ်မင်းမော်)၊ ဆရာကြီး ဦးခင်အေး (မောင်ခင်မင်-ဓနုဖြူ) တို့၏ ဘာသာဗေဒပညာရပ် သင်ကြားပို့ချမှုများက ကျွန်မမြန်မာစာဌာနတွင် ရာထူးအဆင့်ဆင့် တာဝန်ထမ်းပြီးနောက် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် ဘာသာဗေဒဌာနတွင် အခြေတကျဖြစ်စေခဲ့ပါသည်။





"ဆရာ့တပည့်တွေအားလုံး ဆရာထက်တော်ကြသူတွေ၊ တပည့်ဆိုတာ ဆရာထက်တော်မှ" ဟူသော ဆရာကြီးဦးဖေမောင်တင်၏ ဩဝါဒများကို ကျွန်မဖတ်ရဖူးပါသည်။ ဆရာကြီး၏တပည့်များ (ကျွန်မတို့၏ ဆရာကြီး ဆရာမကြီးများ) ကလည်း ကျွန်မတို့ကို ဆက်လက်ပို့ချပေးနေခြင်းသည် ဆရာကြီး၏ ဩဝါဒအတိုင်းကိုအမီ လိုက်နိုင်ကြသည်ဟု ဆိုချင်ပါသည်။ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့က ဆရာကြီးဦးဖေမောင်တင် ကြေးရုပ်တုကို ရန်ကုန်တက္ကသိုလ် တောင်ငူဆောင် မြန်မာစာဌာန မြက်ခင်းပြင်တွင် ခံ့ခံ့ထည်ထည် စိုက်ထူခဲ့ပြီ ဖြစ်ပါသည်။


**ကျေးဇူးတင်လျက် လွမ်းမိပါသည်**

ရန်ကုန်တက္ကသိုလ် အဓိပတိလမ်း ဝင်ပေါက်တံခါးရွက်ကြီး နှစ်ခုကလည်း ကျွန်မအတွက် နွေးထွေးမှုဖြစ်ရသည်ဟု ဆိုချင်ပါသည်။ ကျွန်မရာထူးတိုးဖြင့် နယ်တက္ကသိုလ်သို့ ပြောင်းရသည့်အခါ ကျောင်းပိတ်ရက် ဇာတိရန်ကုန်မြို့သို့ ခေတ္တခဏ ပြန်ရောက်ခိုက် နယ်တက္ကသိုလ်မှ တပည့်များအတွက် ကျောင်းသင်ခန်းစာအပြင် ဆက်လက်ဖတ်ရှုလေ့လာသင့်သော စာအုပ်စာတမ်းများ၊ ကျွန်မအတွက် သင်ကြားရေးအထောက်အပံ့ဖြစ်သော ပညာရပ်ဆိုင်ရာစာအုပ်များအတွက် တက္ကသိုလ်စာကြည့်တိုက်သို့ လာရမြဲဖြစ်ပါသည်။ ထိုသို့လာတိုင်း ရန်ကုန်တက္ကသိုလ် အဓိပတိလမ်းဝင်ပေါက်ကပင် အမြဲဝင်လေ့ရှိကာ မဟာတန်းကျောင်းသူဘဝမှစ၍ လျှောက်လျှောက်ရှုခဲ့ရသော အဓိပတိလမ်းမကြီးအလှကို စီးမျောရင်း စာကြည့်တိုက်ရှိရာသို့ သွားမြဲဖြစ်ပါသည်။ ဝင်ပေါက်တံခါးရွက်ကြီးနှစ်ခုက အဝေးမှလာသူ ကျွန်မကို နွေးထွေးသော မိခင်လက်နှစ်ဖက်က အားရဝမ်းသာကြိုဆိုနေသည်ဟု ကျွန်မခံစားရပါသည်။

ပညာတတ်မျိုးဆက်သစ်များ မွေးထုတ်ပေးရာ၊ တစ်ခေတ်တစ်ခါက ဘက်စုံထူးချွန် ထင်ရှားပညာပြည့်သူတို့ မြစ်ဖျားခံရာ အမိရန်ကုန်တက္ကသိုလ်၏ ဂုဏ်ရည်ကား စာဖွဲ့၍ပင် မကုန်နိုင်ပါ။ စာပေကို မြတ်နိုးတတ်အောင် ရန်ကုန်တက္ကသိုလ်ကြီး၏ ဂုဏ်ရည်တို့ကို စာပေတို့ဖြင့် ဖွဲ့သီလျက် ဆရာကြီး တက္ကသိုလ်ဘုန်းနိုင်၏ ရသစာပေများက ဤနေရာ၊ ဤဝန်းကျင်သို့ ကျွန်မကို ဆွဲခေါ်ခဲ့ပါသည်။ စာပေမှတစ်ဆင့် ဘာသာစကား တန်ဖိုးဆွဲထုတ်တတ်အောင် မိခင် မြန်မာဘာသာစကားကို ခေတ်မီဘာသာဗေဒ ပညာရပ်ဖြင့် လေ့လာဆင်ခြင်နိုင်စွမ်းရှိအောင် ဘာသာစာပေ သုတေသနပြုလုပ်နိုင်အောင် ဆရာကြီးဦးဖေမောင်တင်၏ ဘာသာစာပေ စာအုပ်စာတမ်းကျမ်းများက ဥာဏ် မျက်စိဖွင့်ပေးခဲ့ပါသည်။

မိခင်ဘာသာစကားကို ဘာသာဗေဒ အမြင်ဖြင့် လေ့လာမှုနှင့်အတူ ဒေသိယစကားများ၊ တိုင်းရင်းသားဘာသာစကားများကိုပါ ဆက်လက်လေ့လာနိုင်ခဲ့ပါသည်။ ဆရာကြီး၏ ရေခံမြေခံကောင်းကြောင့် ယနေ့တိုးတက်ခေတ်မီနေသော ဘာသာဗေဒပညာရပ်ကို ကျယ်ကျယ်ပြန့်ပြန့် လေ့လာနိုင်ရပါသည်။ မြန်မာစာပေသည် ကျေးဇူးတရားဖြင့် စသည်ဟု မြန်မာစာပေစတင်ရာ ပုဂံခေတ်ဦး ရာဇကုမာရ်ကျောက်စာ (မြစေတီကျောက်စာ) ကို ဗဟိုပြုလျက် ဆရာကြီး ဦးဖေမောင်တင်က မှတ်ချက်ပြုဖူးပါသည်။ ထို့အတူ ကျွန်မယခုကဲ့သို့ ဘာသာစာပေအသိပညာဖြင့် အဆင့်မြင့်ပညာနယ်ပယ်တွင် ရပ်တည်နိုင်အောင်၊ ကျွန်မထက်ပို၍ ထူးချွန်သော၊ ထက်မြက်သော တပည့်များ မွေးထုတ်နိုင်အောင် ပညာရှာခွင့်ပေးခဲ့သော အမိရန်ကုန်တက္ကသိုလ်ကို လွမ်းလည်းလွမ်းသလို ကျေးဇူးလည်းတင်ပါသည်ဟု ဆိုချင်ပါတော့သည်။ ။



# ရန်ကုန်တက္ကသိုလ်နှင့် ဦးဖေမောင်တင်

ဒေါက်တာအောင်သန်းဝင်း(အရှေ့တိုင်းပညာ)


**ဦးဖေမောင်တင်သည် မြန်မာတွင်သာမက ကမ္ဘာတွင်ပါ ကျော်ကြားသော ပညာရှင်တစ်ဦးဖြစ်သည်။ မြန်မာလူမျိုးများထဲမှ ပထမဆုံးသော အသက်အငယ်ဆုံးပါမောက္ခ ဖြစ်သည်။ ပါမောက္ခဖြစ်ချိန်တွင် ဆရာကြီး၏ အသက်မှာ ၂၄ နှစ်သာရှိသေးသည်။ ထို့ပြင် ပထမဆုံးသော မြန်မာလူမျိုး တက္ကသိုလ်ကျောင်းအုပ်ကြီးတစ်ဦးလည်းဖြစ်သည်။ ပါဠိပါမောက္ခအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိနေစဉ်မှာပင် မြန်မာစာအထူးပြုဘာသာရပ်ကို စတင်တည်ထောင်ကာ မြန်မာစာပေပြန့်ပွားထွန်းကားရေးကို အဓိက ဦးစားပေးဆောင်ရွက်ခဲ့သူတစ်ဦးလည်း ဖြစ်သည်။**

ဆရာကြီး ဦးဖေမောင်တင်ကို ၁၈၈၈ ခုနှစ် ဧပြီလ ၂၄ ရက် အင်္ဂါနေ့တွင် အဖဝန်ထောက် ဦးဖေနှင့် အမိဒေါ်မြိုင်တို့က အင်းစိန်မြို့ ပေါက်တောရပ်၌ ဖွားမြင်သည်။ ဆရာကြီး၏ အဘိုးသည် ဗုဒ္ဓဘာသာဝင်တို့ အထူးရိုသေအားထားသည့် မဟာသဃ်ရာဇာ သာသနာပိုင် တောင်ခွင်ဆရာတော်ကြီး ဖြစ်သည်။ သို့ရာတွင် ဆရာကြီး၏ မိဘတို့မှာ ခရစ်ယာန်ဘာသာဝင်များ ဖြစ်ကြသည်။ ဆရာကြီးလည်း ခရစ်ယာန်ဘာသာဝင်ပင် ဖြစ်သည်။ ဦးထွန်းငြိမ်း၊ အင်္ဂလိပ်-မြန်မာ အဘိဓာန်ကို ပြုစုခဲ့သော စာတော်ပြန်ဝန်ထောက် ဦးထွန်းငြိမ်းသည် ဆရာကြီး၏ ဦးလေးပင်ဖြစ်သည်။ ဆရာကြီးသည် ခရစ်ယာန်ဘာသာဝင် ဖြစ်လင့်ကစား ဗုဒ္ဓဘာသာဝင်တို့ အဓိကထားသော ပါဠိဘာသာကို နှံ့စပ်ကျွမ်းကျင်ရုံမျှမက ခက်ခဲနက်နဲသော၊ နိုင်ငံခြားသား ပညာရှင်များ ဘာသာမပြန်ဆိုနိုင်သော ပါဠိကျမ်းဂန်များကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုကာ ကမ္ဘာကြီးကို အံ့သြစေခဲ့သူလည်း ဖြစ်သည်။

**ထူးချွန်သူကျောင်းသားလေး ဖေမောင်တင်**

ဆရာကြီးသည် ခြံချင်းကပ် ဆရာကိုရင်ကြီး၏ အင်းစိန် မြန်မာအလွတ်စာသင်ကျောင်း၌ စတင်ပညာဆည်းပူးသည်။ ရှစ်နှစ်သားအရွယ်ရောက်သောအခါ ရန်ကုန်အစိုးရဟိုက်စကူးလ်ကျောင်းသို့ ပြောင်းရွှေ့ပညာဆည်းပူးသည်။ ဆရာကြီးသည် ငယ်စဉ်ကပင် ပညာထူးချွန်၏။ ၇ တန်းစာမေးပွဲကို အောင်မြင်ရာ၌ မြန်မာတစ်နိုင်ငံလုံး ပထမ ရရှိခဲ့ပြီး စကောလားရှစ် ရရှိခဲ့သည်။ ဆရာကြီးသည် ၁၉၀၅ ခုနှစ်တွင် ၉ တန်းစာမေးပွဲကိုလည်း ပထမစွဲ၍ အောင်မြင်ပြီး ရနောင်းဆုကို ရရှိသည်။ ထို့နောက် ကောလိပ်ကျောင်းဝင်ခွင့် စာမေးပွဲကို အောင်မြင်ကာ ကောလိပ်ကျောင်းသားကြီး ဖြစ်သွားတော့သည်။ ထိုနှစ်တွင် ကောလိပ်ကျောင်းသားများသာ ဝင်ပြိုင်ခွင့်ရှိသော S.P.C.A စာစီစာကုံးပြိုင်ပွဲ (အင်္ဂလိပ်ဘာသာ) ကို ဝင်ရောက်ယှဉ်ပြိုင်ရာ စီနီယာကျောင်းသားများကို ကျော်လွှန်ကာ ဖရက်ရှာ ကျောင်းသား ဖေမောင်တင် ပထမဆု ရရှိလေသည်။ ဆရာကြီးသည် အိုင်-အေတန်းတွင်လည်း ပထမစွဲကာ အောင်မြင်ခြင်းကြောင့် ဂျာဒင်းဆုကို ဆွတ်ခူးရရှိသည်။ ထို့ပြင် ခရစ်ယာန်ဘာသာရေးပိုင်းမှ သီးသန့်ချီးမြှင့်သော ဒုတ်စကောလားရှစ်ဆုကိုပါ ရရှိလေသည်။

ထိုကဲ့သို့ ပညာချွန်ဆုများကို တစ်ဆုပြီးတစ်ဆု ဆွတ်ခူးလျက် အိုင်-အေ အောင်ကာ ဘီအေတန်းသို့ ရောက်ရှိသွားသော ဦးဖေမောင်တင်ကို ကောလိပ်မှ ဆရာများက သတိထားမိကာ သူတို့ဘာသာတွဲယူရေး မဲဆွယ်ကြလေသည်။ ထိုသူများမှာ ပါဠိပါမောက္ခနှင့် သချ်ာပါမောက္ခတို့ ဖြစ်ကြသည်။ ဦးဖေမောင်တင်သည် ဘီအေပထမနှစ်ကို အောင်ပြီးနောက် သူဝါသနာပါသော ပါဠိဂုဏ်ထူးတန်းသို့ တက်ရောက်လေသည်။ ၁၉၀၉ ခုနှစ်တွင် ဦးဖေမောင်တင် ဘီအေအောင်သည်။ ထိုနှစ်တွင် ဘီအေအောင်သူ အားလုံးပေါင်း ကိုးယောက်မျှသာ ရှိသည်။ ဘီအေအောင်သူကိုးယောက်စလုံးကို အစိုးရဌာနအသီးသီးက အလုပ်ခန့်သော်လည်း ဦးဖေမောင်တင်က လက်မခံခဲ့ပါ။ ဆရာကြီးသည် အမ်အေ ဆက်တက်ရန်သာ ရည်ရွယ်ထားသည်။



ဆရာကြီး ဦးဖေမောင်တင်

ရန်ကုန်ကောလိပ်၏ အမြင့်ဆုံးအတန်းသည် ဘီအေတွင် ဆုံးသည်။ အမ်အေ ဆက်တက်လိုက ကာလကတ္တားတက္ကသိုလ်သို့ နှစ်နှစ် သွားရောက်ပညာသင်ယူရမည်ဖြစ်သည်။ ဆရာကြီးသည် သူ့မိသားစုကို ငဲ့ကွက်ကာ ကာလကတ္တားတက္ကသိုလ်သို့ မတက်ရောက်ဘဲ မြန်မာပြည်မှပင် စာအုပ်များ ရှာဖတ်ကာ အမ်အေစာမေးပွဲကို အလွတ်ဖြေဆိုသည်။ ဆရာမပါ၊ သင်တန်းမရှိဘဲ မဟာဝိဇ္ဇာ အမ်အေဘွဲ့ကြီးကို နှစ်နှစ်လုံးလုံး တစ်ကိုယ်တည်း ရှာဖွေဖတ်မှတ်လေ့လာ၍ ဖြေဆိုအောင်မြင်သော အာဂဆရာကြီးပင် ဖြစ်လေသည်။ "ပါဠိ ဘာသာ မဟာဝိဇ္ဇာ စာမေးပွဲကြီးကို ကာလကတ္တားတက္ကသိုလ်တစ်ခုလုံး၌ ဒုတိယရလျက် အောင်မြင်ခဲ့လေသည်။ တရားမင်းကြီးချုပ် ဆာဂွျန်ဂျာဒင်း ချီးမြှင့်သော ဂျာဒင်းဆု ရခဲ့လေသည်" ဟု ဆရာမင်းယုဝေရေးသားသော ပထမမြန်မာများ စာအုပ်တွင် ဖတ်မှတ်ရပါသည်။

**ပညာဖြန့်ပေးသူ ဖြစ်လာခြင်း**

ဦးဖေမောင်တင်သည် အမ်အေတက်နေစဉ် စိန်ပေါလ်ကျောင်းတွင် ၈ တန်းနှင့် ၉ တန်း ဝင်ခွင့်ဖြေဆိုမည့် ကျောင်းသားများကို ပါဠိဘာသာရပ်သင်ပေးသည်။ အမ်အေရပြီး ဦးဖေမောင်တင်သည် ၁၉၁၁ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့မှစ၍ ရန်ကုန်ဟိုက်စကူးလ်ကျောင်းတွင် ဘာသာစုံသင်ကြား ပြသပေးရသော အငြိမတန်းဆရာအဖြစ် စတင်တာဝန်ထမ်းဆောင်သည်။ ထို့နောက် ၁၉၁၂ ခုနှစ် ဇူလိုင်လ ၂၄ ရက်နေ့တွင် အသက် ၂၄ နှစ်မျှသာ ရှိသေးသော ဦးဖေမောင်တင်သည် မြန်မာလူမျိုးများထဲမှ ပထမဆုံးသော ပါမောက္ခအဖြစ် ရန်ကုန်ကောလိပ်၌ ခန့်အပ်ခြင်းခံရသည်။ ရန်ကုန်ဟိုက်စကူးလ်ကျောင်း၌ လုပ်သက်တစ်နှစ်ပြည့်သွားသော ဦးဖေမောင်တင်သည် ရန်ကုန်ကောလိပ်၏ စတုတ္ထမြောက် ပါဠိပါမောက္ခ ဖြစ်လာတော့သည်။ ထိုစဉ်က ရန်ကုန်ကောလိပ်သည် ရန်ကုန်ဆေးရုံကြီးရှေ့ ယခုလသာ အထက(၁)၌ ရှိသည်။

ဆရာကြီး ဦးဖေမောင်တင်သည် မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့ဓလေ့ထုံးစံတို့ကို မြတ်နိုးသူဖြစ်သည်။ နိုင်ငံခြားဝတ်စုံကိုသာ ဝတ်ဆင်သည့် နိုင်ငံခြားသား ပါမောက္ခများအကြားတွင် ဆရာကြီးသည် ပုဆိုးတောင်ရှည်၊ ရင်ဖုံးအင်္ကျီ၊ ခေါင်းပေါင်းတို့ကိုသာ ဝတ်ဆင်လျက် စာပေပို့ချလျက်ရှိသည်။ သူ့ရှေ့မှ ပါဠိပါမောက္ခ မှန်သမျှ တာဝန်ယူထမ်းဆောင်သွားခဲ့သော ဘားနပ်ဒ်ဖရီး (Bernard' Free) စာကြည့်တိုက်မှူး တာဝန်ကိုပါ ဆက်ယူရသည်၊ ပူးတွဲထမ်းဆောင်ရသည်။ စာကြည့်တိုက်သည် မကြီးမားလှသော်လည်း ထားရှိသောစာအုပ်များသည် အဖိုးတန်လှပေသည်။ ရှေးဟောင်းပေစာများနှင့် တကယ့်စာကောင်းပေမွန်များကို စုဆောင်းထားရှိခြင်း ဖြစ်သည်။ စာအုပ်၊ ပေစာများသည် အပျော်ဖတ် မဟုတ်ဘဲ တက္ကသိုလ်အဆင့်ရှိသော စာကြီးပေကြီးများသာဖြစ်သည်။ ထိုကဲ့သို့ စာကြည့်တိုက်မှူး တာဝန်ယူခဲ့ခြင်းက နောင်အခါတွင် ဆရာကြီး၏ စာအုပ်၊ စာပေ ရေးသားထုတ်ဝေခြင်းကို လွန်စွာအကျိုးပြုလေသည်။

**စာပေများ အဆက်မပြတ် ရေးသားခဲ့**

၁၉၁၁ ခုနှစ် ဇွန်လတွင် စတင်ထုတ်ဝေသော သုတေသနဂျာနယ် ထွက်လာသောအခါ 'မစ်ရှစ်နရီ ဘားမီးစ်' ဟူသော ဆရာကြီး ရေးသားသော ဆောင်းပါး ပါလာလေသည်။ ထိုကဲ့သို့ ကလောင်သွေးမှုအောင်မြင်သောအခါ ဆရာကြီးသည် သုတေသနဂျာနယ်တွင် ဆက်လက်ရေးသားရန် စိတ်အားထက်သန်နေသည်။ အမ်အေလည်း အောင်ပြီးဖြစ်၍ ပါဠိကျမ်းစာ အင်္ဂလိပ်ဘာသာပြန်များ၊ ဝေဖန်ရေးဆောင်းပါးများကို ဆက်လက်ရေးသားလျက်ရှိနေစဉ် သုတေသနဂျာနယ်၏ အယ်ဒီတာအဖြစ် တာဝန်ယူရလေတော့သည်။ ပါမောက္ခ၊ စာကြည့်တိုက်မှူး၊ အယ်ဒီတာ တာဝန်များဖြင့် မအားမလပ်နိုင်အောင် အလုပ်များနေသည့်ကြားမှ သုတေသနဆောင်းပါးများ၊ ဝေဖန်စာများ၊ မြန်မာစာပေါရာဏဆောင်းပါးများ၊ မြန်မာကျောက်စာဝန် အစီရင်ခံစာ ဝေဖန်စာများကို သုတေသနဂျာနယ်၌ အဆက်မပြတ် ရေးသားနိုင်ခဲ့သည်။ ထို့ပြင် လန်ဒန်ပါဠိအသင်း ဂျာနယ်သို့လည်း ဆောင်းပါးများပေးပို့ ရေးသားခဲ့သေးသည်။

၁၉၁၈ ခုနှစ်သည် ပါဠိပါမောက္ခ ဦးဖေမောင်တင်အဖို့ သူ့ဘဝတစ်လျှောက်လုံး လိုလားတောင့်တနေခဲ့သော သူ့ဆန္ဒပြည့်ဝစေမည့် မျှော်လင့်ချက်ရောင်ခြည်ကို စတင်မြင်တွေ့လိုက်ရသော နှစ်ဖြစ်သည်။ ထိုနှစ်တွင် အစိုးရက မြန်မာပြည်သူ၊ ပြည်သားများ လိုလားတောင့်တနေသော **ရန်ကုန် ယူနီဗာစီတီ** ကျောင်းကြီးတစ်ကျောင်း တည်ထောင်ဖွင့်လှစ်နိုင်ရန် University Standing Committee တက္ကသိုလ်ဖြစ်မြောက်ရေး ကော်မတီကို ဖွဲ့စည်းပေးလိုက်သည်။ ပညာမင်းကြီး **မက်ဟန်းတား**ကို အဖွဲ့ခေါင်းဆောင်အဖြစ် တာဝန်ပေးသည်။ ရန်ကုန်ကောလိပ်ကျောင်းအုပ်ကြီးသည် အတွင်းရေးမှူးတာဝန်ကို ထမ်းဆောင်ရသည်။ အဖွဲ့၏ ကော်မတီအလုပ်အမှုဆောင်တွင် ပါဠိပါမောက္ခ ဦးဖေမောင်တင်သည် တစ်ဦးတည်းသော မြန်မာအမျိုးသားအဖြစ် တာဝန်ပေးခြင်းခံရသည်။ ကော်မတီ၏ တာဝန်များသည် ယူနီဗာစီတီကျောင်းကြီး တည်ထောင်ဖွင့်လှစ်ပြီးနောက် စာပေသင်ကြားမှုနှင့် စပ်လျဉ်းသည်များကို စီမံခန့်ခွဲနိုင်ရန် ယခုကတည်းက ကြိုတင်ပြင်ဆင်နိုင်ရေး အကြံဉာဏ်ပေးရန် ဖြစ်သည်။

သီးခြားယူနီဗာစီတီကြီး ပေါ်ထွန်းလာပါက ပါဠိပါမောက္ခ ဦးဖေမောင်တင်သည် မြန်မာစာပေ ပျိုးပင်တစ်ပင်ကို ပျိုးထောင်စိုက်ထူရန် အားယူလှုပ်ရှားနေလေသည်။ မြန်မာစာပေမျိုးစေ့ကို ပျိုးချနိုင်ရန်အတွက် Oriental Studies (အရှေ့တိုင်းဘာသာဌာန)တစ်ခုထားရှိရန်နှင့် အဆိုပါဌာနတွင် ပါဠိဘာသာရပ်နှင့်အတူ မြန်မာဘာသာရပ်ကိုလည်း ပါမောက္ခ ဦးဖေမောင်တင် တွဲကိုင်ရမည်ဟု သတ်မှတ်အတည်ပြုပြီးလည်းဖြစ်သည်။ ထို့ကြောင့် သုတေသနဂျာနယ်တွင် ဆောင်းပါးနှင့် ဝေဖန်စာများကို ရေးသားနေခြင်းဖြစ်သည်။ ပေါ်ထွန်းလာတော့မည့် ယူနီဗာစီတီသစ်ကြီးတွင် မြန်မာစာပေကို ပျိုးချနိုင်ရေးအတွက် မြန်မာစာပေထဲမှ မျိုးကောင်း၊ မျိုးသန့်၊ ခံ့ခံ့ညားညားများကို ရှာဖွေထုတ်နုတ် ရေးသားနေခြင်းဖြစ်သည်။

၁၉၂၀ ပြည့်နှစ် စက်တင်ဘာလ ၄ ရက်နေ့တွင် ပါမောက္ခဦးဖေမောင်တင်သည် ပင်လယ်ကူး သင်္ဘောကြီးဖြင့် ရန်ကုန်ဆိပ်ကမ်းမှ အင်္ဂလန်သို့ ပညာတော်သင်သွားရန် ခရီးစတင်ထွက်ခွာခဲ့သည်။ ဦးဖေမောင်တင်သည် လမ်းခရီးတွင် ရာသီဥတုဆိုးရွားမှုကြောင့် အင်္ဂလန်သို့ အချိန်မီ မရောက်ဘဲ နောက်ကျသွားလေသည်။ ထို့ကြောင့် သူလျှောက်ထားသော Oxford တက္ကသိုလ် လက်အောက်ခံ New College သို့ ဝင်ခွင့်မရဘဲ Exeter College သို့သာ ဝင်ခွင့်ရလေသည်။ Exeter College သည်လည်း Oxford တက္ကသိုလ်၏ လက်အောက်ခံပင်ဖြစ်သည်။ အင်္ဂလန်သို့ရောက်ရှိပြီး သုံးလနီးပါးအကြာ ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် မြန်မာပြည် ရန်ကုန်ကောလိပ်၏ အကြွင်းမဲ့ သပိတ်မှောက်သတင်းကို ဦးဖေမောင်တင် ကြားသိလိုက်ရလေသည်။

**အောက်စဖို့ဒ်တက္ကသိုလ်ဘွဲ့ရ ကိုဖေမောင်တင်**

ယင်းသို့ အင်္ဂလန်၌ ပညာဆည်းပူးနေစဉ် ဦးဖေမောင်တင်သည် အဋ္ဌသာလိနီ အဋ္ဌကထာကျမ်းနှင့် ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာကျမ်းတို့ကို မူရင်းပါဠိဘာသာမှ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုလေသည်။ ဤကျမ်းနှစ်စောင်သည် လွန်စွာ ခက်ခဲနက်နဲလှသောကြောင့် ပညာရှင်

စာမျက်နှာ ၉ သို့



### စာရေးသူ၏ အတ္ထုပ္ပတ္တိ အကျဉ်း

- အမည်ရင်းမှာ ဒေါက်တာအောင်သန်းဝင်း ဖြစ်သည်။ ၁၉၆၈ ခုနှစ်တွင် ညောင်ဦးမြို့နယ် လက်ဝဲကျေးရွာ၌ မွေးဖွားသည်။ မူလတန်းပညာကို လက်ဝဲရွာ (အ.မ.က)၊ (အ.မ.က-၂) ညောင်ဦးတို့တွင် ပညာသင်ယူခဲ့သည်။ အလယ်တန်းကို လက်ဝဲရွာ တွဲဖက် အထက်တန်းကျောင်း (ယခု-လက်ဝဲ အ.ထ.က) တွင် ပညာဆည်းပူးခဲ့သည်။ ဒသမတန်းကို ၁၉၈၆ ခုနှစ်တွင် ညောင်ဦး (အ.ထ.က) မှ အောင်မြင်သည်။
- အရှေ့တိုင်းပညာ အထူးပြုဖြင့် BA (HONS), MA တို့ကို မန္တလေးတက္ကသိုလ်နှင့် PhD ကို ရန်ကုန်တက္ကသိုလ်တို့မှ ရရှိခဲ့သည်။ ၂၀၁၂ ခုနှစ် ကမ္ဘာ့ဆရာများနေ့၊ တက္ကသိုလ်အဆင့် (ဗဟို) ဆောင်းပါးပြိုင်ပွဲတွင် ဒုတိယရရှိခဲ့သည်။
- မန္တလေးတက္ကသိုလ်၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ ရန်ကုန်တက္ကသိုလ်၊ ပင်လုံတက္ကသိုလ်၊ ဒဂုံတက္ကသိုလ်၊ တောင်ငူတက္ကသိုလ်၊ သမဝါယမတက္ကသိုလ် (စစ်ကိုင်း) တို့တွင် အဆင့်ဆင့် တာဝန် ထမ်းဆောင်ခဲ့သည်။ ယခုအခါ မအူပင်တက္ကသိုလ်၊ အရှေ့တိုင်း ပညာဌာန၌ ပါမောက္ခ (ဌာနမှူး) အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိပါသည်။

# ရန်ကုန်တက္ကသိုလ် နှစ်တစ်ရာပြည့်အထိမ်းအမှတ်ဆောင်းပါး



*စာမျက်နှာ ၈ မှ*


အများပင် ဘာသာပြန်ဆိုခြင်း မပြုဝံ့ကြပေ။ ဆရာကြီးဦးဖေမောင်တင်က ပြန်ဆိုမည်ပြု သောအခါ၌လည်း မအောင်မြင်နိုင်ဟုဆိုကာ တားမြစ်ကြလေသည်။ သို့သော် ဆရာကြီး သည် နောက်မဆုတ်ခဲ့။ ဗီဇအားဖြင့် သူများ မသိသေးသည်ကို သိချင်သူဖြစ်သည်။ သူများ မလုပ်သေးသည်ကို လုပ်ချင်သူဖြစ်သည်။ အခက်အခဲများကို နိုင်အောင်ကျော်လွှားချင် သူဖြစ်သည်။ ထို့ကြောင့် လူအား၊ ဉာဏ်အား အထူးအားစိုက်လျက်ပြန်ဆိုရာ အောင်မြင် ပြီးစီးခဲ့ပြီး **ယိုးဒယား(ထိုင်း) ဘုရင်က ရွှေဒင်္ဂါး ပေါင်တစ်ထောင်** ဆုချီးမြှင့်တော်မူသည်။ ထို့ပြင် **ဝိသုဒ္ဓိမဂ်ထဲမှ ပညာပိုင်း**ကို ကျမ်းပြု တင်သွင်းရာ **အောက်စဖို့ဒ် တက္ကသိုလ်မှ ဘီလစ်ဘွဲ့** ရရှိလေသည်။

ဦးဖေမောင်တင်သည် **အောက်စဖို့ဒ် တက္ကသိုလ်မှ ဘီလစ်**ဘွဲ့ကြီးကို ယူဆောင်ကာ မြန်မာပြည် ရန်ကုန်မြို့သို့ **၁၉၂၄ ခုနှစ် ဩဂုတ်လ ၃၁ ရက်**နေ့တွင် ပြန်လည်ရောက် ရှိသည်။ နောက်တစ်နေ့ စက်တင်ဘာလ ၁ ရက်နေ့တွင် ရန်ကုန်ယူနီဗာစီတီ အရှေ့တိုင်း ဘာသာရပ်ဌာန၌ ပါမောက္ခ၊ ဌာနမှူးအဖြစ် တာဝန်ကို ထမ်းဆောင်ရသည်။ ထိုအချိန်တွင် ဆရာကြီး၏ အသက်မှာ ၃၆ နှစ်ရှိပြီ ဖြစ်သည်။ အရှေ့တိုင်းဘာသာရပ်ဌာန၏ လက်အောက် တွင် ပါဠိနှင့် မြန်မာစာတို့ ပါဝင်သည်။ သို့သော်လည်း အမှန်တကယ် သင်ကြားရ သည်မှာ ပါဠိဘာသာ အဓိက ဖြစ်သည်။ မြန်မာစာဘာသာရပ်အနေဖြင့် အင်တာ ပထမနှစ်တွင်သာ စာစီစာကုံးရေးသားဖြေဆို နည်းလေးပဲပါသည်။ ကျန်အတန်းများတွင် မြန်မာစာ ပြဋ္ဌာန်းထားခြင်း မရှိပေ။ ထို့ကြောင့် ဦးဖေမောင်တင်သည် အချိန်ဆွဲ မနေတော့ဘဲ ယူနီဗာစီတီ၌ မြန်မာစာ သင်ကြားမှုစနစ် ချဲ့ထွင်ပေးရန် သက်ဆိုင်ရာ အာဏာပိုင်များကို အရေးဆိုလိုက်သည်။ သူ၏ တောင်းဆိုချက်ကို ယူနီဗာစီတီဆီးနိတ် အဖွဲ့ကလည်း ခွင့်ပြုသည်။

**မြန်မာစာပေ တိုးတက်ရေးဆောင်ရွက်မှုများ**

ထိုကဲ့သို့ မြန်မာစာပေမျိုးစေ့မှ အညှောက်တက်လာသည့် အခြေအနေကို ရရှိသွားသော ပါဠိ ပါမောက္ခကြီး ဦးဖေမောင် တင်သည် မြန်မာစာကို လုံးဝမသင်ကြားခဲ့ရ သော အင်္ဂလိပ်ကပြားနှင့် အိန္ဒိယအနွယ် ကျောင်းသားများကို သူကိုယ်တိုင် ကကြီး၊ ခခွေးမှစ၍ သင်ကြားပေးလိုက်လေသည်။ ဆရာကြီး ဦးဖေမောင်တင်သည် တက္ကသိုလ် ကျောင်းသားတိုင်း လူမျိုးမရွေး၊ ဘာသာမရွေး မြန်မာစာစီစာကုံးကို မသင်မနေရအောင် ဖြစ်အောင်ဆောင်ရွက်သည်။ ထို့နောက် မြန်မာစာပေကို ဥပစာတန်း၊ ဝိဇ္ဇာတန်း၊ ဂုဏ်ထူးတန်း၊ မဟာဝိဇ္ဇာတန်းအထိ သင်ယူ ခွင့်ရအောင် ဆောင်ရွက်သည်။ မြန်မာစာဌာန၊ မြန်မာအသင်း ဟူ၍ဖြစ်လာအောင်လည်း ဆောင်ရွက်သည်။ ထိုသို့ဆောင်ရွက်နိုင်ရန် လည်း အာဏာပိုင်တို့ကို အမျိုးမျိုးအရေးဆို ရ၏။ မြန်မာစာဆရာ ဆရာပွားအပြင် ဆရာ လင်း၊ ပုဂံဝန်ထောက် ဦးတင်စသော ပညာရှိ တို့ကို စည်းရုံးခေါ်ယူရ၏။ တိမ်မြုပ်နေသော မြန်မာစာဟောင်း၊ ပေဟောင်းများကိုလည်း စုဆောင်းရ၏။ ကမ္ဘည်းကျောက်စာများ စနစ်တကျလေ့လာနိုင်ရေးကိုလည်း ကြိုးပမ်း ရ၏။ ယနေ့ ပညာရှင်များ၊ ကျောင်းသူ ကျောင်းသားများ ပုဂံကျောက်စာများကို စနစ်တကျလေ့လာနိုင်သည်မှာ ဆရာကြီး ဦးဖေမောင်တင်၏ တစိုက်မတ်မတ် ကြိုးပမ်း အားထုတ်မှုကြောင့်ပင်ဖြစ်သည်။

ဦးဖေမောင်တင်သည် မြန်မာပြဋ္ဌာန်း စာအုပ်များ ပေါ်ထွန်းရေးကိုလည်း ကြိုးစားရ ပြန်သည်။ မြန်မာစာပေသင်ကြားရာတွင် မြန်မာစာအုပ်ဟူ၍ မည်မည်ရရမရှိဖြစ်နေရာ ဆရာကြီးသည် မြန်မာနိုင်ငံ သုတေသန အသင်း၏ အကူအညီဖြင့် ပျို့၊ အလင်္ကာ၊ ရတု၊ ရာဇဝင်၊ မော်ကွန်း၊ ပြဇာတ်၊ ဝတ္ထုစသော မြန်မာရှေးဟောင်းပေစာများထဲမှ အသင့် လျော်ဆုံးတို့ကို ရွေးချယ်ကာ စာအုပ်အဖြစ် တည်းဖြတ် ပုံနှိပ်ထုတ်ဝေခဲ့သည်။ ဆရာကြီး ၏ ကြိုးပမ်းအားထုတ်မှုကြောင့် ၁၉၂၄ ခုနှစ်မှ ၁၉၃၆ ခုနှစ်အတွင်း ရှေးဟောင်းမြန်မာစာပေ စာအုပ်ပေါင်း ၄၆ မျိုး ထုတ်ဝေနိုင်ခဲ့သည်။ ထို့ပြင် ဆရာကြီးကိုယ်တိုင် သုတေသန ဂျာနယ်၌ မြန်မာစာ၊ မြန်မာမှုဆိုင်ရာ စာတမ်း များကို အင်္ဂလိပ်ဘာသာဖြင့် ရေးသားခဲ့သည်။ ထိုစဉ်က ရေးသားခဲ့သော စာတမ်းပေါင်းမှာ ၅၀ ကျော်ရှိသည်ဟု အမှတ်အသားရှိသည်။



ရန်ကုန်တက္ကသိုလ်၏ ပထမဆုံးသော မြန်မာလူမျိုး ကျောင်းအုပ်ကြီးဖြစ်လာသူ ဆရာကြီး ဦးဖေမောင်တင်(အလယ်)။

**“ဦးဖေမောင်တင်သည် မြန်မာပြဋ္ဌာန်းစာအုပ်များ ပေါ်ထွန်းရေးကိုလည်း ကြိုးစားရ ပြန်သည်။ မြန်မာစာပေသင်ကြားရာတွင် မြန်မာစာအုပ်ဟူ၍ မည်မည်ရရမရှိဖြစ်နေရာ ဆရာကြီးသည် မြန်မာနိုင်ငံ သုတေသနအသင်း၏ အကူအညီဖြင့် ပျို့၊ အလင်္ကာ၊ ရတု၊ ရာဇဝင်၊ မော်ကွန်း၊ ပြဇာတ်၊ ဝတ္ထုစသော မြန်မာရှေးဟောင်းပေစာများထဲမှ အသင့်လျော်ဆုံးတို့ကို ရွေးချယ်ကာ စာအုပ်အဖြစ် တည်းဖြတ်ပုံနှိပ်ထုတ်ဝေခဲ့သည်။ ဆရာကြီး၏ ကြိုးပမ်းအားထုတ်မှုကြောင့် ၁၉၂၄ ခုနှစ်မှ ၁၉၃၆ ခုနှစ်အတွင်း ရှေးဟောင်းမြန်မာစာပေ စာအုပ်ပေါင်း ၄၆ မျိုး ထုတ်ဝေနိုင်ခဲ့သည်”**

ဆရာကြီးဦးဖေမောင်တင်၏ ကြိုးပမ်းမှု တို့တွင် မြန်မာဝေါဟာရများ ထွန်းကားလာစေ ရန် ကြိုးပမ်းမှုသည်လည်း ထင်ရှားလှပေ သည်။ ထိုသို့ကြိုးပမ်းရာတွင် ဆရာကြီးကို သခင်ကိုယ်တော်မှိုင်း၊ ဆရာပွား၊ ဆရာလင်း၊ ဆရာရိတ်စသော မြန်မာပညာရှိများသည် အထူးအကူအညီပေးခဲ့သည်ဟု ကြားသိရပါ သည်။ ဆရာကြီးတို့၏ ကြိုးပမ်းမှုသည် များစွာထိရောက်လှပေသည်။ ထိုစဉ်ကသုံးစွဲ နေသော **ယူနီဗာစီတီ** ဟူသောစကားလုံးကို ဆရာကြီးတို့က **တက္ကသိုလ်**ဟူသော ဝေါဟာရ ဖြင့် ပြောင်းလဲသုံးစွဲနိုင်ခဲ့ပါသည်။ ဝိဇ္ဇာ၊ သိပ္ပံ စသောဝေါဟာရများမှာလည်း ဆရာကြီးတို့ တီထွင်ခဲ့သော ဝေါဟာရများပင် ဖြစ်သည်။ ယနေ့ တိရစ္ဆာန်ရုံ၌ တိရစ္ဆာန်များ၏ အမျိုး အမည်ကို မြန်မာဝေါဟာရဖြင့် ခေါ်ဝေါ်သုံးစွဲ နေရသည်မှာ ဆရာကြီးများ၏ ကြိုးပမ်းချက် ပင် ဖြစ်ပေသည်။ ယနေ့မြန်မာစာပေသမိုင်း၌ သုံးစွဲနေသည့် **ခေတ်စမ်းစာပေ** ဟူသော ဝေါဟာရသည်လည်း ဆရာကြီး ဦးဖေမောင် တင် တီထွင်အသုံးပြုခဲ့သော ဝေါဟာရပင်ဖြစ် သည်။

**ပထမဆုံးသော မြန်မာလူမျိုးကျောင်းအုပ်ကြီး**

၁၉၃၆ ခုနှစ်တွင် တက္ကသိုလ်ကျောင်းအုပ် ကြီး မစ္စတာစလော့ အမှုးပြုသော အာဏာပိုင် များက တက္ကသိုလ်ကျောင်းသားများသမဂ္ဂ ဥက္ကဋ္ဌ ကိုနုကို ကျောင်းထုတ်လိုက်ပြီး အိုးဝေ မဂ္ဂဇင်း တာဝန်ခံအယ်ဒီတာ ကိုအောင်ဆန်း ကိုလည်း ကျောင်းထုတ်ရန် စီစဉ်လေသည်။ ဤဖိနှိပ်မှုတို့ကို အကြောင်းပြု၍ ဒုတိယ ကျောင်းသားသပိတ်ကြီး ပေါ်ပေါက်လာလေ တော့သည်။ ထိုအခါ နယ်ချဲ့အစိုးရသည် လူမျိုးခြားကို ကျောင်းအုပ်မခန့်ဘဲ မြန်မာ လူမျိုးတစ်ဦးကို ကျောင်းအုပ်ခန့်မှ ဖြစ်တော့ မည်ဟု စဉ်းစားမိလာသည်။ ထို့ကြောင့် တက္ကသိုလ်လောက၌ အထင်ရှားဆုံးဖြစ်သော၊ ကျောင်းသားများ၏ ချစ်ခင်လေးစားမှုကို လည်း ခံယူရရှိနေသော ဆရာကြီး ဦးဖေမောင် တင်ကို ကျောင်းအုပ်ကြီးခန့်လိုက်လေတော့ သည်။ ဆရာကြီးသည် ၁၉၃၆ ခုနှစ် ဇွန်လတွင် ရန်ကုန်တက္ကသိုလ်ကျောင်းအုပ်ကြီး တာဝန် ကို စတင်ထမ်းဆောင်ရသည်။ ထို့နောက် ၁၉၃၇ ခုနှစ် ဇူလိုင်လ ၁၇ ရက်နေ့ထုတ် သူရိယသတင်းစာ၌ တက္ကသိုလ်ကျောင်းအုပ် ကြီး ဦးဖေမောင်တင်နှင့် ပတ်သက်သော သတင်းတစ်ပုဒ် ဖော်ပြပါရှိလာသည်။ ထို သတင်းမှာ **“ရန်ကုန်မြို့ ယူနီဗာစီတီ သိပ္ပံ ကျောင်းတော်ကြီး ချုန်ဆလာဖြစ်တော်မူသော ဘုရင်ခံမင်းကြီးက ဦးဖေမောင်တင် အမ်အေ၊ ဘီလစ်၊ အိုင်အီးအက်စ်အား ၁၉၃၇ ခုနှစ်၊ ဇွန်လ ၁၉ ရက်နေ့မှ အစပြု၍ ရန်ကုန်မြို့ ယူနီဗာစီတီ သိပ္ပံကျောင်းအုပ်ကြီးအဖြစ် အမြဲ တမ်း ခန့်အပ်တော်မူပြီးဖြစ်ကြောင်း”** ဟူ၍ ဖြစ်သည်။

မြန်မာလူမျိုးများထဲမှ ထူးထူးခြားခြား တက္ကသိုလ်ကျောင်းအုပ်ကြီးအဖြစ် အမြဲတမ်း ခန့်အပ်ခြင်းခံရသော ဦးဖေမောင်တင်အား ရန်ကုန်တက္ကသိုလ် ကျောင်းအသင်းအဖွဲ့ ပေါင်းစုံနှင့် အဆောင်များက ဂုဏ်ပြုပွဲကြီး ပြုလုပ်ပေးလေသည်။ တက္ကသိုလ်ကျောင်းအုပ် ကြီးအဖြစ် ပခုံးပြောင်း တာဝန်ယူလိုက်ရ သော ဦးဖေမောင်တင်သည် ပထမ ကျောင်းအုပ်ဟောင်းက မဖြေရှင်းခဲ့သော ပြဿနာအရပ်ရပ်နှင့် အသစ်ထပ်မံပေါ်ပေါက် လာသော ပြဿနာအထွေထွေတို့ကို ဒိုင်ခံဖြေ ရှင်းပေးနေရသည်။ ဆရာကြီးသည် ယခုကဲ့သို့ တက္ကသိုလ်ကျောင်းအုပ်ကြီးရာထူးကို ထူးထူး ခြားခြား ရရှိခြင်းကို အသုံးချကာ ကိုလိုနီလက် အောက်ခံဘဝ ရောက်နေရသော မြန်မာနိုင်ငံ သူ၊ နိုင်ငံသားများအား သခင်ပညာသင်ယူ တတ်မြောက်နိုင်ရေးကို ကျောင်းအုပ်ကြီး အာဏာသုံးကာ ဆတက်တိုး၍ အကျိုးပြု ဖြည့်စွမ်းနေပေသည်။ ဦးဖေမောင်တင်သည် ကျောင်းအုပ်ကြီးအဖြစ်နှင့် တက္ကသိုလ် ကျောင်းကြီးတစ်ကျောင်းလုံး၏ တာဝန်နှင့် ဝတ္တရားများကို မအားမလပ် စီမံခန့်ခွဲနေရ သည့် ကြားမှပင် မြန်မာစာပေနှင့် ပတ်သက် သော ရေးသား၊ ဟောပြောပို့ချခြင်းများကို လည်း မလစ်ဟင်းရအောင် ကြိုးစား ဆောင်ရွက်လျက်ရှိလေသည်။ ဆရာကြီးသည် တစ်ချိန်လုံးရှာဖွေတေးမှတ်ထားသော မှတ်စု၊ မှတ်တမ်းများကို စုစည်းစီစဉ်၍ မြန်မာစာ ပြဋ္ဌာန်းစာအုပ်များအဖြစ် ရေးသားထုတ်ဝေ လေသည်။

**မန္တလေးမြို့သို့ပြောင်းရွှေ့ရခြင်း**

ဒုတိယကမ္ဘာစစ်မီးကြီး မြန်မာနိုင်ငံသို့ ကူးလာသဖြင့် အင်္ဂလိပ်အစိုးရသည် အစိုးရ အဖွဲ့ကို ရန်ကုန်မြို့မှ မေမြို့သို့ ပြောင်းရွှေ့မည် ဖြစ်၍ သက်ဆိုင်ရာ အစိုးရအမှုထမ်းများကို ၁၉၄၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့မတိုင်မီ အားလုံး အသင့်ပြင်ထားရမည်ဟု အမိန့် ထုတ်ပြန်လိုက်လေသည်။ ထို့ကြောင့် ရန်ကုန် တက္ကသိုလ်ကျောင်းအုပ်ကြီး ဦးဖေမောင်တင် သည် သူ့မိသားစုနှင့်အတူ မန္တလေးမြို့သို့ စစ်ပြေးခရီး ထွက်ခဲ့ရလေတော့သည်။ ဦးဖေ မောင်တင်သည် မြို့ပြောင်း၍ ရုံးခန်းဖွင့်လှစ် ကြောင်းကို ၁၉၄၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်၊ တနင်္ဂနွေနေ့ထုတ် မြန်မာ့အလင်း သတင်းစာ၌ ကြော်ငြာထည့်လိုက်လေသည်။

**တက္ကသိုလ်ကျောင်းအုပ်ကြီးရုံး**

**ရန်ကုန်မြို့ ယူနီဗာစီတီတက္ကသိုလ် ကျောင်း၊ ကျောင်းအုပ်ကြီးရုံးကို မန္တလေးသို့ ခေတ္တရွှေ့ပြောင်းပြီးဖြစ်ရာ ၁၉၄၂ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်နေ့ မှစ၍ တက္ကသိုလ်နှင့် သက်ဆိုင်သော ကိစ္စအဝဝတို့အတွက် အောက်ပါလိပ်စာ အတိုင်း ဆက်သွယ်ကြစေလိုကြောင်း။**

**မန္တလေးမြို့**

**ယူနီဗာစီတီတက္ကသိုလ်**

**ကျောင်းအုပ်ကြီးသို့**

ရုံးခန်းကို ခပ်စောစော ပြောင်းရွှေ့ဖွင့်လှစ် ထားသော်လည်း စစ်မက်လွှမ်းနေသော ခေတ်ပျက်ကြီးထဲ၌ လုပ်ကိုင်ညွှန်ကြားစရာ များ ဘာမျှမရှိသော တက္ကသိုလ်ကျောင်းအုပ် ကြီး ဦးဖေမောင်တင်သည် တစ်နေ့တစ်နေ့ သတင်းစာများထဲမှ မြန်မာ့စစ်နှင့် ကမ္ဘာ့စစ် အခြေအနေသတင်းများကို ဖတ်ရှုလေ့လာ ခြင်းဖြင့်သာ အချိန်ကုန်နေရလေသည်။ သတင်းစာများထဲ၌ ၁၉၄၂ ခုနှစ် မတ်လ ၁၂ ရက်နေ့၌ ရန်ကုန်မြို့ကို ဂျပန်များက သိမ်းမိ သွားပြီဖြစ်ကြောင်း ဖော်ပြပါရှိခဲ့လေသည်။ ၁၉၄၂ ခုနှစ် ဇွန်လ ၄ ရက်၌ ဗမာပြည်ဗဟို အုပ်ချုပ်ရေး ပြန်လည်ထူထောင်မှု ကော်မတီ ကို ဦးဆောင်ဖွဲ့စည်းရန် ဂျပန်စစ်သေနာပတိ ကြီး၏ တာဝန်လွှဲအပ်မှုအရ တို့ဗမာဆင်းရဲ သားခေါင်းဆောင်ကြီး ဒေါက်တာဗမော်က ဦးဖေမောင်တင်အား အမြန်ဆုံးလာခဲ့ပါဟု ဆင့်ခေါ်လိုက်သည်။ ထို့ကြောင့် ဆရာကြီးတို့ မိသားစုသည် ရန်ကုန်သို့ ပြန်ရလေသည်။

**အငြိမ်းစားမယူဘဲ တာဝန်များ ဆက်လက် ထမ်းဆောင်**

ရန်ကုန်သို့ရောက်သောအခါ ဆရာကြီးတို့ မိသားစုသည် ဖိုးစိန်လမ်းရှိ နာမည်ကျော် ဇာတ်မင်းသား ဂရိတ်ဦးဖိုးစိန်နှင့် ခြံချင်းကပ် အိမ်၌ နေထိုင်ရလေသည်။ ဂျပန်များက ရန်ကုန်တက္ကသိုလ်နယ်တစ်ခုလုံးကို စစ်ရုံး ချုပ်အဖြစ် သိမ်းယူအသုံးပြုထားလေသည်။ ထို့ကြောင့် ဦးဖေမောင်တင်သည် ရန်ကုန် တက္ကသိုလ်ရုံးခန်းကို ဗျိုင်းရေအိုးစင်လမ်း၌ ဖွင့်လှစ်လိုက်ရသည်။ တက္ကသိုလ်သင်တန်း များကိုမူ ရန်ကုန်မြို့တွင်း ကော်မရှင်နာလမ်းရှိ ဆေးရုံကြီးနှင့် မျက်နှာချင်းဆိုင်မှ **စိန့်ဂျွန်း မိန်းကလေးကျောင်း**၌ ဖွင့်လှစ်သင်ကြားပေးရ သည်။ ဤသို့ဖြင့် ဆရာကြီး ဦးဖေမောင်တင် သည် ၁၉၄၃ ခုနှစ် ဧပြီလ ၂၄ ရက်နေ့၌ အသက် ၅၅ နှစ်ပြည့်ကာ အငြိမ်းစားယူရမည့် အရွယ်သို့ ရောက်ရှိလာသည်။ သို့သော် သက်ဆိုင်ရာ အစိုးရက ဆရာကြီးအား အငြိမ်း စားမပေးဘဲ လက်ရှိတာဝန်ကို ဆက်လက် ထမ်းဆောင်စေသည်။ ဦးဖေမောင်တင်က လည်း မငြင်းဆန်ဘဲ တက္ကသိုလ်ကျောင်းအုပ် ကြီး (တက္ကသိုလ်အုပ်ချုပ်ရေးအဖွဲ့၊ ဥက္ကဋ္ဌ) တာဝန်များကို ဝမ်းသာအားရ ဆက်လက် ဆောင်ရွက်သည်။

တစ်ဖန် ၁၉၄၅ ခုနှစ် မေလ ၃ ရက်နေ့၌ မဟာမိတ် အင်္ဂလိပ်စစ်တပ်များသည် ရန်ကုန် ကို ပြန်လည်သိမ်းပိုက်လိုက်သည်။ ၁၉၄၅ ခုနှစ် ဩဂုတ်လ ၆ ရက်နေ့၌ ဒုတိယကမ္ဘာစစ် ကြီး ပြီးဆုံးလေတော့သည်။ ထို့နောက် စစ်တလင်းအဖြစ် နင်းချေခံခဲ့ရသော မြန်မာ ပြည်သည်လည်း ပြန်လည်ထူထောင် ရေးလုပ်ငန်းများကို ပြုလုပ်ကြရသည်။ ဆရာကြီးသည် ဂျပန်ခေတ်တွင် ၁၉၄၃ ခုနှစ်မှ ၁၉၄၅ ခုနှစ်အထိ တက္ကသိုလ် အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ တစ်ဖန် အင်္ဂလိပ်တို့ ပြန်လည်ဝင်ရောက်လာ ပြီး ဆရာကြီးသည် ရန်ကုန်တက္ကသိုလ်ကျောင်း အုပ်ကြီးတာဝန်ကို ဆက်လက်ထမ်းဆောင် ကာ အသက် ၅၈ နှစ် အရွယ်တွင် အငြိမ်းစားယူ လိုက်လေတော့သည်။

လွတ်လပ်ရေးရပြီး မြန်မာအစိုးရသည် ဆရာကြီးအား ပါဠိဂုဏ်ထူးဆောင်ပါမောက္ခ၊ ဘာသာပြန် စာပေအသင်းသုခမိန်အဖွဲ့ ဥက္ကဋ္ဌ၊ ရန်ကုန်တက္ကသိုလ် ဘာသာပြန်နှင့် စာအုပ် ထုတ်ဝေရေးဌာန အကြံပေးအဖွဲ့ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ သမိုင်းကော်မရှင် ဥက္ကဋ္ဌ စသည့် တာဝန်များကို ပေးလေသည်။ ထို့ကြောင့် ဆရာကြီးသည် ပေးအပ်သော တာဝန်များကို ထမ်းဆောင်လျက် အနားမယူခဲ့ပေ။ ဆရာကြီး သည် ဘာသာရပ်၊ ပညာရပ်အပေါ် လွန်စွာ အလေးအနက်ထားသော သုတေသနပညာရှင် ဖြစ်သည်။ ပြည်ထောင်စုတိုင်းရင်းသားလူမျိုး များစည်းလုံးညီညွတ်ရေးကို အထူးလိုလားသူ ဖြစ်သည်။ တစ်ဖန် တိုင်းရင်းသား စည်းလုံး ညီညွတ်ရေးကို ဆောင်ရွက်ရာတွင် တိုင်းရင်း သားများဆီသို့ မြန်မာစာပေကို ပြန့်ပွားအောင် ဆောင်ရွက်ခြင်းဖြင့် နားလည်မှု၊ ရင်းနှီးမှု၊ ချစ်ကြည်မှု၊ သွေးစည်းမှုတို့ ရနိုင် ကြောင်း ယုံကြည်ထားသူလည်းဖြစ်သည်။

ဆရာကြီးသည် သူ့ဘဝ သက်တမ်း တစ်လျှောက်တွင် **၁၉၂၄ ခုနှစ်မှ ၁၉၃၆ ခုနှစ် အထိ ပါဠိနှင့် မြန်မာစာ ပါမောက္ခအဖြစ် ထမ်းဆောင်လျက် မြန်မာစာပေထွန်းကားရေး ကို အပြင်းအထန် ကြိုးပမ်းလုပ်ကိုင်ရသော အချိန်သည် အပျော်ဆုံးဖြစ်သည်ဟု** ပြောလေ့ ရှိပါသည်။ **တပည့်သည် ဆရာထက် တော်ရ မည်။ တပည့်သည် ဆရာထက် ညံ့နေလျှင် လောကကြီးသည် တစ်ဆင့်ပြီး တစ်ဆင့် ကျဆင်းသွားမည်ဖြစ်သည်။ တပည့်သည် ဆရာထက်မတော်လျှင် ဆရာညံ့၍ ဖြစ်သည်** ဟူသော ဆရာကြီး၏ ဩဝါဒကိုလည်း လေးလေးစားစား မှတ်သားရပါသည်။ ဆရာကြီးသည် အမေရိကန် တက္ကသိုလ်များ သို့ ပါဠိဘာသာ၊ ဗုဒ္ဓစာပေများကိုလည်း သွား ရောက်ပို့ချခဲ့ပါသည်။ ကမ္ဘာကျော် ပါဠိပညာ ရှင်၊ ပါဠိပါမောက္ခ၊ သုတေသနပညာရှင်၊ မြန်မာစာဌာနတည်ထောင်သူ၊ မြန်မာစာပေ အဆင့်အတန်း မြင့်မားစေသူ၊ မြန်မာစာ ပါမောက္ခ၊ ရန်ကုန်တက္ကသိုလ်ကျောင်းအုပ်ကြီး စသော ဂုဏ်ထူးဝိသေသများနှင့် ပြည့်စုံ နေသော ဆရာကြီး ဦးဖေမောင်တင်အား ဂုဏ်ပြုလျက် ရေးသားတင်ပြလိုက်ရပေသည်။

(သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာများကို ဤဆောင်းပါးဖြင့် ကန်တော့ပါ၏။ )


ကျမ်းကိုး

၁။ ဖေမောင်တင် (သို့မဟုတ်) ဘသက် ရှည် - မလေးလုံ

၂။ ပထမမြန်မာများ - မင်းယုဝေ

၃။ တက္ကသီလာ မြကျွန်းသာ (ရန်ကုန် တက္ကသိုလ်သမိုင်း) တက္ကသိုလ်ခင်မောင်ဇော်

# သတ္တမအကြိမ် မြန်မာ-အိန္ဒိယ ကုန်သွယ်ရေးပူးတွဲကော်မတီအစည်းအဝေး ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၄**

သတ္တမအကြိမ်မြန်မာ-အိန္ဒိယ ကုန်သွယ်ရေးပူးတွဲကော်မတီ အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁၂ နာရီခွဲက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညီလာခံခန်းမ၌ Virtual စနစ်ဖြင့် ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့် အိန္ဒိယနိုင်ငံ Ministry of Commerce and Industry, Railways, Consumer Affairs, Food and Public Distribution ဝန်ကြီး Mr. Piyush Goyal တို့က ပူးတွဲဥက္ကဋ္ဌများအဖြစ် ဆောင်ရွက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ယခုကဲ့သို့ မြန်မာ- အိန္ဒိယ နှစ်နိုင်ငံကုန်သွယ်ရေး ပူးတွဲကော်မတီအစည်းအဝေး ကျင်းပခြင်းအားဖြင့် မိမိတို့နှစ်နိုင်ငံအကြား ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ စိုက်ပျိုးမွေးမြူရေး၊ အထည်အလိပ်၊ ပို့ဆောင်ဆက်သွယ်ရေး၊ ဘဏ်လုပ်ငန်းစသည့်ကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်ဖြင့် ပိုမိုတိုးတက်လာလိမ့်မည်ဟု မိမိအနေဖြင့် ယုံကြည်ပါကြောင်း၊ လက်ရှိဖြစ်ပေါ်နေသော ကိုဗစ်- ၁၉ ကမ္ဘာ့ကပ်ရောဂါကြောင့် ကမ္ဘာတစ်ဝန်းလုံးတွင် စီးပွားရေးအကျပ်အတည်းများ ကြုံတွေ့လျက်ရှိရာ မိမိတို့နှစ်နိုင်ငံအကြား ယခုကဲ့သို့ ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် အခက်အခဲများကို အတူလက်တွဲ၍ ရင်ဆိုင်ကျော်လွှားသွားနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ယနေ့အစည်းအဝေး၏ ရလဒ်များသည် နှစ်နိုင်ငံကုန်သွယ်မှုကို ပိုမိုတိုးမြှင့်ဆောင်ရွက်သွားရန်နှင့် ဖြစ်နိုင်ခြေရှိသော ပူးပေါင်းဆောင်ရွက်မှု နယ်ပယ်များကို ရှာဖွေရန်အတွက် ခိုင်မာသောအုတ်မြစ်ဖြစ်လိမ့်မည်ဟုယုံကြည်ပါကြောင်း၊ မိမိတို့အနေဖြင့် အပြန်အလှန်အကျိုးဖြစ်ထွန်းစေရန်အတွက် ကုန်သွယ်ရေးနှင့် အခြားကဏ္ဍများတွင် အိန္ဒိယနိုင်ငံနှင့် နီးကပ်စွာ အပြုသဘောဆောင်၍ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အိန္ဒိယနိုင်ငံ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာနဝန်ကြီး Mr. Piyush Goyal က နှစ်နိုင်ငံ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေး အရှိန်အဟုန်မြှင့်တင်ရန်အတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ပြင် မြန်မာနှင့် အိန္ဒိယနှစ်နိုင်ငံ ကုန်သွယ်မှုတိုးတက်စေရေးအတွက် MYANTRADE နှင့် India Trade Promotion Organization (ITPO) တို့ အကြား နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ အိန္ဒိယနိုင်ငံအနေဖြင့် မြန်မာနိုင်ငံတွင် ကဏ္ဍပေါင်းစုံ၌ ရင်းနှီးမြှုပ်နှံလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ အခြေခံအဆောက်အဦ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်း/တံတားစီမံကိန်းများကို ဆက်လက်ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ပြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အိမ်နီးချင်းကောင်းပီသစွာဖြင့် နည်းပညာဆိုင်ရာ အကူအညီအထောက်အပံ့များကို ဆက်လက်ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုများတွင်သာမက အခြားကဏ္ဍများတွင်လည်း ဆက်လက်ပူးပေါင်းဆောင်ရွက်သွားခြင်းအားဖြင့် နှစ်နိုင်ငံအကြား ကုန်သွယ်မှုများ တိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်ဦးမင်းမင်းက ယခုအစည်းအဝေးမတိုင်မီ အောက်တိုဘာ ၁၆ ရက်တွင် ကျင်းပခဲ့သည့် နှစ်နိုင်ငံ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးတွင် နှစ်ဖက်ညှိနှိုင်းဆွေးနွေးခဲ့သော ကိစ္စရပ်များဖြစ်သည့် နှစ်နိုင်ငံ ကုန်သွယ်မှုပမာဏ တိုးတက်စေရေးအတွက် ပဲမျိုးစုံအပါအဝင် မြန်မာပို့ကုန်များ အိန္ဒိယဈေးကွက်သို့ ပိုမိုတင်ပို့နိုင်ရေးနှင့် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး၊ အိန္ဒိယနိုင်ငံအနေဖြင့် မြန်မာနိုင်ငံတွင် လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍအပါအဝင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရေး၊ ကုန်စည်ပြပွဲများ၊ စီးပွားရေး တွေ့ဆုံဆွေးနွေးပွဲများ ကျင်းပခြင်းဖြင့် နှစ်နိုင်ငံကုန်သွယ်မှုမြှင့်တင်နိုင်ရေး၊ မြန်မာနှင့် အိန္ဒိယနိုင်ငံတို့အကြား နယ်နိမိတ်ကိစ္စရပ်များ ရှင်းလင်းပြီးသည့်နေရာများတွင် နယ်စပ်ဈေးများ ဖွင့်လှစ်သွားနိုင်ရေး၊ မြန်မာ့အထည်အလိပ်ကဏ္ဍဈေးကွက် ပိုမိုတိုးချဲ့နိုင်ရေးအတွက် အိန္ဒိယနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေးနှင့် စိုက်ပျိုးမွေးမြူရေးကဏ္ဍတွင် အိန္ဒိယနိုင်ငံမှ နည်းပညာအကူအညီများ ထောက်ပံ့ပေးနိုင်ရေး၊ မြန်မာ- အိန္ဒိယနှစ်နိုင်ငံ ကုန်စည်စီးဆင်းမှု လွယ်ကူလျင်မြန်စေရေးအတွက် ကုန်သွယ်မှုလမ်းကြောင်းတစ်လျှောက်ရှိ လမ်း/တံတားစီမံကိန်းများအား အိန္ဒိယနိုင်ငံ၏ အကူအညီဖြင့် အဆင့်မြှင့်တင်နိုင်ရေး၊ နှစ်နိုင်ငံဘဏ်များအကြား ပိုမိုနီးကပ်စွာပူးပေါင်းဆောင်ရွက်ရေး၊ အိန္ဒိယနိုင်ငံအနေဖြင့် ASEAN India Trade in Goods Agreement အား Review ပြုလုပ်နိုင်ရေးအပါအဝင် နှစ်နိုင်ငံအကြား ကုန်သွယ်မှု တိုးတက်စေရန်အတွက် အလားအလာရှိသည့် နယ်ပယ်များတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားနိုင်ရေးကိစ္စရပ်များပေါ် ဆွေးနွေးညှိနှိုင်းရရှိမှုများကို ရှင်းလင်းတင်ပြသည်။



ယင်းနောက် နှစ်နိုင်ငံဝန်ကြီးများက အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး ဆွေးနွေးချက်ပါ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်စွက်မှာကြားခဲ့ကြပြီး အိမ်နီးချင်းနိုင်ငံများဖြစ်သည့်အားလျော်စွာ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို အခြေခံ၍ နှစ်နိုင်ငံကုန်သွယ်မှု တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် ကဏ္ဍစုံ၌ အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့်ကိစ္စရပ်များတွင် ယခုထက် ပိုမိုပူးပေါင်းဆောင်ရွက်သွားကြရန် မှာကြားသည်။

အဋ္ဌမအကြိမ် မြန်မာ- အိန္ဒိယ ကုန်သွယ်ရေးပူးတွဲကော်မတီအစည်းအဝေးကို အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် လာမည့်နှစ်အတွင်း နှစ်ဖက်အဆင်ပြေသည့်အချိန်၌ ကျင်းပသွားရန် ညှိနှိုင်းခဲ့ကြသည်။

အစည်းအဝေးသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး၊ အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမိုးကျော်အောင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး Mr. Saurabh Kumar နှင့် နှစ်နိုင်ငံသက်ဆိုင်ရာဝန်ကြီးဌာနများမှကိုယ်စားလှယ်များက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**

# ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်းများတွင်ပါဝင်သော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနနှင့် သက်ဆိုင်သည့် ကဏ္ဍများကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၂၄**

ပြည်ထောင်စု သဘောတူစာချုပ် အစိတ်အပိုင်းများတွင် ပါဝင်သော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနနှင့် သက်ဆိုင်သည့်ကဏ္ဍများကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေး ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါ ဝန်ကြီးဌာန၌ ကျင်းပသည်။ **(ယာပုံ)**



ညှိနှိုင်း ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁)ရာစု ပင်လုံ အစည်းအဝေးများဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိရာ ညီလာခံ(၄)ကြိမ် ကျင်းပပြီးစီးခဲ့ပြီးဖြစ်ကြောင်း၊ ပြီးစီးခဲ့သော ညီလာခံများတွင် ပြည်ထောင်စု သဘောတူစာချုပ်အစိတ်အပိုင်းများကို ချုပ်ဆိုခဲ့ရာ မူဝါဒသဘောတူညီချက်များ ရရှိခဲ့ကြောင်း၊ ဒုတိယအကြိမ်ညီလာခံတွင် (၃၇)ချက်၊ တတိယအကြိမ် ညီလာခံတွင် (၁၄)ချက်နှင့် စတုတ္ထအကြိမ် ညီလာခံတွင် အချက် (၂၀) စုစုပေါင်း သဘောတူညီချက် (၇၁)ချက် ရရှိပြီးဖြစ်ပါကြောင်း၊ အဆိုပါ သဘောတူညီချက်များတွင် မိမိတို့ဝန်ကြီးဌာနနှင့် သက်ဆိုင်သည့် အချက်များကို ဝန်ထမ်းများအားလုံးက ကျယ်ကျယ်ပြန့်ပြန့်သိရှိရန် လိုအပ်သကဲ့သို့ နယ်စပ်ဒေသတိုင်းရင်းသားများ အပါအဝင် ပြည်သူများအားလုံးက သိရှိထားရန်လည်း လိုအပ်ကြောင်း။

မိမိတို့နှင့် သက်ဆိုင်သည့် နိုင်ငံရေးကဏ္ဍနှင့် လူမှုရေးကဏ္ဍများတွင် ပါဝင်သည့် အချို့သော အခြေခံမူအချက်အလက်များသည် မိမိတို့ လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းများတွင် အကျုံးဝင်ပြီး တိုင်းရင်းသားများအပါအဝင် ပြည်သူတစ်ဦးချင်း၏ အခွင့်အရေးများကို ဖော်ဆောင်ရာတွင် သာတူညီမျှခံစားရရှိရေး ပိုမိုကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ဆဲဖြစ်ကြောင်း၊ ထပ်မံလုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များကိုလည်း ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရန် တာဝန်ရှိပါကြောင်း၊ သို့မှသာ နိုင်ငံတော်က ဦးတည်ဆောင်ရွက်လျက်ရှိသော တိုင်းရင်းသားအရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေး၊ စစ်မှန်သော ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုဖြစ်ထွန်းစေမည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲမည့် လုံခြုံဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ ထိရောက် အောင်မြင်အောင် အထောက်အကူပြုနိုင်မည် ဖြစ်ကြောင်း၊ မိမိတို့အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များသည် ရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များဖြစ်သော်လည်း ယခုအချိန်တွင် ကိုဗစ်- ၁၉ ကပ်ရောဂါ၏ စိန်ခေါ်မှုကို ရင်ဆိုင်ရဆဲဖြစ်ရာ လုပ်ငန်းများ နှောင့်နှေးမှုမရှိစေဘဲ လုပ်ငန်းစဉ် အကောင်အထည် ဖော်မှုတိုင်းတွင် ကိုဗစ်- ၁၉ ဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များကို ထည့်သွင်းလျက် လိုက်နာဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များက ပြည်ထောင်စု သဘောတူစာချုပ် အစိတ်အပိုင်းများပါ သက်ဆိုင်ရာကဏ္ဍအလိုက် ဆက်စပ်ဝန်ကြီးဌာနများ၊ ဌာနဆိုင်ရာများ၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်နေသည့် အဖွဲ့အစည်းများ၊ တိုင်းရင်းသားပြည်သူများနှင့် ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စများကို အသေးစိတ်ညှိနှိုင်းဆွေးနွေးကြကြောင်း သိရသည်။

**သတင်းစဉ်**

❐ *ကျောဖုံးမှ*

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း “ နီဗာ ” သည် နောက် ၂၄ နာရီအတွင်း အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းနီဗာအဖြစ်သို့ ရောက်ရှိနိုင်ပြီး အနောက်- အနောက်မြောက်ဘက်သို့ ရွေ့လျားကာ နိုဝင်ဘာ ၂၅ ရက်တွင် အိန္ဒိယနိုင်ငံ တမီးလ်နာဒူးကမ်းခြေနှင့် ပူဒူချယ်ရီကမ်းခြေအနီးမှ ဖြတ်ကျော်ဝင်ရောက်နိုင်သည်ဟု ခန့်မှန်းရသည်။

**မိုး/ဇလ**

# ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာ ဒုတိယဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့သို့ရောက်ရှိ

**ရန်ကုန် နိုဝင်ဘာ ၂၄**

ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာ ဒုတိယဝန်ကြီး Mr. Kim Gunn ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ည ၇ နာရီ မိနစ် ၂၀ တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိသည်။ **(ယာပုံ)**

ဧည့်သည်တော် ဒုတိယဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီဆောင်ဟွာနှင့် သံရုံးတာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**သတင်းစဉ်**



# (၂၆) ကြိမ်မြောက် အာဆီယံပို့ဆောင်ရေးဝန်ကြီးများအစည်းအဝေးနှင့် အာဆီယံဆွေးနွေးဖက်နိုင်ငံများဖြင့် ဝန်ကြီးအဆင့်အစည်းအဝေးများကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၄

**(၂၆)ကြိမ်မြောက် အာဆီယံပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို နိုဝင်ဘာ ၂၄ ရက်မှ ၂၅ ရက်အထိ ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပရာ အစည်းအဝေး ပထမနေ့ဖြစ်သည့် ယနေ့တွင် (၂၆) ကြိမ်မြောက် အာဆီယံပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေး၊ (၁၉) ကြိမ်မြောက် အာဆီယံ–တရုတ် ပို့ဆောင်ရေးဝန်ကြီးများအစည်းအဝေးနှင့် အာဆီယံပို့ဆောင်ရေးဝန်ကြီးများနှင့် US–ASEAN Business Council (US–ABC) အစည်းအဝေးများကို ကျင်းပသည်။** (အောက်ပုံ)





အစည်းအဝေးများသို့ အာဆီယံအဖွဲ့ဝင် (၁၀) နိုင်ငံနှင့် တရုတ်နိုင်ငံတို့မှ ပို့ဆောင်ရေးဝန်ကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ အထွေထွေအတွင်းရေးမှူးချုပ်နှင့်အဖွဲ့ဝင် နိုင်ငံအသီးသီးမှ တာဝန်ရှိသူများ၊ US–ASEAN Business Council မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ မြန်မာနိုင်ငံမှ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် ဦးဆောင်၍ အမြဲတမ်းအတွင်းဝန်နှင့် လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာန၊ လမ်းဦးစီးဌာန၊ မြန်မာ့မီးရထားတို့မှ ဌာနအကြီးအကဲများနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ပထမဦးစွာ အလှည့်ကျဥက္ကဋ္ဌဖြစ်သည့် ဘရူနိုင်းနိုင်ငံမှ ဦးဆောင်၍ (၂၆)ကြိမ်မြောက် အာဆီယံပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေးကို ကျင်းပရာ အာဆီယံကွာလာလမ်ပူ ပို့ဆောင်ရေးလုပ်ငန်းစီမံကိန်း (၂၀၁၆–၂၀၂၅) တွင် ပါဝင်သော လေကြောင်း၊ ရေကြောင်း၊ ကုန်းလမ်းနှင့် ပို့ဆောင်မှုလွယ်ကူချောမွေ့စေရေးဆိုင်ရာ လုပ်ငန်းစဉ်များ၏ နိုင်ငံအလိုက်နှင့် ဒေသတွင်းဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ အာဆီယံ၏ တစ်ခုတည်းသော လေကြောင်းဈေးကွက် ဖော်ဆောင်မှု၊ ရေကြောင်းဈေးကွက်ဖော်ဆောင်မှု၊ စင်ကာပူ–ကူမင်း ရထားလမ်းစီမံကိန်းနှင့် အာဆီယံ အဝေးပြေးလမ်းကွန်ရက်လုပ်ငန်းစဉ်များ၊ အာဆီယံ ပို့ဆောင်မှု လွယ်ကူချောမွေ့စေရေး သဘောတူညီချက်များကို အကောင်အထည်ဖော်နိုင်မှုများ၊ အာဆီယံနှင့် တရုတ်နိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားနိုင်ငံများဖြင့် ပို့ဆောင်ရေး ပူးပေါင်းဆောင်ရွက်မှုများအပေါ် အကောင်အထည်ဖော်နိုင်မှုများ၊ လက်ရှိ ကိုဗစ်–၁၉ ရောဂါ တုံ့ပြန်ရေးနှင့် ကပ်ရောဂါအလွန် ကာလများအတွက် ပို့ဆောင်ရေးကဏ္ဍမှ ဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ်များကို ဆွေးနွေးသုံးသပ် အမြင်ချင်း ဖလှယ်ခဲ့ကြသည်။

အစီအစဉ်အရ ကိုဗစ်–၁၉ တုံ့ပြန်ရေး ရှေ့လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ နိုင်ငံအလိုက်ဆွေးနွေးရာတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ကမ္ဘာတစ်ဝန်းနှင့် အာဆီယံဒေသတွင်း ကပ်ရောဂါ ဖြစ်ပွားမှုနှင့် သေဆုံးမှုများကြောင့် အာဆီယံဒေသတွင်း ရောဂါတုံ့ပြန်ရေး စုစည်းညီညွတ်စွာ ဆောင်ရွက်နိုင်ရန်အတွက် (၃၇) ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေးတွင် ASEAN Comprehensive Recovery Framework (ACRF)အတည်ပြုခဲ့မှုနှင့် ပို့ဆောင်ရေးကဏ္ဍ ရှေ့လုပ်ငန်းစဉ်များ၊ နိုင်ငံအတွင်း ကပ်ရောဂါ ဖြစ်ပွားမှုများအပေါ် ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ ဦးဆောင်မှုဖြင့် ဆောင်ရွက်နေမှုများ၊ စီးပွားရေးထိခိုက်မှု သက်သာစေရန်အတွက် COVID–19 Economic Relief Plan (CERP) နှင့်အညီ ဆောင်ရွက်နေမှုများ၊ လေကြောင်း၊ ရေကြောင်းခရီးစဉ်များ၊ ရထားခရီးစဉ်များ ပြေးဆွဲနိုင်ရေးနှင့် ကုန်းလမ်းပို့ဆောင်ရေးဖြင့် အရေးကြီးကုန်စည်များကို စဉ်ဆက်မပြတ်ပို့ဆောင်နိုင်ရေး နိုင်ငံတွင်း ဆောင်ရွက်နေမှုများနှင့် ဒေသတွင်းဆောင်ရွက်သင့်သည်များကို ဆွေးနွေးခဲ့ပြီး အာဆီယံပို့ဆောင်ရေးဝန်ကြီးများနှင့် အမြင်ချင်းဖလှယ်ခဲ့ကြသည်။

ထို့အပြင် ၂၀၂၁ ခုနှစ်တွင်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းစဉ်များ၊ ကွာလာလမ်ပူ ပို့ဆောင်ရေးလုပ်ငန်း စီမံကိန်းကာလဝက် အကောင်အထည်ဖော်နိုင်မှု၊ လေယာဉ် အမှုထမ်းများကို ကျွမ်းကျင်မှု လက်မှတ်ထုတ်ပေးရာတွင် အပြန်အလှန်အသိအမှတ်ပြုရေးနှင့် စပ်လျဉ်းသည့် အကောင်အထည်ဖော်ရေး အခြေပြစာချုပ်ငယ် အမှတ်(၂)၊ အာဆီယံလေကြောင်း လမ်းညွှန်ထိန်းသိမ်းကွပ်ကဲရေး ပင်မစီမံကိန်းရေးဆွဲပြီးစီးမှု၊ အာဆီယံလေကြောင်းကဏ္ဍ ကိုဗစ်–၁၉ တုံ့ပြန်ရေးလုပ်ငန်းလက်စွဲ ရေးဆွဲပြီးစီးမှု၊ အာဆီယံကုန်းလမ်းကွန်ရက်ချိတ်ဆက်မှုနှင့် အာဆီယံဒေသတွင်း ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးနှင့် စပ်လျဉ်းသည့် ကြေညာချက်၊ လုပ်ငန်းလမ်းညွှန်နှင့် လုပ်ငန်းဆောင်ရွက်မှု ASEAN Road Safety Video တို့ကို ဆွေးနွေးအတည်ပြုထုတ်ပြန်ခဲ့သည်။

မွန်းလွဲပိုင်းတွင် (၁၉) ကြိမ်မြောက် အာဆီယံ–တရုတ် ပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေးကို ကျင်းပခဲ့ပြီး အာဆီယံနိုင်ငံများနှင့် တရုတ်နိုင်ငံတို့အကြား ပို့ဆောင်ရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများနှင့် ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးသည်။ ညနေပိုင်းတွင် အာဆီယံပို့ဆောင်ရေးဝန်ကြီးများနှင့် US–ASEAN Business Council အစည်းအဝေးကို ဆက်လက်ကျင်းပခဲ့ပြီး ကိုဗစ်–၁၉ ကပ်ရောဂါ ဖြစ်ပွားမှုကြောင့် အာဆီယံဒေသတွင်း ထောက်ပံ့ပို့ဆောင်မှုကွန်ရက် ပြတ်တောက်မှုမရှိစေရေးနှင့် ပိုမိုခိုင်မာစေရေးတို့အပေါ် ဆောင်ရွက်သင့်သည်များကို ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ကြပြီး ပထမနေ့အစီအစဉ်များကို ရပ်နားခဲ့သည်။ နိုဝင်ဘာ ၂၅ ရက်တွင် (၁၈) ကြိမ်မြောက် အာဆီယံ–ဂျပန် ပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေးနှင့် (၁၁)ကြိမ်မြောက် အာဆီယံ–ကိုရီးယား ပို့ဆောင်ရေးဝန်ကြီးအစည်းအဝေးများကို ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဖွဲ့စည်းတည်ထောင်သည့် (၂၈)နှစ်ပြည့် အထိမ်းအမှတ်အခမ်းအနားကို ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၄

**ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဖွဲ့စည်းတည်ထောင်သည့် (၂၈) နှစ်ပြည့် အထိမ်းအမှတ် Virtual အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။**



အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနကို ၁၉၉၂ ခုနှစ်၊ စက်တင်ဘာ ၂၄ ရက်တွင် စတင်ဖွဲ့စည်း တည်ထောင်ခဲ့သည့်အတွက် ယခု ၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၂၃ ရက်တွင် (၂၈)နှစ် ပြည့်မြောက်ခဲ့ပြီးဖြစ်ပါကြောင်း၊ (၂၈) နှစ်ပြည့် အခမ်းအနားကို ကိုဗစ်–၁၉ ကပ်ရောဂါ ကူးစက်မှုကို ထိန်းသိမ်းကာကွယ်ရန် ယခုကဲ့သို့ အွန်လိုင်းမှ စီစဉ်ကျင်းပခြင်း ဖြစ်ပါကြောင်း။

ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနအနေဖြင့် တိုင်းရင်းသား ဒေသများအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ခရီးသွားလုပ်ငန်းများတစ်ပြေးညီ ဖွံ့ဖြိုးရှင်သန်စေရေး၊ မတူကွဲပြားခြားနားသော တိုင်းရင်းသားလူမျိုး အသီးသီး၏ ရိုးရာဓလေ့ထုံးစံ ယဉ်ကျေးမှုများကို အခြေခံပြီး ဒေသခံပြည်သူလူထု၏ လူမှုစီးပွားဘဝကို အထောက်အကူပြုနိုင်ရေး၊ ခရီးသွားလုပ်ငန်း၏ အသီးအပွင့်များကို ဒေသခံပြည်သူများ တိုက်ရိုက် ရရှိခံစားနိုင်ရေးအတွက် ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်း CBT ကို ၂၀၁၆ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ပါကြောင်း။

Decentralization ကို ဦးတည်၍ ၂၀၁၈ ခုနှစ်တွင် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းဥပဒေကို ပြင်ဆင်ရေးဆွဲပြဋ္ဌာန်းကာ အမျိုးသားအဆင့်၊ ပြည်ထောင်စုအဆင့်နှင့် နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ခရီးသွားလုပ်ငန်းကော်မတီ အဆင့်ဆင့်ကို ဖွဲ့စည်းပြီး လုပ်ပိုင်ခွင့်များ ခွဲဝေလွှဲပြောင်း စီမံခန့်ခွဲဆောင်ရွက်လျက်ရှိပါကြောင်း။

ယနေ့ခေတ်၌ တွင်တွင်ကျယ်ကျယ်အသုံးပြုလာသည့်သတင်းအချက်အလက်နှင့် နည်းပညာများကို အသုံးပြု၍ Digital Marketing စနစ်ဖြင့် ကမ္ဘာလှည့်ခရီးသည်များအတွက် တိကျမှန်ကန်သော သတင်းအချက်အလက်များကို မြန်ဆန်စွာ ဖြန့်ချိပေးနိုင်ရေးနှင့် ခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ခဲ့ပြီး Responsive Website, Tourism Web Portal များ ထူထောင်ကာ On-line Tourism Promotion များကို ထိရောက်စွာ ဆောင်ရွက်လျက်ရှိပါကြောင်း။

၂၀၂၀ ပြည့်နှစ်တွင် ကိုဗစ်–၁၉ ကပ်ရောဂါကြောင့် ကမ္ဘာတစ်ဝန်းလုံး ခရီးသွားလုပ်ငန်းမှာ လုံးဝနီးပါး ရပ်တန့်သွားခဲ့သည့်အတွက် ခရီးသွားမြှင့်တင်ရေးလုပ်ငန်းများ အစား ခရီးသွားလုပ်ငန်းအပေါ် ထိခိုက်မှုများ ကုစားပေးရန် Myanmar Tourism Rescue Plan ကို ချမှတ်ဆောင်ရွက်ခဲ့ပြီး ကိုဗစ်–၁၉ ကပ်ရောဂါကြောင့် ထိခိုက်မှုခံစားရသည့် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများအတွက် ကုစားရေးအစီအစဉ်များအဖြစ် Cash for Training များ ပေးခြင်း၊ အတိုးနှုန်း သက်သာသော ချေးငွေများရရှိရေး ပံ့ပိုးပေးခြင်း၊ လိုင်စင်ကြေးများကို တစ်နှစ် ကင်းလွတ်ခွင့်ပြုခြင်း၊ ဟိုတယ်ငှားရမ်းခများ ပေးသွားရန် ကာလ ရွှေ့ဆိုင်းပေးခြင်း၊ ကာလသတ်မှတ်ချက်ဖြင့် ငှားရမ်းခနှုန်းထားများ ၅၀ ရာခိုင်နှုန်း လျှော့ချပေးသွင်းခွင့်ပြုခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပါကြောင်း။

ရပ်တန့်သွားသည့် ခရီးသွားလုပ်ငန်းကို ပြည်တွင်းခရီးသွားနှင့် ပြန်လည်စတင်နိုင်ရန် ဆက်စပ်ဝန်ကြီးဌာနများနှင့် ပူးပေါင်း၍ Tourism National Guidelines for COVID–19 Safe Services Beta Version VI ထုတ်ပြန်ရန်နှင့် Guidelines နှင့်အညီ အစစ်ဆေးခံပြီး လုပ်ငန်းများ ပြန်လည်စတင်ရန် ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ရပ်တန့်သွားသည့် ခရီးသွားလုပ်ငန်း ပြန်လည်နာလန်ထူလာရန် ၂၀၂၃–၂၀၂၄ တွင် မူလအခြေအနေပြန်ရောက်ရန် Myanmar Tourism Strategic Recovery Roadmap (2021–2025) ကိုလည်း ရေးဆွဲအကောင်အထည်ဖော်သွားမည် ဖြစ်ပါကြောင်း။

ခရီးသွားလုပ်ငန်းများ ဘေးကင်းလုံခြုံစွာ ပြန်လည်စတင်နိုင်ရန် ခရီးသွားများကို ဝန်ဆောင်မှုပေးသည့်သူများလည်း social distancing guidelines များကို လိုက်နာရန် အင်မတန် အရေးကြီးပါကြောင်း၊ ခရီးစဉ်ဒေသများ ဘေးကင်းကင်းနှင့် ပြန်လည်ဖွင့်လှစ်နိုင်ရန်အတွက် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ရုံးခွဲတာဝန်ခံများက အတွင်းရေးမှူးအဖြစ် ဆောင်ရွက်သည့် Destination Management Organization (DMO) များက အဓိက တာဝန်ယူရမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်လတ်နှင့် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်တို့က အမှာစကားပြောကြားသည်။

ယင်းနောက် ဆုရဝန်ထမ်းများကို ဆုများ ပေးအပ်ချီးမြှင့်ရာ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ဧည့်ခံကျွေးမွေးရေးလုပ်ငန်းများ ကျေပွန်စွာ ဆောင်ရွက်ခဲ့သူ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့၏ ဂုဏ်ပြုလက်မှတ်ရရှိသူ၊ ကယားပြည်နယ်အစိုးရအဖွဲ့၏ စီမံခန့်ခွဲရေးဆိုင်ရာ ထူးချွန်ဆု (တတိယအဆင့်) ရရှိသူတို့ သုံးဦး၏ကိုယ်စား ကိုယ်စားလှယ် တစ်ဦးကို လည်းကောင်း၊ ဝန်ကြီးဌာန နေပြည်တော်ရုံးချုပ်ရှိ အရာထမ်းဝန်ထမ်းစွမ်းဆောင်ရည်ဆု ရရှိသူ ၁၁ ဦးကိုယ်စား ကိုယ်စားလှယ် တစ်ဦးကို လည်းကောင်း၊ ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်ရရှိသူ ဝန်ထမ်း ၁၇ ဦး ကိုယ်စား ကိုယ်စားလှယ် တစ်ဦးကို လည်းကောင်း ဆုများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်ပေးအပ်သည်။ **(အပေါ်ပုံ)**

ထို့နောက် ဒုတိယဝန်ကြီး ဦးတင်လတ်က နယ်ရုံးခွဲများရှိ အရာထမ်းဝန်ထမ်း စွမ်းဆောင်ရည်ဆု ရရှိသူ ၁၄ ဦးကိုယ်စား ကိုယ်စားလှယ် တစ်ဦးကို လည်းကောင်း၊ ဝန်ကြီးဌာန ရုံးချုပ်နှင့် နယ်ရုံးအားလုံးရှိ အမှုထမ်းဝန်ထမ်း စွမ်းဆောင်ရည်ဆုရရှိသူ ၂၅ ဦးကိုယ်စား ကိုယ်စားလှယ် တစ်ဦးကို လည်းကောင်း၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်၊ အောက်မြန်မာပြည်) သင်တန်းများတွင် သင်တန်းသားထူးချွန်ဆု ရရှိသူ ၁၀ ဦးကိုယ်စား ကိုယ်စားလှယ် တစ်ဦးကို လည်းကောင်း ဆုများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်ပေးအပ်သည်။

ဆက်လက်၍ ဟိုတယ်နှင့် ခရီးသွား ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်က ဆောင်းပါးပြိုင်ပွဲဝင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူ သုံးဦးနှင့် နှစ်သိမ့်ဆုရရှိသူ ၁၀ ဦး ကိုယ်စား ကိုယ်စားလှယ် တစ်ဦးကို လည်းကောင်း၊ ၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ထူးချွန်စွာအောင်မြင်သူများနှင့် အောင်မြင်ခဲ့ကြသူ ဝန်ထမ်းမိသားစုဝင် ရှစ်ဦးကိုယ်စား ကိုယ်စားလှယ် တစ်ဦးကိုလည်းကောင်း ဆုများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြင်သစ်နိုင်ငံတွင် အသွားအလာပိတ်ဆို့ကန့်သတ်မှုများ ဖြေလျှော့မှုကို ကြေညာတော့မည်

**ပါရီ နိုဝင်ဘာ ၂၄**

ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်သည် နိုဝင်ဘာ ၂၄ ရက် ညပိုင်းတွင် ရုပ်မြင်သံကြားမိန့်ခွန်းပြောကြားပြီးနောက် အသွားအလာပိတ်ဆို့ကန့်သတ်မှုများကို ဖြေလျှော့ရန် ကြေညာမည်ဟု မျှော်လင့်ထားကြသည်။

ပြင်သစ်နိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်မှု များပြားလာသည့်အတွက် အောက်တိုဘာ ၃၀ ရက်မှ စတင်ကာ တစ်နိုင်ငံလုံးအနှံ့ အသွားအလာပိတ်ဆို့ကန့်သတ်မှု ချမှတ်ထားသည်။

အဆိုပါ ကန့်သတ်မှုသည် ဒီဇင်ဘာ ၁ ရက်အထိ သက်ရောက်မှုရှိနေမည်ဖြစ်သည်။ နိုဝင်ဘာအစောပိုင်းတွင် တစ်နိုင်ငံလုံးအနှံ့ ကိုဗစ်-၁၉ နေ့စဉ်ကူးစက်ခံရမှု အရေအတွက်မှာ ၆၀၀၀၀ ရှိသည်။ သို့သော်လည်း နေ့စဉ်ကူးစက်မှုနှုန်း ၂၀၀၀၀ အောက်ရောက်လာသည်မှာ နှစ်ရက်ဆက်တိုက်ရှိလာပြီဖြစ်သည်။

ပြည်သူများ နေအိမ်၌သာနေရန် အမိန့်ထုတ်ထားမှုကို အဆင့်သုံးဆင့်ဖြင့် တဖြည်းဖြည်းချင်း ဖြေလျှော့သွားရန် သမ္မတ မက်ခရွန်က ကြေညာသွားမည်ဟု ပြင်သစ်မီဒီယာက ပြောသည်။

ဒီဇင်ဘာ ၁ ရက်တွင် တင်းကျပ်သည့် ကျန်းမာရေးစည်းကမ်းချက်များအောက်တွင် ဈေးဆိုင်အချို့ ပြန်လည်ဖွင့်လှစ်ခွင့်ရမည်ဟု မီဒီယာတွင် ဖော်ပြကြသည်။

အရက်ဘားများနှင့် စားသောက်ဆိုင်များကို တင်းကျပ်သည့် စည်းကမ်းများအောက် ဆက်လက်ထားရှိဦးမည်ဖြစ်သော်လည်း ရုပ်ရှင်ရုံများ၊ ကဇာတ်ရုံများနှင့် ဘာသာရေး အခမ်းအနားများကို ပြန်လည် ဖွင့်လှစ်ခွင့်ပြုလိမ့်မည်ဟု မီဒီယာတွင် ဖော်ပြကြသည်။

ပြင်သစ် ကျန်းမာရေးဝန်ဆောင်မှုစနစ်မှာမူ အကျပ်အတည်းအတွင်း ဆက်လက်တည်ရှိနေဆဲဖြစ်သည်။ လူနာ ၄၀၀၀ မှာ အထူးကြပ်မတ်ကုသဆောင်တွင် ကုသမှုခံယူလျက်ရှိသည်။

**အင်န်အိတ်ချ်ကေ**



ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်။

# အစ္စရေးဝန်ကြီးချုပ်နှင့် ဆော်ဒီ အိမ်ရှေ့မင်းသားတို့တွေ့ဆုံကြောင်း သတင်းထွက်ပေါ်

**ရီယာ့ဒ် နိုဝင်ဘာ ၂၄**

အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုသည် ဆော်ဒီအာရေဗျ အိမ်ရှေ့မင်းသား မိုဟာမက် ဘင်ဆယ်မန်နှင့် တွေ့ဆုံရန် ဆော်ဒီအာရေဗျသို့ လျှို့ဝှက်စွာ သွားရောက်ခဲ့သည်ဟု အစိုးရ သတင်းအရင်းမြစ်တစ်ခုက ပြောကြားကြောင်း အစ္စရေးမီဒီယာတွင် ဖော်ပြသည်။

သို့သော်လည်း ဆော်ဒီဘက်ကမူ အဆိုပါ သတင်းကို ငြင်းဆိုထားသည်။ အစ္စရေးဝန်ကြီးချုပ်နှင့် အစ္စရေး ထောက်လှမ်းရေး အေဂျင်စီ မော့ဆက်မှ အကြီးအကဲဖြစ်သူတို့သည် နိုဝင်ဘာ ၂၂ ရက်က ဆော်ဒီအိမ်ရှေ့မင်းသားနှင့် တွေ့ဆုံခဲ့သည်ဟု မီဒီယာတွင် ဖော်ပြထားသည်။

အရှေ့အလယ်ပိုင်းသို့ အလည်အပတ်ရောက်ရှိနေသော အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုသည်လည်း အဆိုပါ တွေ့ဆုံပွဲသို့ တက်ရောက်ခဲ့သည်ဟု ဖော်ပြထားသည်။

အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟု ဆော်ဒီအာရေဗျသို့ လာရောက်မှုကို နှစ်ဖက်စလုံးရှိ အစိုးရအဖွဲ့များက ကြေညာခဲ့ခြင်း မရှိပေ။ အစ္စရေးနိုင်ငံသည် အာရပ်တိုင်းပြည်များနှင့် ဆက်ဆံရေးကောင်းမွန်ရန် ကြိုးပမ်းလျက်ရှိသည်။

ယခုနှစ်အတွင်း ယူအေအီး၊ ဘာရိန်းနိုင်ငံတို့နှင့် ပုံမှန်ဆက်ဆံရေး ထူထောင်နိုင်ခဲ့သည်။ အစ္စရေးနှင့် ဆော်ဒီနိုင်ငံတို့သည် ပါလက်စတိုင်းအရေးနှင့် ပတ်သက်၍မူ ကာလရှည်ကြာ သဘောထား မတိုက်ဆိုင်မှုများ ဖြစ်ပေါ်ခဲ့သည်။

ဆော်ဒီ နိုင်ငံခြားရေးဝန်ကြီး မင်းသား ဖိုင်ဆယ် ဘင်ဖာဟန်ကမူ ဆော်ဒီအိမ်ရှေ့မင်းသားနှင့် အစ္စရေး ဝန်ကြီးချုပ်တို့ တွေ့ဆုံသည့်သတင်းကို ငြင်းဆိုထားသည်။

ပါလက်စတိုင်းနှင့် ပဋိပက္ခကို မဖြေရှင်းရသေးသရွေ့ အစ္စရေးနှင့် ပုံမှန်ဆက်ဆံရေးမလုပ် ဟူသော ရပ်တည်ချက်ကို ဆော်ဒီအာရေဗျက ဆုပ်ကိုင်ထားသည်။

**အင်န်အိတ်ချ်ကေ**



အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုနှင့် ဆော်ဒီ အိမ်ရှေ့မင်းသား မိုဟာမက် ဘင်ဆယ်မန်။

# အီကွေဒေါနိုင်ငံတွင် လာမည့်နှစ်အတွင်း လူပေါင်း ကိုးသန်းကို ကာကွယ်ဆေးထိုးပေးသွားမည်

**ကွီတို နိုဝင်ဘာ ၂၄**

လာမည့်နှစ်အတွင်း အီကွေဒေါနိုင်ငံ၌ လူပေါင်း ကိုးသန်းထက်မနည်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးသွားမည်ဟု အီကွေဒေါ သမ္မတ လီနင်မိုရီနိုက နိုဝင်ဘာ ၂၃ ရက်တွင် ပြောကြားခဲ့သည်။

တစ်နေ့လျှင် လူပေါင်း ၃၀၀၀၀ ကို ကာကွယ်ဆေးထိုးပေးနိုင်ပြီး ကာကွယ်ဆေးထိုးခြင်းသည်လည်း အချိန်ယူရမည်ဖြစ်ကြောင်း၊ သို့သော်လည်း တတ်နိုင်သမျှ လျင်လျင်မြန်မြန်နှင့် စောစောကာကွယ်ဆေးထိုးပေးသွားမည်ဟု ရေဒီယိုအစီအစဉ်တွင် သမ္မတက ပြောကြားခဲ့သည်။

အီကွေဒေါနိုင်ငံသည် ကိုဗစ်-၁၉ ကာကွယ်ဆေး ထုတ်လုပ်လျက်ရှိသော ဆေးဝါးကုမ္ပဏီတိုင်းနှင့် ဆက်သွယ်ထားပြီးဖြစ်ကြောင်းလည်း သမ္မတက ပြောကြားခဲ့သည်။

ကာကွယ်ဆေးများ၏ အကျိုးသက်ရောက်မှုနှင့် လုံခြုံစိတ်ချရမှုကို သက်သေပြပြီးနောက် အဆင်သင့်ဖြစ်သည်နှင့်တစ်ပြိုင်နက် အီကွေဒေါနိုင်ငံသို့ ရောက်ရှိလာမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

၂၀၂၁ ခုနှစ် နှစ်ဝက်ကာလတွင် အီကွေဒေါနိုင်ငံသို့ ကိုဗစ်-၁၉ ကာကွယ်ဆေး ၁၈ သန်း ရောက်ရှိရန် စီစဉ်ထားပြီး တိုင်းပြည်လူဦးရေ၏ ၆၅ ရာခိုင်နှုန်းကို ထိုးပေးသွားရန် စီစဉ်ထားသည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။ အီကွေဒေါနိုင်ငံတွင် နိုဝင်ဘာ ၂၃ ရက်အထိ ကိုဗစ်-၁၉ ကူးစက်ခံရသူ ၁၈၅၉၄၄ ဦးရှိပြီး သေဆုံးသူ ၁၃၂၂၅ ဦးရှိသည်ဟု သိရသည်။

**ဆင်ဟွာ**

# ဂျာမနီနိုင်ငံတွင် တစ်ရက်အတွင်း ကိုဗစ်- ၁၉ ကူးစက်ခံရသူ ၁၃၅၅၄ ဦးရှိ

**ဘာလင် နိုဝင်ဘာ ၂၄**

ဂျာမနီနိုင်ငံတွင် ပြီးခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ်- ၁၉ ကူးစက်ခံရသူ ၁၃၅၅၄ ဦးတိုးလာရာ စုစုပေါင်းကူးစက်ခံရသူအရေအတွက်မှာ ၉၄၂၆၈၇ ဦး ရှိလာသည်ဟု အစိုးရ ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးအေဂျင်စီက နိုဝင်ဘာ ၂၄ ရက်တွင် သတင်းထုတ်ပြန်သည်။

ထိုစဉ် ကိုဗစ်- ၁၉နှင့် ဆက်စပ်ပြီး သေဆုံးသူ ၂၄၉ ဦး တိုးလာသည့်အတွက် သေဆုံးသူ စုစုပေါင်း ၁၄၃၆၁ ဦးအထိ ရှိလာကြောင်း သိရသည်။

ဂျာမနီနိုင်ငံသည် နိုဝင်ဘာလမှစတင်ကာ တစ်စိတ်တစ်ပိုင်း အသွားအလာပိတ်ဆို့ကန့်သတ်မှု ချမှတ်ခဲ့သည်။

တစ်ကမ္ဘာလုံးနှင့်အတူ လက်တွဲရင်ဆိုင်ပါက ကိုဗစ်- ၁၉ ဗိုင်းရပ်စ်နှင့် ၎င်းတို့၏ အကျိုးသက်ရောက်မှုများကို ထိန်းချုပ်ကျော်လွှားနိုင်မည်ဖြစ်သည်ဟု ဂျာမနီဝန်ကြီးချုပ် အင်ဂျလာမာကယ်က ပြောသည်။

**ဆင်ဟွာ**

# တီဂရေး တိုက်ခိုက်ရေးသမားများ လက်နက်ချရန် အီသီယိုပီးယား ဝန်ကြီးချုပ်တောင်းဆို

**အဒစ္စအဘာဘာ နိုဝင်ဘာ ၂၄**

အီသီယိုပီးယားနိုင်ငံတွင် တိုင်းရင်းသားလူနည်းစုဖြစ်သည့် တီဂရေးလက်နက်ကိုင်များ လက်နက်ချရန် ဝန်ကြီးချုပ် အဘီအာမက်က တောင်းဆိုခဲ့သည်။

နိုဝင်ဘာ ၄ ရက်တွင် တီဂရေး လက်နက်ကိုင်များက အစိုးရအခြေစိုက်စခန်းကို ဝင်ရောက်တိုက်ခိုက်ခဲ့ပြီးနောက် အီသီယိုပီးယားဝန်ကြီးချုပ်သည် တီဂရေးအုပ်စုကို ထိုးစစ်ဆင် ဆင်နွှဲရန် အမိန့်ချခဲ့သည်။ ယင်းအချိန်မှစတင်ကာ တိုက်ပွဲများ တရစပ်ဖြစ်ပွားခဲ့သည်။

အဘီအာမက်သည် နိုဝင်ဘာ ၂၂ ရက်က တွစ်တာမှ တစ်ဆင့် ကြေညာချက်ထုတ်ပြန်ခဲ့ပြီး ၇၂ နာရီအတွင်း အစိုးရထံ လက်နက်ချရန် တောင်းဆိုခဲ့ကာ နောက်ဆုံးအခွင့်အရေးကို လက်လွှတ်မခံဘဲ ဆုပ်ကိုင်ထားသင့်သည်ဟု တိုက်တွန်းခဲ့သည်။

တိုက်ပွဲများ အရှိန်မြင့်တက်လာမည်ကို စိုးရိမ်ရလျက်ရှိသည်။ အစိုးရတပ်များသည် တီဂရေးအုပ်စု၏ အခိုင်အမာ တပ်စွဲထားရာနေရာအထိ ဦးတည်လျက်ရှိပြီး တီဂရေး စစ်သွေးကြွများကလည်း ထိုးစစ်ဆင်နွှဲလျက်ရှိသည်။

အဘီအာမက်သည် ပြီးခဲ့သည့်နှစ်က အိမ်နီးချင်း အီရီထရီးယားနှင့် ကာလရှည်ကြာ ပဋိပက္ခကို အဆုံးသတ်နိုင်သည့်အတွက် ငြိမ်းချမ်းရေးနိုဘယ်ဆု ချီးမြှင့်ခံထားရသည်။ နိုဘယ်ဆုချီးမြှင့်ရေးကော်မတီကလည်း ပဋိပက္ခဖြစ်နေသည့်နှစ်ဖက်စလုံးမှ ငြိမ်းချမ်းစွာ အဆုံးသတ်ကြရေး တောင်းဆိုထားသည်။

အီသီယိုပီးယားတွင် ဖြစ်ပေါ်နေသည့် တိုက်ပွဲများကြောင့် အိမ်နီးချင်းဆူဒန်နိုင်ငံသို့ ထွက်ပြေးကြသူ လူပေါင်း ၃၀၀၀၀ ကျော်ရှိပြီး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာပြဿနာများ ဖြစ်ပေါ်လာမည်ကို စိုးရိမ်ရလျက်ရှိသည်ဟု ကုလသမဂ္ဂက ပြောသည်။

**အင်န်အိတ်ချ်ကေ**



ပဋိပက္ခကြောင့် ထွက်ပြေးလာရသည့် တီဂရေးအမျိုးသမီးများကို တွေ့ရစဉ်။

# ကိုဗစ်-၁၉ ကာကွယ်ဆေးကို နိုင်ငံပေါင်း ၉၀ ကျော်သို့ ပို့ဆောင်နိုင်ရန် ယူနီဆက်အဖွဲ့ ကြိုးပမ်းနေ

**ဂျီနီဗာ နိုဝင်ဘာ ၂၄**

ကိုဗစ်-၁၉ ကာကွယ်ဆေး အဆင်သင့်ဖြစ်သည်နှင့် တစ်ပြိုင်နက် နိုင်ငံပေါင်း ၉၂ နိုင်ငံသို့ ပို့ဆောင်ဖြန့်ဖြူးပေးနိုင်ရန်အတွက် ကုလသမဂ္ဂကလေးများ အရေးပေါ်ရန်ပုံငွေအဖွဲ့က အဓိကလေကြောင်းလိုင်းများ၊ သင်္ဘောများနှင့် ပို့ဆောင်ရေးဆိုင်ရာ အဖွဲ့အစည်းများအပါအဝင် မိတ်ဖက်အဖွဲ့အစည်းပေါင်း ၃၅၀ ကျော်နှင့် အတူတကွ လုပ်ဆောင်လျက်ရှိကြောင်း ယူနီဆက်အဖွဲ့က နိုဝင်ဘာ ၂၃ ရက်တွင် ပြောကြားခဲ့သည်။

**ပို့ဆောင်နိုင်ရန် ကြိုးပမ်းနေ**

ယူနီဆက်အဖွဲ့ ထောက်ပံ့ရေးဌာနခွဲဒါရိုက်တာ အက်တလီဗာ ကာဒီလီက မိမိတို့အနေဖြင့် ပြည်သူလူထု၏ အသက်ကိုကယ်တင်နိုင်မည့် ကာကွယ်ဆေးကို မြန်မြန်ဆန်ဆန်နှင့် ဘေးကင်းလုံခြုံစွာ ပို့ဆောင်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် အတူ အင်အားစိုက်ထုတ် ကြိုးပမ်းလျက်ရှိကြောင်း ပြောကြားခဲ့သည်။

**သမိုင်းဝင်လှုပ်ရှားမှု ဖြစ်လာမည်**

သမိုင်းဝင်လှုပ်ရှားမှုတစ်ခုဖြစ်လာမည့် ကာကွယ်ဆေးဖြန့်ဝေမှုတွင် ကာကွယ်ဆေးပို့ဆောင်ရန်အတွက် ခိုင်မာလုံလောက်သော သယ်ယူပို့ဆောင်မှုဖြစ်စေရန် တန်ဖိုးမဖြတ်နိုင်သည့် လက်တွဲပူးပေါင်းဆောင်ရွက်မှုဖြင့် ခရီးရှည်တစ်ခုကို သွားရောက်မည်ဖြစ်ကြောင်း ယူနီဆက် ထောက်ပံ့ရေးဌာနခွဲဒါရိုက်တာ အက်တလီဗာက ပြောကြားခဲ့သည်။

**ဆင်ဟွာ**




ကုလသမဂ္ဂကလေးများအရေးပေါ်ရန်ပုံငွေအဖွဲ့ အမှုဆောင်ဒါရိုက်တာ ဟန်ရီရက်တာဖိုး နယူးယောက်ရှိ ကုလသမဂ္ဂရုံးချုပ်၌ ကာကွယ်ဆေးနှင့်ပတ်သက်၍ ဆွေးနွေးနေစဉ်။

# အမေရိကန်ဖက်ဒရယ်အေဂျင်စီက ဂျိုးဘိုင်ဒင် သမ္မတတာဝန်လွှဲပြောင်းယူရန် မီးစိမ်းပြ

**ဝါရှင်တန် နိုဝင်ဘာ ၂၄**

ပြီးခဲ့သည့် နိုဝင်ဘာ ၃ ရက်က ပြုလုပ်သည့် ရွေးကောက်ပွဲတွင် အမေရိကန်သမ္မတအဖြစ် ရွေးချယ်ခံခဲ့ရသော ဂျိုးဘိုင်ဒင်အတွက် သမ္မတတာဝန်လွှဲပြောင်းပေးမည့် လုပ်ငန်းစဉ် စတင်ရန် အဆင်သင့်ဖြစ်နေပြီဖြစ်ကြောင်း အမေရိကန်ပြည်ထောင်စု အထွေထွေအုပ်ချုပ်ရေးဝန်ဆောင်မှုအဖွဲ့က ပြောကြားခဲ့သည်။

အိမ်ဖြူတော်သို့ ဂျိုးဘိုင်ဒင် သမ္မတအဖြစ် လွှဲပြောင်းတာဝန်ယူနိုင်ရန် အဆင်သင့် ပြင်ဆင်ထားပြီဖြစ်ကြောင်း အထွေထွေအုပ်ချုပ်ရေးဝန်ဆောင်မှုအဖွဲ့မှ စီမံညွှန်ကြားရေးမှူး အီမလီ မာဖီက ဂျိုးဘိုင်ဒင်ထံသို့ ပေးသည့်စာတွင် ဖော်ပြထားသည်။

ရွေးကောက်ပွဲအပြီးတွင် ထွက်ပေါ်လာသည့် ရလဒ်များနှင့် ပတ်သက်၍ ငြင်းခုံမှုများ ရှိခဲ့သော်လည်း လွတ်လပ်စွာ ဆုံးဖြတ်ချက်ချခဲ့ကြောင်း အီမလီက ပြောကြားခဲ့သည်။

သမ္မတ ဒေါ်နယ်ထရမ့်သည် ရွေးကောက်ပွဲတွင် ၎င်း၏ အရေးနိမ့်ခဲ့မှုကို လက်ခံနိုင်ခြင်းမရှိသေးသော်လည်း ဂျိုးဘိုင်ဒင်သမ္မတ တာဝန်လွှဲပြောင်းရေးလုပ်ငန်းစဉ်များအတွက် ၎င်း၏အစိုးရအဖွဲ့သို့ တိုက်ရိုက်ညွှန်ကြားမှုပြုလုပ်ခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**



အမေရိကန်သမ္မတအဖြစ် ရွေးချယ်ခံရသူ ဂျိုးဘိုင်ဒင်။

# ရုရှားနိုင်ငံတွင် ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူ ၂၄၃၂၆ ဦး အထိတွေ့ရှိ

**မော်စကို နိုဝင်ဘာ ၂၄**

ရုရှားနိုင်ငံ၌ နိုဝင်ဘာ ၂၃ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူ ၂၄၃၂၆ ဦး ထပ်တိုးခဲ့ရာ တစ်နိုင်ငံလုံးရောဂါကူးစက်ခံရသူအရေအတွက်စုစုပေါင်း ၂၁၃၈၈၂၈ ဦး အထိဖြစ်လာကြောင်း ရုရှား ကိုဗစ်-၁၉ တုံ့ပြန်ဆောင်ရွက်မှုစင်တာက နိုဝင်ဘာ ၂၄ ရက်တွင် ထုတ်ပြန်ခဲ့သည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ခံရပြီးနောက် ရောဂါပျောက်ကင်းသွားသူ ၂၃၂၂၆ ဦးရှိရာ တစ်နိုင်ငံလုံးရှိ ရောဂါပျောက်ကင်းသူအရေအတွက် စုစုပေါင်း ၁၆၃၄၆၇၁ ဦး အထိ ရှိပြီဖြစ်ကြောင်း သိရသည်။ နိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၄၉၁ ဦး ထပ်မံပေါ်ထွက်ခဲ့ရာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် သေဆုံးသူအရေအတွက်စုစုပေါင်း ၃၇၀၃၁ ဦး အထိ ရှိလာခဲ့သည်။

မြို့တော်မော်စကို၌ ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူ ၅၈၃၈ ဦးရှိရာ တစ်မြို့လုံးရှိ ရောဂါကူးစက်ခံရသည့် အတည်ပြုလူနာအရေအတွက်စုစုပေါင်း ၅၆၆၄၁၇ ဦး ရှိပြီဖြစ်သည်။ လက်ရှိတွင် ရုရှားနိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ စစ်ဆေးမှုပေါင်း ၇၃ ဒသမ ၃ သန်းကျော်အထိ ဆောင်ရွက်ထားကြောင်း သိရသည်။

**အေအက်ဖ်ပီ**

# ၂၀၁၉ ခုနှစ်တွင် ကမ္ဘာတစ်ဝန်း၌ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု စံချိန်တင်မြင့်မားခဲ့

**တိုကျို နိုဝင်ဘာ ၂၄**

၂၀၁၉ ခုနှစ်တွင် ကမ္ဘာတစ်ဝန်းရှိ ကာဗွန်ဒိုင်အောက်ဆိုက်နှင့် အခြားဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုပမာဏ စံချိန်တင်အောင် မြင့်မားခဲ့ကြောင်း ကမ္ဘာ့မိုးလေဝသအဖွဲ့အစည်းက ပြောကြားခဲ့သည်။

အဓိကဓာတ်ငွေ့သုံးမျိုးနှင့်ပတ်သက်၍ နိုင်ငံအများအပြားရှိ မိုးလေဝသအေဂျင်စီများနှင့် သုတေသနအဖွဲ့အစည်းများက လေ့လာခဲ့သည့် ၂၀၁၉ ခုနှစ် အချက်အလက်ကို ကမ္ဘာ့မိုးလေဝသအဖွဲ့အစည်း(WMO)က စိစစ်ခဲ့သည်။ လေထုအတွင်း ကာဗွန်ဒိုင်အောက်ဆိုက်၊ မီသိန်းဓာတ်ငွေ့နှင့် နိုက်ထရိုက်အောက်ဆိုက်ပါဝင်မှုသည် ကမ္ဘာတစ်ဝန်း၌ ဓာတ်ငွေ့ထုတ်လွှတ်မှုကို စတင်မှတ်တမ်းယူခဲ့သည့် ၁၉၈၄ ခုနှစ်မှစတင်ကာ အမြင့်ဆုံးအမှတ်များသို့ ရောက်ရှိခဲ့ကြောင်း သိရသည်။

ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုဆိုင်ရာ လေ့လာစိစစ်မှုတွင် ပါဝင်ခဲ့သည့် ဂျပန်မိုးလေဝသအေဂျင်စီအာဏာပိုင်များက ကမ္ဘာကြီးပူနွေးလာမှုကြောင့် သဘာဝဘေးအန္တရာယ်ကျရောက်နိုင်သည့်အခြေအနေကို တစ်ကမ္ဘာလုံးကရင်ဆိုင်နေရပြီး မိုးသည်းထန်စွာရွာသွန်းမှုများ ဖြစ်ပွားသည့်ကြိမ်နှုန်းလည်း ပိုမိုတိုးပွားလာလျက်ရှိကြောင်း၊ သို့ဖြစ်၍ ကမ္ဘာကြီးပူနွေးလာမှုကို လျှော့ချနိုင်ရန် အစီအမံများ ဆက်လက်ချမှတ်ဆောင်ရွက်သင့်ကြောင်း ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# ဂျာမနီနိုင်ငံ၌ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးခြင်းကို ဒီဇင်ဘာလလယ်တွင် စတင်မည်

**ဘာလင် နိုဝင်ဘာ ၂၄**

ဂျာမနီနိုင်ငံတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးကို လက်တွေ့စမ်းသပ်မှုအဆင့်ဆင့်လုပ်ဆောင်ရာတွင် တိုးတက်ဖြစ်ထွန်းမှုများရှိခဲ့ပြီး ခွင့်ပြုချက်ရရှိရန် ကြိုးပမ်းလျက်ရှိရာ ဂျာမနီနိုင်ငံတစ်ဝန်းရှိ ကာကွယ်ဆေးထိုးနှံသည့်ဌာနများအားလုံး လာမည့် ဒီဇင်ဘာလလယ်တွင် လုပ်ငန်းစတင် ဆောင်ရွက်မည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက နိုဝင်ဘာ ၂၃ ရက်တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့သည်။

ပထမဆုံးအကြိမ် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံခြင်းကို ယခုနှစ်ကုန်ပိုင်း သို့မဟုတ် လာမည့်နှစ်ဦးပိုင်းတွင် စတင်ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ထားကြောင်း စဖန်က ပြောသည်။ ကာကွယ်ဆေးထိုးမည့် ဌာနများ လုပ်ငန်းစတင်ရန် အဆင်သင့်ရှိနေပြီဖြစ်ကြောင်း သိရသည်။ ပြီးခဲ့သည့် ရက်သတ္တပတ်က ဂျာမန်ဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီ ဘိုင်အိုအင်န်တက်ချ်နှင့် အမေရိကန်ဆေးဝါးကုမ္ပဏီဖြစ်သည့် ဖိုက်ဇာတို့က ၎င်းတို့ ထုတ်လုပ်ထားသည့် ကာကွယ်ဆေးကို အရေးပေါ်ခွင့်ပြုချက်ရရှိရန် အမေရိကန် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲမှုအဖွဲ့သို့ လျှောက်ထားခဲ့သည်။

အဆိုပါ ကုမ္ပဏီနှစ်ခုလုံးသည် ကိုဗစ်-၁၉ ကာကွယ်ဆေးစမ်းသပ်ကုသမှုတတိယအဆင့် ရောက်ရှိနေပြီဖြစ်ပြီး ဆေး၏ အကျိုးအာနိသင်ထက်မြက်မှုမှာ ၉၅ ရာခိုင်နှုန်းအထိ စိတ်ချရမှုရှိကြောင်း ကြေညာခဲ့သည်။ ဂျာမနီအစိုးရက ယူရိုသန်း ၇၅၀ တန်ကြေးရှိသည့် ကိုဗစ်-၁၉ ကာကွယ်ဆေး ထုတ်လုပ်ရေးအထူးစီမံချက်တစ်ရပ်ကို ထူထောင်ခဲ့သည်။

**ဆင်ဟွာ**




ဂျာမနီနိုင်ငံရှိ ဖရန့်ဖတ် လေဆိပ်၌ နှာခေါင်းစည်းတပ်ဆင်ထားသည့် ခရီးသည်တစ်ဦး ခရီးစဉ်အညွှန်းကြည့်ရှုနေစဉ်။

# မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးမှုအကူအညီဆိုင်ရာမူဝါဒ- ၂၀၂၀ ( Development Assistance Policy DAP-2020 ) ပြင်ဆင်ထုတ်ဝေ

**နေပြည်တော် – ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးမှုအကူအညီများဆိုင်ရာမူဝါဒကို ပြင်ဆင်ထုတ်ဝေခြင်းဖြစ်ပါသည်။**

၂၀၁၈ ခုနှစ် ဖွံ့ဖြိုးမှုအကူအညီများ အကျိုးရှိ ထိရောက်မှုရှိစေရေး စကားဝိုင်းဆွေးနွေးပွဲတွင် ဖွံ့ဖြိုးမှုအကူအညီဆိုင်ရာမူဝါဒကို ပထမဦးဆုံး မိတ်ဆက်ထုတ်ဝေခဲ့ပါသည်။ အဆိုပါမူဝါဒသည် တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ အပြည့်အဝဖြစ်စေ ဖွံ့ဖြိုးမှုအကူအညီဖြင့် ဆောင်ရွက်သည့် လုပ်ငန်းစီမံချက်များကို ဖော်ထုတ်သတ်မှတ်ခြင်း၊ လုပ်ငန်းဒီဇိုင်းရေးဆွဲခြင်း၊ ဆွေးနွေးညှိနှိုင်းခြင်း၊ အတည်ပြုခြင်း၊ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ အကဲဖြတ်ဆန်းစစ်ခြင်း စသည့်အဆင့်များကို လွယ်ကူချောမွေ့စေရန် တိကျရှင်းလင်းသည့် လုပ်ထုံးလုပ်နည်းများနှင့်အတူ ဖွံ့ဖြိုးမှုအကူအညီများကို ရရှိအသုံးပြုမှုနှင့် ပတ်သက်၍ လမ်းညွှန်မှုပေးသော ပြည့်စုံသည့် မူဝါဒဖြစ်ပါသည်။

ယခုထပ်မံထွက်ရှိလာသည့် ဖွံ့ဖြိုးမှုအကူအညီဆိုင်ရာမူဝါဒသည် မြန်မာနိုင်ငံသို့ ပေးအပ်သည့် ဖွံ့ဖြိုးမှုအကူအညီများနှင့် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီးဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း ၂၀၁၈-၂၀၃၀ တို့အကြား ပိုမို၍ ဟန်ချက်ညီညီ ဆောင်ရွက်နိုင်စေရန် လုပ်ဆောင်ပေးမည်ဖြစ်ပါသည်။ ဖွံ့ဖြိုးမှုအကူအညီဆိုင်ရာ လုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနများက စီမံဆောင်ရွက်မှုလုပ်ငန်းစဉ်များ ပိုမိုလွယ်ကူစေမည်ဖြစ်ပြီး ဖွံ့ဖြိုးမှုအကူအညီများ ညှိနှိုင်းရေးအဖွဲ့အနေဖြင့် မဟာဗျူဟာကျကျ သုံးသပ်နိုင်စေရန် ရည်ရွယ်၍ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးမှုအကူအညီဆိုင်ရာမူဝါဒ- ၂၀၂၀ ကို ပြုစုရေးဆွဲထားပါသည်။




**ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် ဖွံ့ဖြိုးမှု အကူအညီများ ညှိနှိုင်းရေးအဖွဲ့၊ ဒုတိယဥက္ကဋ္ဌဦးသောင်းထွန်း၏ ဥယျောဇဉ် ကောက်နုတ်ချက်အရ**

*“ယခု မူဝါဒအသစ်တွင် ဖွံ့ဖြိုးမှုအကူအညီရယူ ဆောင်ရွက်ရေးအပေါ် နိုင်ငံ၏ မျှော်မှန်းချက်နဲ့ ဖွံ့ဖြိုးမှုအကူအညီများကို စီမံခန့်ခွဲရန်အတွက် လမ်းညွှန်ပြသမယ့် ဒေသတွင်းမူဝါဒများကို ပိုမိုရှင်းလင်းစွာ ဖော်ပြထားပါတယ်။ ဒီမူဝါဒအသစ်သည် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ လမ်းညွှန်မှုဖြင့် ၂၀၁၈ ခုနှစ်တွင် ထုတ်ပြန်ပြီးဖြစ်တဲ့ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီးဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းနဲ့ အခြားသော အရေးကြီးတဲ့ မဟာဗျူဟာကျတဲ့ မက်ခရိုစီးပွားရေးကို အစပြုရာမှာလည်း ချိတ်ဆက်ပေးမှာ ဖြစ်ပါတယ်”*

ယခင် ဖွံ့ဖြိုးမှုအကူအညီဆိုင်ရာမူဝါဒကဲ့သို့ပင် ယခုအသစ် တည်းဖြတ်ထားသည့် ဖွံ့ဖြိုးမှုအကူအညီဆိုင်ရာမူဝါဒကို ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်း၊ အရပ်ဘက်လူမှုအဖွဲ့အစည်းနှင့် ပုဂ္ဂလိကကဏ္ဍတို့ပါဝင်သည့် မိတ်ဖက်အဖွဲ့အစည်းများနှင့် အစိုးရဌာန အဖွဲ့အစည်းများ၏ အကြံဉာဏ်များ၊ သဘောထားမှတ်ချက်များနှင့်အညီ ရေးသားပြုစုထားပါသည်။

ယခု ဖွံ့ဖြိုးမှုအကူအညီဆိုင်ရာမူဝါဒတွင် အသစ်ပြန်လည်ဖွဲ့စည်းထားသည့် မဟာဗျူဟာကျ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့များ (SCGs) ပါဝင်လာခြင်း၊ မြန်မာနိုင်ငံနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်များကို ကောင်းမွန်စွာ ဆောင်ရွက်ပေးနိုင်သည့် ပေါင်းစပ်ညှိနှိုင်းခြင်းနှင့် အကျိုးခံစားခွင့်ရှိသူများ အားလုံးပါဝင်သည့် ဆွေးနွေးခြင်းတို့အတွက် အခြေခံအုတ်မြစ် ပိုမိုခိုင်မာလာစေရန်၊ မကြာမီထုတ်ဝေသွားမည်ဖြစ်သည့် မြန်မာ့စီးပွားရေးပြန်လည်ထူထောင်ရေးနှင့် ပြုပြင်ပြောင်းလဲရေး စီမံချက်ဖြန့်ဝေရေးတွင် ချိတ်ဆက်ပါဝင်ခြင်းတို့ကို မြင်တွေ့ရမည်ဖြစ်ပါသည်။

# (၂၂) ကြိမ်မြောက် မြန်မာ-ထိုင်း နှစ်နိုင်ငံ မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေးအစည်းအဝေး ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၄

**(၂၂) ကြိမ်မြောက် မြန်မာ–ထိုင်း နှစ်နိုင်ငံ မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေး အစည်းအဝေးကို ယနေ့နံနက် ၇ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာန မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ အစည်းအဝေးခန်းမ၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။** (ယာပုံ)




အစည်းအဝေးသို့ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ကြပြီး ထိုင်းနိုင်ငံ မူးယစ်ဆေးဝါး ထိန်းချုပ်ရေးအဖွဲ့ အထွေထွေအတွင်းရေးမှူးချုပ် Mr.Wichai Chaimongkhon ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဒုတိယ ရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦးက မြန်မာ–ထိုင်းနှစ်နိုင်ငံမူးယစ်ဆေးဝါး ပူးပေါင်းထိန်းချုပ်ရေး အစည်းအဝေးကို ကိုဗစ်–၁၉ ကမ္ဘာ့ကပ်ရောဂါအခြေအနေကြောင့် အွန်လိုင်းစနစ်ဖြင့် ကျင်းပရခြင်းဖြစ်ပါကြောင်း၊ ကပ်ရောဂါကာလအတွင်း ခရီးသွားလာမှုကန့်သတ်ခြင်းကို နိုင်ငံအသီးသီးက ဆောင်ရွက်နေချိန်တွင် မူးယစ်ဆေးဝါးထုတ်လုပ်မှုနှင့် သယ်ဆောင်ရောင်းဝယ်မှုများ ပိုမိုလုပ်ဆောင်လာကြပါကြောင်း၊ အထူးသဖြင့် ရေလမ်းကြောင်း အသုံးပြုသယ်ဆောင်မှု များပြားလာသည်ကို နိုင်ငံတကာ မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုဖြစ်စဉ်များတွင် တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ ကမ္ဘာလုံးဆိုင်ရာ ပြောင်းလဲမှုဖြစ်စဉ်နှင့် အခြေအနေအမျိုးမျိုးကို အခွင့်ကောင်းရယူပြီး ပုံစံအမျိုးမျိုးဖြင့် ဆောင်ရွက်နေကြသည်ဟု သုံးသပ်ရမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် (၆၂)ကြိမ်မြောက် CND အစည်းအဝေးတွင် ထုတ်ပြန်ခဲ့သော Political Declaration နှင့် Plan of Action အရ Target သတ်မှတ်ပေးခဲ့သည့် အချက်များအပေါ် ရလဒ်ကောင်းများနှင့် တိုးတက်အောင်မြင်မှုများ ပြသနိုင်ရန် အလေးထားဆောင်ရွက်ခဲ့ပါကြောင်း၊ တားဆီးနှိမ်နင်းရေးကဏ္ဍတွင် အောင်မြင်မှုများ ရရှိခဲ့သော်လည်း အခြားကဏ္ဍများ၌ စိန်ခေါ်မှုများ ရှိနေဆဲဖြစ်ပါကြောင်း၊ ထိန်းချုပ်ဓာတုပစ္စည်းများနှင့် ပတ်သက်၍ မြန်မာ–ထိုင်းနှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုဖြင့် ထိန်းချုပ်ဓာတုပစ္စည်းများတွင် မပါဝင်သည့် အခြားဓာတုပစ္စည်း ပုံစံပြောင်း၍ P2P များ ထုတ်လုပ်တင်သွင်းလာမှုများကို ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ပါကြောင်း၊ မူးယစ်ဆေးဝါးအသွင်ပြောင်း ထုတ်လုပ်နိုင်သည့် ဓာတုဗေဒပညာရပ်များနှင့် ဓာတုပစ္စည်းများ၏ လေ့လာတွေ့ရှိချက်များကို ဆက်လက်ပူးပေါင်း ဆောင်ရွက်ပေးစေလိုပါကြောင်း။

မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ဆောင်ရွက်ရာတွင် ဆက်စပ်ချိတ်ဆက်နေသည့်ကဏ္ဍများကို ဟန်ချက်ညီတိုက်ဖျက်သွားနိုင်ရေးအတွက် သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ပိုမိုမြှင့်တင်ပူးပေါင်းဆောင်ရွက်ပေးကြစေလိုပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါး တိုက်ဖျက်ရေးနှင့် ပတ်သက်၍ ကမ္ဘာ့နိုင်ငံများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့် နိုင်ငံတကာအဖွဲ့အစည်းများကို လက်တွဲပူးပေါင်းဆောင်ရွက်သွားရန် အမြဲအသင့်ရှိနေပါကြောင်း၊ မြန်မာ–ထိုင်း နှစ်နိုင်ငံအကြား မူးယစ်ဆေးဝါးတိုက်ဖျက်ရေးပူးပေါင်းဆောင်ရွက်မှုများအပြင် ထိန်းချုပ်ဓာတုပစ္စည်းများ၊ အသွင်ပြောင်းပရိကာဆာများ တားဆီးနှိမ်နင်းရေးနှင့် ပတ်သက်၍ ပူးပေါင်းဆောင်ရွက်လိုသည့် အစီအစဉ်များနှင့် အကြံဉာဏ်ကောင်းများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးပေးကြပါရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ထိုင်းနိုင်ငံကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင် Mr.Wichai Chaimongkhon က နှုတ်ခွန်းဆက် အမှာစကား ပြောကြားသည်။

အစည်းအဝေးတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ဆောင်ရွက်နေမှု အခြေအနေများ၊ Operation 1511 ဆောင်ရွက်မှုများ၊ (၂၁)ကြိမ်မြောက်အစည်းအဝေး ဆုံးဖြတ်ချက်အပေါ် ပြန်လည်ဆန်းစစ်ခြင်း၊ အနာဂတ်ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များ၊ ပရိကာဆာဓာတုပစ္စည်းများ တရားမဝင် ဝင်ရောက်မှုမရှိစေရေး ထိန်းချုပ်ဆောင်ရွက်မည့် အခြေအနေများ၊ နိုင်ငံဖြတ်ကျော် မူးယစ်ဂိုဏ်းအဖွဲ့များ၊ မူးယစ်တရားခံပြေးများနှင့်ပတ်သက်၍ သတင်းဖလှယ်ခြင်းဆိုင်ရာကိစ္စရပ်များ၊ ဘေးကင်းလုံခြုံသော မဲခေါင်စစ်ဆင်ရေးစီမံချက်အရ ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များ၊ မူးယစ်ဆေးဝါးများ၊ ဓာတုပစ္စည်းများ လေ့လာဆန်းစစ်ရေးနှင့် ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များ၊ ရေရှည်အစားထိုး ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များ၊ (၂၃)ကြိမ်မြောက် အစည်းအဝေးကျင်းပသွားနိုင်မည့် နေ့ရက်၊ နေရာအတည်ပြုခြင်းနှင့် (၂၂) ကြိမ်မြောက် မြန်မာ–ထိုင်း နှစ်နိုင်ငံ မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေး အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**

# ပြည်ပနိုင်ငံများရောက် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ခဲ့

**နေပြည်တော် နိုဝင်ဘာ ၂၄**

နိုင်ငံတကာခရီးသည်တင် လေယာဉ်များ ပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် ပြည်ပနိုင်ငံများတွင် အခက်အခဲ ကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ဆိုးလ်မြို့ရှိ မြန်မာသံရုံးမှ စီစဉ်သည့် မြန်မာအပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်း(MAI) ကယ်ဆယ်ရေး လေယာဉ်ဖြင့် ကိုရီးယားသမ္မတနိုင်ငံ အင်ချွန်းအပြည်ပြည်ဆိုင်ရာ လေဆိပ်မှတစ်ဆင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ ည ၇ နာရီခွဲတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။**(အောက်ပုံ)** အဆိုပါ ကယ်ဆယ်ရေးလေယာဉ်တွင် အီတလီမှ နှစ်ဦး၊ ဂျာမနီမှ လေးဦး၊ ဗြိတိန်မှ တစ်ဦး၊ ကနေဒါမှ နှစ်ဦး၊ နော်ဝေမှ ငါးဦး၊ အမေရိကန်ပြည်ထောင်စုမှ ကိုးဦး၊ ကိုရီးယားသမ္မတနိုင်ငံမှ ၆၉ ဦး မြန်မာနိုင်ငံသား စုစုပေါင်း ၉၂ ဦး လိုက်ပါခဲ့ကြသည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေး၊ သီးသန့်စီစဉ်ပေးသည့် နေရာ/ သတ်မှတ် ဟိုတယ်များ၌ အသွားအလာကန့်သတ်မှု ခုနစ်ရက်နှင့် နေအိမ်တွင် အသွားအလာကန့်သတ်မှု ခုနစ်ရက် နေထိုင်စေရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့က သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာ နိုင်ငံများရှိ မြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့အထိ ကိုရီးယားသမ္မတနိုင်ငံမှ ကယ်ဆယ်ရေးလေယာဉ် ၃၂ ကြိမ်တိုင် ပျံသန်းပြေးဆွဲနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



# တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်း အချိန်ပြောင်းလဲထုတ်လွှင့်မည်

**နေပြည်တော် နိုဝင်ဘာ ၂၄**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်း(NRC) တွင် ပါဝင်သည့် ရှမ်း၊ “ဝ”၊ ကချင်၊ ကယား၊ စကောကရင်၊ အနောက်ပိုင်းကရင်၊ အရှေ့ပိုင်းကရင်၊ ချင်း(လိုင်ဇိုး)၊ ချင်း(ချိုး)၊ မွန်၊ ရခိုင်ဘာသာအစီအစဉ်များ ထုတ်လွှင့်မှုကို ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၁ ရက်မှ နိုဝင်ဘာ ၃၀ ရက်အထိ နေ့စဉ်နံနက် ၆ နာရီမှ ည ၁၁ နာရီအထိ ထုတ်လွှင့်လျက်ရှိသည်။

ယခုအခါ ရုပ်သံလိုင်း ပြောင်းလဲထုတ်လွှင့်မှုကို ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၁ ရက်မှစ၍ ၂၀၂၁ ခုနှစ် မတ် ၃၁ ရက်အထိ “ဝ” ဘာသာအစီအစဉ်ကို နံနက် ၆ နာရီမှ ၈ နာရီအထိလည်းကောင်း၊ ကချင်ဘာသာအစီအစဉ်ကို နံနက် ၈ နာရီမှ ၁၀ နာရီအထိ လည်းကောင်း၊ ကယားဘာသာအစီအစဉ်ကို နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ လည်းကောင်း၊ စကောကရင်ဘာသာအစီအစဉ်ကို မွန်းတည့် ၁၂ နာရီမှ မွန်းလွဲ ၁ နာရီအထိ လည်းကောင်း၊ အနောက်ပိုးကရင်ဘာသာအစီအစဉ်ကို မွန်းလွဲ ၁ နာရီမှ ၂ နာရီအထိလည်းကောင်း၊ အရှေ့ပိုးကရင်ဘာသာအစီအစဉ်ကို မွန်းလွဲ ၂ နာရီ မှ ၃ နာရီအထိ လည်းကောင်း၊ ချင်း (လိုင်ဇိုး) ဘာသာအစီအစဉ်ကို မွန်းလွဲ ၃ နာရီမှ ညနေ ၄ နာရီအထိလည်းကောင်း၊ ချင်း (ချိုး)ဘာသာအစီအစဉ်ကို ညနေ ၄ နာရီမှ ၅ နာရီအထိ လည်းကောင်း၊ မွန်ဘာသာအစီအစဉ်ကို ညနေ ၅ နာရီမှ ည ၇ နာရီအထိ လည်းကောင်း၊ ရခိုင်ဘာသာအစီအစဉ်ကို ည ၇ နာရီမှ ၉ နာရီအထိ လည်းကောင်း၊ ရှမ်းဘာသာအစီအစဉ်ကို ည ၉ နာရီမှ ၁၁ နာရီအထိ လည်းကောင်း ဘာသာအလိုက် အချိန်ပြောင်းလဲ ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ကိုဗစ် – ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး သတင်းအချက်အလက်နှင့် အသိပညာပေး

## ကိုယ်လက်လှုပ်ရှား



ကိုဗစ်ရောဂါနဲ့ပတ်သက်လို့ ရာသီဥတုအေးလာပြီဆိုတဲ့အတွက် ပိုပြီးတော့ သတိထားဖို့ လိုပါတယ်။ ပညာရှင်တွေရဲ့ သုံးသပ်ချက်အရ၊ အတွေ့အကြုံအရဆိုရင်လည်း ကိုဗစ်ရောဂါပိုးဟာ အေးတဲ့ရာသီမှာ နည်းနည်းပိုပြီးတော့ ပွားများရှင်သန်တဲ့သဘော ရှိပါတယ်။ ဒါကြောင့် ဆောင်းတွင်းရောက်လာတာနဲ့အမျှ ပိုပြီးတော့ သတိထားဖို့ လိုပါတယ်။ ကံကောင်းထောက်မစွာ ကျွန်မတို့နိုင်ငံက ဆောင်းတွင်းဆိုတာ တချို့နေရာတွေမှာ သိပ်ပြီးအေးတာ မဟုတ်ပါဘူး။ သို့သော်လည်း အေးတဲ့နေရာတွေလည်း ရှိပါတယ်။ အေးတဲ့နေရာတွေမှာတော့ အထူးသတိထားဖို့ လိုပါတယ်။ အဲဒီတော့ ပြည်သူလူထုအနေနဲ့ ကျန်းမာရေး အတွက်ရော၊ အေးတဲ့အချိန်မှာရော နွေးဖို့အတွက် ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနက ကျန်းမာရေးအတွက် ကိုယ်လက်လှုပ်ရှားမှု အစီအစဉ်တွေ ရုပ်မြင်သံကြားကနေ ထုတ်လွှင့်နေတာကို ပြည်သူတွေအနေနဲ့ စိတ်ဝင်စားစေချင်ပါတယ်။ စိတ်ဝင်စားပြီး ကျန်းမာရေးအစီအစဉ်တွေကို လိုက်ပြီးလုပ်မယ်ဆိုရင် ကိုယ့်အတွက် စိတ်လည်းသက်သာတယ်။ ကျန်းလည်းကျန်းမာတယ်။ ကိုယ်လက်လှုပ်ရှားမှုဆိုတာလည်း စိတ်ကို သက်သာစေပါတယ်။ ဒါဟာ သိပ္ပံနည်းကျကျ ပညာရှင်တွေက တွေ့ရှိပြီး ဖြစ်ပါတယ်။

( Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ၁၆–၁၁–၂၀၂၀ ရက်နေ့တွင် ပြည်သူများသို့ အစီရင်ခံတင်ပြသော ကိုဗစ်–၁၉ ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့် စပ်လျဉ်းသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## ရန်ကုန်ပြည်သူ့ဆေးရုံကြီးရှေ့တွင် တည်ဆောက်ခဲ့သည့် ခုတင် ၁၀၀ ဆံ့ ကိုဗစ်-၁၉ အရေးပေါ် ယာယီတိုးချဲ့ဆောင်ကို လွှဲပြောင်းပေးအပ်



အရေးပေါ် ယာယီတိုးချဲ့ဆောင်အတွင်း တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း ကြည့်ရှုစစ်ဆေးစဉ်။

**ရန်ကုန် နိုဝင်ဘာ ၂၄**

ကိုဗစ်-၁၉ ရောဂါ ကုသရေးအတွက် ရန်ကုန် ပြည်သူ့ဆေးရုံကြီးရှေ့၌ ခုတင် ၁၀၀ ဆံ့ အရေးပေါ် ယာယီတိုးချဲ့ဆောင်ကို ရောဟာသ် ဟိုးလ်ဒင်း ကုမ္ပဏီလီမိတက်က ဆောက်လုပ်၍ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ် လှူဒါန်းပွဲကို လမ်းမတော်မြို့နယ်ရှိ ဆေးတက္ကသိုလ် (၁) ၌ နိုဝင်ဘာ ၂၃ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ရောဟာသ် ဟိုးလ်ဒင်း ကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးဇော်ဝင်းရှိန်က ခုတင် ၁၀၀ ဆံ့ အရေးပေါ် ယာယီတိုးချဲ့ဆောင် ဆောက်လုပ်လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက လှူဒါန်းမှုအတွက် ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ ကိုဗစ်–၁၉ ကာကွယ် ထိန်းချုပ် ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်များဖြင့် တိုင်းဒေသကြီးအတွင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေး ဆောင်ရွက်နေသည့် အစီအစဉ်များကိုလည်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဆောက်လုပ်ပြီးစီးခဲ့သည့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးရှေ့ ခုတင် ၁၀၀ ဆံ့ အရေးပေါ် ယာယီတိုးချဲ့ဆောင်ကို ရောဟာသ်ဟိုးလ်ဒင်း ကုမ္ပဏီလီမိတက် ဥက္ကဋ္ဌက တိုင်းဒေသကြီးဝန်ကြီးချုပ်ထံ လွှဲပြောင်းပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသည့် လူနာများအား ပါဝင်ကုသပေးနေသော ဆရာဝန်များနှင့် သူနာပြုများအတွက် အထွေထွေအသုံးစရိတ် ရန်ပုံငွေအဖြစ် ရောဟာသ် ဟိုးလ်ဒင်း ကုမ္ပဏီလီမိတက်အောက်ရှိ ဝိတိုရိယဆေးရုံမှ ကျပ်သိန်း ၁၀၀ နှင့် A Bank မှ ကျပ်သိန်း ၁၀၀ တို့ကို တာဝန်ရှိသူများက ဝန်ကြီးချုပ်ထံ လှူဒါန်းခဲ့ပြီးနောက် ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ရန်ကုန်ဆေးရုံကြီးရှေ့ရှိ ခုတင် ၁၀၀ ဆံ့ အရေးပေါ် ယာယီတိုးချဲ့ဆောင်ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ထမ်းဆောင်ကြမည့် ကျန်းမာရေး ဝန်ထမ်းများအား အားပေးစကား ပြောကြားခဲ့သည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**

## အာဆီယံဒေသတွင်း မိုင်းရှင်းလင်းရေးဗဟိုဌာန (ARMAC) တွင် ကိုဗစ်-၁၉ ကာလအတွင်း ပေါက်ကွဲစေတတ်သောပစ္စည်းများအန္တရာယ် အသိပညာပေးမှု အကောင်အထည်ဖော်ခြင်းဖြင့် အာဆီယံလူ့အသိုက်အဝန်းကို အကာအကွယ်ပြုခြင်းဆိုင်ရာ Regional Webinar အစည်းအဝေး ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၄**


ကမ္ဘောဒီးယားနိုင်ငံရှိ အာဆီယံဒေသတွင်း မိုင်းရှင်းလင်းရေး ဗဟိုဌာန (ARMAC) တွင် ကိုဗစ်–၁၉ ကာလအတွင်း ပေါက်ကွဲစေတတ်သော ပစ္စည်းများ အန္တရာယ် အသိပညာပေးမှု (Explosive Ordnance Risk Education) အကောင်အထည်ဖော်ခြင်းဖြင့် အာဆီယံ လူ့အသိုက်အဝန်းကို အကာအကွယ်ပြုခြင်းဆိုင်ရာ Regional Webinar အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။

အစည်းအဝေးသို့ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံသံအမတ်ကြီး Mr. Patrick Murphy ၊ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံသံအမတ်ကြီး Mr. Vu Quang Minh (the Chair of the Steering Committee of ARMAC)၊ ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့ရှိ မိုင်းရှင်းလင်းရေးဗဟိုဌာနများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံမှ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြန်လည်ထူထောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် UNICEF မှ Child Protection Specialist တို့ တက်ရောက်ခဲ့ကြသည်။ **(ယာပုံ)**

အစည်းအဝေးတွင် တက်ရောက်လာသူများမှ ကိုဗစ်–၁၉ ကာလအတွင်း မိုင်းအန္တရာယ် အသိပညာပေး (Mine Risk Education) လုပ်ငန်းများ မည်သို့ ဆောင်ရွက်နေကြသည်ကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

အာဆီယံဒေသတွင်း မိုင်းရှင်းလင်းရေးဗဟိုဌာန (ASEAN Regional Mine Action Centre – ARMAC) ကို ၂၀၁၂ ခုနှစ်တွင် အာဆီယံထိပ်သီးအစည်းအဝေး၏ ဆုံးဖြတ်ချက်ဖြင့် တည်ထောင်ခဲ့ကြောင်း၊ မိုင်းနှင့် ပေါက်ကွဲစေတတ်သည့် စစ်ကျန်လက်နက်ပစ္စည်းများ အန္တရာယ် ကြုံတွေ့နေရသည့် ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံ၊ မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့မှ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားပြီး မိုင်းအန္တရာယ်အသိပညာပေးရေး လုပ်ငန်းများအတွက် အမြင်ချင်းဖလှယ်မှု၊ တိုင်ပင်ဆွေးနွေးမှု ဆောင်ရွက်နေကြသော ဌာနဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၂၄-၁၁-၂၀၂၀) ရက်နေ့၊ ညနေ (၄:၀၀)နာရီ

၁။ (၂၃-၁၁-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ (၁,၂၅၉) ဦး၏ မြို့နယ်အလိုက် တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ နေပြည်တော် | မြို့နယ် | အတည်ပြုလူနာ (ဦးရေ) |
|---|---|---|---|
| ၁။ | ရန်ကုန်တိုင်းဒေသကြီး | မြောက်ဥက္ကလာပ | ၉၆ |
| | | မင်္ဂလာဒုံ | ၆၂ |
| | | မရမ်းကုန်း | ၆၂ |
| | | ကမာရွတ် | ၅၇ |
| | | ရွှေပြည်သာ | ၅၃ |
| | | အင်းစိန် | ၄၅ |
| | | ဒဂုံမြို့သစ် (တောင်ပိုင်း) | ၃၅ |
| | | ဒဂုံမြို့သစ် (အရှေ့ပိုင်း) | ၃၀ |
| | | ဒဂုံမြို့သစ် (ဆိပ်ကမ်း) | ၃၀ |
| | | မှော်ဘီ | ၂၈ |
| | | ဒဂုံမြို့သစ် (မြောက်ပိုင်း) | ၂၇ |
| | | တောင်ဥက္ကလာပ | ၂၄ |
| | | လှိုင်သာယာ | ၂၄ |
| | | တာမွေ | ၂၀ |
| | | ကြည့်မြင်တိုင် | ၁၉ |
| | | သန်လျင် | ၁၇ |
| | | လှိုင် | ၁၆ |
| | | ခရမ်း | ၁၄ |
| | | စမ်းချောင်း | ၁၃ |
| | | လမ်းမတော် | ၁၃ |
| | | အလုံ | ၁၃ |
| | | သဃ်န်းကျွန်း | ၁၂ |
| | | မင်္ဂလာတောင်ညွန့် | ၁၁ |
| | | တိုက်ကြီး | ၁၁ |
| | | ဒလ | ၁၀ |
| | | ဗဟန်း * | ၉ |
| | | ရန်ကင်း | ၉ |
| | | သာကေတ | ၈ |
| | | ဒေါပုံ | ၅ |
| | | ကျောက်တန်း | ၅ |
| | | ပန်းဘဲတန်း | ၅ |
| | | လှည်းကူး * | ၅ |
| | | ဗိုလ်တထောင် | ၅ |
| | | သုံးခွ | ၄ |
| | | ကျောက်တံတား | ၃ |
| | | ထန်းတပင် | ၂ |
| | | တွံတေး | ၂ |
| | | ကော့မှူး | ၂ |
| | | ပုဇွန်တောင် | ၁ |
| | | ဒဂုံ | ၁ |
| | | လသာ | ၁ |
| | | စုစုပေါင်း | ၈၀၉ |
| ၂။ | မန္တလေးတိုင်းဒေသကြီး | ချမ်းအေးသာစံ | ၄၉ |
| | | အောင်မြေသာစံ | ၂၈ |
| | | အမရပူရ | ၂၁ |
| | | မဟာအောင်မြေ | ၁၉ |
| | | ချမ်းမြသာစည် | ၁၁ |
| | | ပြည်ကြီးတံခွန် | ၈ |
| | | စဉ့်ကိုင် | ၅ |
| | | ပုသိမ်ကြီး | ၄ |
| | | နွားထိုးကြီး | ၂ |
| | | ဝမ်းတွင်း | ၂ |
| | | မိတ္ထီလာ | ၁ |
| | | ကျောက်ပန်းတောင်း | ၁ |
| | | မြစ်သား | ၁ |
| | | တောင်သာ | ၁ |
| | | ပျော်ဘွယ် | ၁ |
| | | တံတားဦး | ၁ |
| | | ရမည်းသင်း | ၁ |
| | | စုစုပေါင်း | ၁၅၆ |
| ၃။ | ပဲခူးတိုင်းဒေသကြီး | ဝေါ | ၂၇ |
| | | ပဲခူး | ၁၀ |
| | | အုတ်ဖို | ၁၀ |
| | | ရွှေကျင် | ၁၀ |
| | | သနပ်ပင် | ၆ |
| | | ပန်းတောင်း | ၆ |
| | | ကဝ | ၄ |
| | | အုတ်တွင်း | ၃ |
| | | လက်ပံတန်း | ၂ |
| | | သဲကုန်း | ၁ |
| | | စုစုပေါင်း | ၇၉ |
| ၄။ | ဧရာဝတီတိုင်းဒေသကြီး | မော်လမြိုင်ကျွန်း | ၁၆ |
| | | မအူပင် | ၁၆ |
| | | ဒေးဒရဲ | ၁၁ |
| | | ရေကြည် | ၇ |
| | | ကျုံပျော် | ၅ |
| | | ဖျာပုံ | ၃ |
| | | ဘိုကလေး | ၃ |
| | | ကျိုက်လတ် | ၂ |
| | | ပုသိမ် | ၂ |
| | | ကျောင်းကုန်း | ၁ |
| | | ဟင်္သာတ | ၁ |
| | | လပွတ္တာ | ၁ |
| | | ညောင်တုန်း | ၁ |
| | | စုစုပေါင်း | ၆၉ |
| ၅။ | မွန်ပြည်နယ် | မော်လမြိုင် | ၂၈ |
| | | သထုံ | ၁၅ |
| | | ကျိုက်ထို | ၇ |
| | | မုဒုံ | ၁ |
| | | ဘီးလင်း | ၁ |
| | | စုစုပေါင်း | ၅၂ |
| ၆။ | ရခိုင်ပြည်နယ် | စစ်တွေ | ၁၃ |
| | | ဘူးသီးတောင် | ၄ |
| | | မောင်တော | ၃ |
| | | ကျောက်ဖြူ | ၃ |
| | | မြေပုံ | ၃ |
| | | အမ်း | ၂ |
| | | ရသေ့တောင် | ၁ |
| | | မင်းပြား | ၁ |
| | | စုစုပေါင်း | ၃၀ |
| ၇။ | မကွေးတိုင်းဒေသကြီး | အောင်လံ | ၁၀ |
| | | မင်းဘူး | ၄ |
| | | မကွေး | ၁ |
| | | မြိုင် | ၁ |
| | | ဆင်ဖြူကျွန်း | ၁ |
| | | တောင်တွင်းကြီး | ၁ |
| | | စုစုပေါင်း | ၁၈ |
| ၈။ | စစ်ကိုင်းတိုင်းဒေသကြီး | စစ်ကိုင်း | ၄ |
| | | တန့်ဆည် | ၂ |
| | | ယင်းမာပင် | ၂ |
| | | ကလေး | ၁ |
| | | ကလေးဝ | ၁ |
| | | ကျွန်းလှ | ၁ |
| | | ထီးချိုင့် | ၁ |
| | | ဝန်းသို | ၁ |
| | | စုစုပေါင်း | ၁၃ |
| ၉။ | တနင်္သာရီတိုင်းဒေသကြီး | မြိတ် | ၈ |
| | | ထားဝယ် | ၁ |
| | | ရေဖြူ | ၁ |
| | | စုစုပေါင်း | ၁၀ |
| ၁၀။ | ကရင်ပြည်နယ် | ဘားအံ | ၆ |
| | | ကော့ကရိတ် | ၂ |
| | | စုစုပေါင်း | ၈ |
| ၁၁။ | ကချင်ပြည်နယ် | ဖားကန့် | ၄ |
| | | ရွှေကူ | ၁ |
| | | မြစ်ကြီးနား | ၁ |
| | | စုစုပေါင်း | ၆ |
| ၁၂။ | ချင်းပြည်နယ် | မတူပီ | ၂ |
| | | တီးတိန် | ၁ |
| | | တွန်းဇံ | ၁ |
| | | စုစုပေါင်း | ၄ |
| ၁၃။ | ရှမ်းပြည်နယ် | နမ့်ဆန် | ၁ |
| | | ဟိုပုံး | ၁ |
| | | ကလော | ၁ |
| | | စုစုပေါင်း | ၃ |
| ၁၄။ | နေပြည်တော် | ဒက္ခိဏသီရိ | ၁ |
| | | စုစုပေါင်း | ၁ |
| ၁၅။ | ကယားပြည်နယ် | လွိုင်ကော် | ၁ |
| | | စုစုပေါင်း | ၁ |
| | (၂၂-၁၁-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | | (၁,၂၅၉) ဦး |

* လှည်းကူးမြို့နယ်မှ (၁) ဦးနှင့် ဗဟန်းမြို့နယ်မှ (၁) ဦးတို့သည် ပြည်ပနိုင်ငံများမှ ပြန်လည်ရောက်ရှိလာသဖြင့် အသွားအလာ ကန့်သတ်ထားရှိခြင်းဖြစ်ပါသည်။

မှတ်ချက်။ (၂၃-၁၁-၂၀၂၀) ရက်နေ့တွင် စစ်ဆေးတွေ့ရှိခဲ့သော ဓာတ်ခွဲအတည်ပြုလူနာ (၁,၂၅၉) ဦးတွင် အနံ့မရရှိသူ (၂၅၅) ဦး ပါရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# တပ်ကုန်းမြို့နယ်၌ ကိုဗစ်-၁၉ စီးပွားရေးကုစားမှု အစီအစဉ်ဖြင့် စိုက်ပျိုးထားသော မျိုးစေ့ထုတ်စိုက်ခင်းများ ကွင်းဆင်းကြည့်ရှု

**တပ်ကုန်း နိုဝင်ဘာ ၂၄**

နေပြည်တော် တပ်ကုန်းမြို့နယ် လက်ပံတောကျေးရွာအုပ်စုနှင့် အောင်မြေ ရိပ်သာကျေးရွာအုပ်စုရှိ ကိုဗစ်-၁၉ စီးပွားရေးကုစားမှု အစီအစဉ်အရ စိုက်ပျိုးထားသော မိုးစပါးမျိုးစေ့ထုတ် စိုက်ခင်းများ၊ ကင်ပွန်းတန်းကျေးရွာအုပ်စုရှိ မိုးနှောင်းချည်မျှင် ရှည်ဝါ စံပြစိုက်ခင်းများအား နိုဝင်ဘာ ၂၃ ရက်က စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရဲတင့်ထွန်း၊ နေပြည်တော်စိုက်ပျိုးရေး ဦးစီးဌာနတိုင်းဦးစီးမှူး ဦးဝင်းဦးနှင့် ဒုတိယတိုင်းဦးစီးမှူးများ၊ ခရိုင်ဦးစီးမှူးများ၊ မျိုးစေ့ တာဝန်ခံများ၊ သီးနှံကာကွယ်ရေး တာဝန်ခံများနှင့် မြေအသုံးချရေးတာဝန်ခံများက ကွင်းဆင်းကြည့်ရှုသည်။ **(ယာပုံ)**

ရှေးဦးစွာ တပ်ကုန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် တောင်သူများက မိုးစပါးမျိုးစေ့ထုတ် စိုက်ပျိုးဆောင်ရွက်မှု အခြေအနေများ၊ ဝါသီးနှံစံပြကွက် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က သီးနှံစိုက်ပျိုးနည်းစနစ်များ၊ မြေဩဇာကျွေးခြင်း၊ ပိုးသတ်ဆေးသုံးစွဲခြင်း စသည့် အပင်ပြုစုစောင့်ရှောက်သည့် နည်းစနစ်များအား စနစ်တကျအချိန်ကိုက် ဆောင်ရွက်ကြရန်လိုကြောင်း၊ မျိုးစေ့ထုတ် တောင်သူများအနေဖြင့် မိမိတို့စိုက်ပျိုး ထုတ်လုပ်သည့် မျိုးများအား အခြားတောင်သူများထံသို့ သင့်တင့်မျှတသည့် ဈေးနှုန်းဖြင့် ဖြန့်ဖြူးပေးရန်လိုကြောင်း၊ မျိုးစေ့ထုတ်စိုက်ခင်းများမှ မျိုးကောင်း မျိုးသန့်ရရှိရေးအတွက် ကွင်းဆင်းစစ်ဆေးခြင်းလုပ်ငန်း၊ ရိတ်သိမ်းပြီးနောက် စနစ်တကျ ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီး မျိုးစေ့အဆင့်အလိုက် မျိုးစေ့ထောက်ခံချက် ရရှိပြီးမှသာ မျိုးအဖြစ် ဆက်လက်ဖြန့်ဖြူးကြရန်လို



ကြောင်းနှင့် စိုက်ပျိုးရေရရှိမှုပေါ် မူတည်၍ မိုးစပါးအပြီး ဆောင်းသီးနှံ စိုက်ပျိုးရေးအတွက် သီးနှံပုံစံများ စနစ်တကျ ဆောင်ရွက်ရန်လိုကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ဝါသီးနှံ မျိုးကောင်းမျိုးသန့် ပိုမိုပြောင်းလဲစိုက်ပျိုးနိုင်ရေးအတွက် မျိုးကောင်းမျိုးသန့် ထုတ်လုပ်ဖြန့်ဖြူး နည်းစနစ်များအား ရှင်းလင်းဆွေးနွေးပြီး၊ ဝါမျိုးသန့်စိုက်ခင်းများ တစ်ကွင်းတစ်စပ်တည်း စိုက်ပျိုးကြရန်နှင့် တောင်သူများ၊ ဝန်ထမ်းများအနေဖြင့် ကိုဗစ်ကာလ ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ နေထိုင်ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားကြောင်း သိရသည်။

**မောင်ကျော်ကြီး**

# COVID-19 Call Center ကို နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ထား

**နေပြည်တော် နိုဝင်ဘာ ၂၄**

COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန်အတွက် COVID – 19 Call Center ကို ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေးအော်ပရေ တာလေးခု၊ Blue Ocean ကုမ္ပဏီတို့ ပူးပေါင်း၍ COVID–19 Call Center (ဖုန်းနံပါတ် ၂၀၁၉) အား ဧပြီ ၈ ရက်မှစ၍ နံနက် ၈ နာရီ မှ ည ၈ နာရီအထိ ဖွင့်လှစ်ခဲ့ပြီး ယခုအခါ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅နာရီအထိ ရန်ကုန်မြို့၊ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသန ဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်း ဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဖွင့်လှစ်ထားရှိသည်။

**သတင်းစဉ်**

# မျက်နှာနှင့် နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားမှုစီမံချက်

တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ "နေအိမ်တွင်သာ နေထိုင်ရေး အစီအစဉ် (Stay at home)"တွင် အကျုံးဝင်သော မြို့နယ်များနှင့် ရောဂါဖြစ်ပွားမှုများသော မြို့နယ်များတွင် တိုင်းဒေသကြီး/ ပြည်နယ် အစိုးရ အဖွဲ့များ၏ ဦးဆောင်မှုဖြင့် တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနများသည် လူမှုရေးအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများနှင့် ပူးပေါင်း၍ **"COVID–19 ရောဂါ ကာကွယ်ခြင်းဆိုင်ရာ ကျန်းမာရေး အသိပညာမြှင့်တင်ရေးနှင့် ပြုမူပြောင်းလဲရေး ဆက်သွယ်ပညာပေး မျက်နှာနှင့် နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားမှု စီမံချက် (Mask and Face Shield Campaign)"** ကို ဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါ လူထုလှုပ်ရှားမှုစီမံချက်တွင်

- ပါးစပ်နှင့် နှာခေါင်းစည်း (Mask)၊ မျက်နှာအကာ (Face shield) မဖြစ်မနေ တပ်ဆင်ရေးအတွက်အသိပေးစည်းရုံး လှုံ့ဆော်ခြင်း၊ ပေးဝေခြင်းနှင့် တပ်ဆင်စေခြင်း၊
- လက်ကိုင်အသံချဲ့စက်များဖြင့် လှည့်လည်အသိပေး ပြောကြားခြင်းနှင့်
- ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များ ပေးဝေခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

ရောဂါကူးစက်ပြန့်ပွားမှု ကွင်းဆက်ကို ဖြတ်တောက်ပြီး ထိရောက်စွာ ကာကွယ်ထိန်းချုပ်နိုင်မှသာ စီးပွားရေး၊ ပညာရေးနှင့် လူမှုရေးလုပ်ငန်းများကို ပုံမှန်အနေအထားအတိုင်း အမြန်ဆုံးပြန်လည်လုပ်ကိုင်လာနိုင်မည်ဖြစ်သည့်အတွက် ပြည်သူလူထုအနေဖြင့် ပူးပေါင်းပါဝင် လိုက်နာဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော် ပန်ကြားအပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**




## ပြင်ဆင်သိမှတ်ပါရန်

၂၁–၁၁–၂၀၂၀ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာ (၁၈) ပါ ကချင်ပြည်နယ်ရှိ နေရပ်စွန့်ခွာရသူများ ပြန်လည်နေရာချထားမှု အကောင်အထည်ဖော်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့ညှိနှိုင်းစည်းဝေး သတင်းတွင် ပုံလွဲမှားဖော်ပြပါရှိသွားပါသဖြင့် ယခုပုံဖြင့် ပြင်ဆင်သိမှတ်နိုင်ပါရန် အနူးအညွတ် မေတ္တာရပ်ခံအပ်ပါသည်။

(မြန်မာ့အလင်းစာတည်း)

## ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်ရေးအတွက် နှာခေါင်းစည်းများ တောင်ငူ၌ အခမဲ့ဝေငှ

**တောင်ငူ နိုဝင်ဘာ ၂၄**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၌ နိုဝင်ဘာ ၂၄ ရက်က တောင်ငူမြို့နယ် ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်ရေး ကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ တပ်ရင်း တပ်ဖွဲ့များနှင့် ပရဟိတအဖွဲ့များ စုပေါင်း၍ မြို့ပေါ်ရှိ လူသွားလူလာများပြားသည့် နေရာလေးခုတို့၌ နှာခေါင်းစည်း အခု ၁၀၀၀၀ တို့ကို အခမဲ့ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

ကျော်လှ (တောင်ငူ)



❖ *ကျောဖုံးမှ*

မြန်မာနိုင်ငံတွင် COVID-19 လူနာဖြစ်ပွား၊ သေဆုံးမှုအခြေအနေ
(၂၄-၁၁-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| | အသစ် (လွန်ခဲ့သော ၂၄ နာရီအတွင်း) | ယခုအထိ စုစုပေါင်း |
|---|---|---|
| စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၂၁,၅၈၅) ဦး | (၁,၀၅၉,၀၃၅) ဦး |
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | (၁,၇၃၁) ဦး | (၈၂,၂၃၆) ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | (၁,၀၇၇) ဦး | (၆၀,၉၆၅) ဦး |
| သေဆုံးလူနာ | (၁၉) ဦး | (၁,၇၈၄) ဦး |

- ယနေ့ သေဆုံးသူ (၁၉) ဦးအနက် ရောဂါအခံရှိသူ (၁၂) ဦး ပါဝင်ပါသည်။
- တိုင်းဒေသကြီး/ ပြည်နယ်များရှိ ဆေးရုံများနှင့် ရန်ကုန်မြို့ရှိ COVID–19 ရောဂါ ကုသရေး ဌာနများမှ ဆေးရုံဆင်းခွင့်ရရှိသူ စုစုပေါင်း (၁,၀၇၇) ဦးတွင်–
  - ❍ ပြည်သူ့ဆေးရုံများ – (၃၇၀) ဦး
  - ❍ COVID–19 ရောဂါကုသရေးဌာနများ (ရန်ကုန်မြို့) –(၇၀၇) ဦး ပါဝင်ပါသည်။
- ရန်ကုန်တိုင်းဒေသကြီးအတွင်း အသွားအလာကန့်သတ်ထားရှိရာ နေရာများမှ ဓာတ်ခွဲအတည်ပြုလူနာများနှင့် အနီးကပ်ထိတွေ့ခဲ့သူများအနက် Negative အဖြေထွက်ရှိခဲ့ပြီး နေအိမ်များတွင် အသွားအလာကန့်သတ်ထားရှိသူ စုစုပေါင်း (၁,၁၇၉) ဦးတွင်–
  - ❍ Hotel Quarantine – (၂၀၁) ဦး
  - ❍ Facility Quarantine – (၄၅) ဦး
  - ❍ Community Based Facility Quarantine – (၈၁၂) ဦး
  - ❍ Anosmia Center – (၁၂၁) ဦး

  ပါဝင်ပြီး ၎င်းတို့အား နေအိမ်များတွင် အသွားအလာ ဆက်လက်ကန့်သတ်ထားရှိပါ သည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

## ၂၄-၁၁-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၁၂၇၈၀၉၃၈ | ၇၅၅၃၄၀၀ | ၂၆၃၇၉၉ |
| ၂။ | အိန္ဒိယ | ၉၁၇၉၄၂၅ | ၈၆၀၄၉၅၅ | ၁၃၄၂၇၃ |
| ၃။ | ဘရာဇီး | ၆၀၈၈၀၀၄ | ၅၄၄၅၀၉၅ | ၁၆၉၅၄၁ |
| ၄။ | ပြင်သစ် | ၂၁၄၄၆၆၀ | ၁၅၂၅၉၂ | ၄၉၂၃၂ |
| ၅။ | ရုရှား | ၂၁၃၈၈၂၈ | ၁၆၃၄၆၇၁ | ၃၇၀၃၁ |
| ၆။ | စပိန် | ၁၆၀၆၉၀၅ | စိစစ်ဆဲ | ၄၃၁၃၁ |
| ၇။ | ဗြိတိန် | ၁၅၂၇၄၉၅ | စိစစ်ဆဲ | ၅၅၂၃၀ |
| ၈။ | အီတလီ | ၁၄၃၁၇၉၅ | ၅၈၄၄၉၃ | ၅၀၄၅၃ |
| ၉။ | အာဂျင်တီးနား | ၁၃၇၄၆၃၁ | ၁၂၀၃၈၀၀ | ၃၇၁၂၂ |
| ၁၀။ | ကိုလံဘီယာ | ၁၂၅၄၉၇၉ | ၁၁၅၈၈၉၇ | ၃၅၄၇၉ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၂၄- ၁၁ - ၂၀၂၀

| | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၅၀၆၃၀၂ | ၄၂၅၃၁၃ | ၁၆၁၁၁ |
| ဖိလစ်ပိုင် | ၄၂၁၇၂၂ | ၃၈၆၇၉၂ | ၈၁၈၅ |
| မြန်မာ | ၈၂၂၃၆ | ၆၀၉၆၅ | ၁၇၈၄ |
| မလေးရှား | ၅၈၈၄၇ | ၄၄၁၅၃ | ၃၄၁ |
| စင်ကာပူ | ၅၈၁၈၃ | ၅၈၀၇၁ | ၂၈ |
| ထိုင်း | ၃၉၂၂ | ၃၇၇၂ | ၆၀ |
| ဗီယက်နမ် | ၁၃၁၆ | ၁၁၅၃ | ၃၅ |
| ကမ္ဘောဒီးယား | ၃၀၆ | ၂၉၆ | ၀ |
| ဘရူနိုင်း | ၁၅၀ | ၁၄၅ | ၃ |
| လာအို | ၃၉ | ၂၄ | ၀ |

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ Coronavirus Disease 2019 (COVID-19) ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ သတင်းထုတ်ပြန်ချက် (၁၁/၂၀၂၀)

*ယမန်နေ့မှအဆက်*

| စဉ် | ကုမ္ပဏီလုပ်ငန်း/အမည် | လိပ်စာ |
|---|---|---|
| ၅၂၄ | စတား မုန့်မျိုးစုံ ထုတ်လုပ်ရေး | ၇ ရပ်ကွက်၊ သကြားဘုရားကုန်းလမ်း၊ လပွတ္တာမြို့ |
| ၅၂၅ | ကောင်းထက်စံ အဆင့်မြင့်ဆန်စက်နှင့် ဆန်ရောင်းဝယ်ရေး | အင်ဒိုင်းလေးကျေးရွာ၊ ကလေးမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၅၂၆ | မြင့်မင်းရတနာ ဆန်စက် | မကျီးကန်ရွာ၊ ယင်းမာပင်ခရိုင်၊ ပုလဲမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၅၂၇ | ရဲအောင် (ဆန်စက်) | ဗိုလ်ချုပ်လမ်း၊ ဆေးရုံရပ်ကွက်၊ ဖြူးမြို့၊ ပဲခူးတိုင်းဒေသကြီး |
| ၅၂၈ | ဦးအောင်ထွေးမင်း ဥစားကြက် မွေးမြူရေးလုပ်ငန်း | စမ်းချောက်ကြီး၊ ဘုရားချောင်းအုပ်စု၊ မြောင်းမြမြို့ |
| ၅၂၉ | ဒေါ်တင်မြင့် ဆားကြမ်းထုတ်လုပ်မှု လုပ်ငန်း | ကုန်းတန်းရွာ၊ ကညင်ချောင်းကျေးရွာအုပ်စု၊ ဟိုင်းကြီးကျွန်းမြို့ |
| ၅၃၀ | ဒေါ်ကျင်ဆင့် နေလှန်းဆား ထုတ်လုပ်ခြင်းလုပ်ငန်း | မဲခရဲကျေးရွာ၊ ငပုတောမြို့နယ် |
| ၅၃၁ | အောင်သစ္စာ သောက်ရေသန့် | (၁/၈၅)၊ အမှတ် (၁) ရပ်ကွက်၊ ကျောက်ရေတွင်းလမ်း၊ နမ့်စန်မြို့ |
| ၅၃၂ | ဒေါ်ခင်မြင့် ဥစားကြက် မွေးမြူရေးလုပ်ငန်း | ပန်းတောကျေးရွာ၊ တောင်ကြီးမြို့နယ်၊ တောင်နီကျေးရွာအုပ်စု |
| ၅၃၃ | ဦးစိုးအောင် (ကြက်မွေးမြူရေးလုပ်ငန်း) | ဝေွးကုန်းကျေးရွာ၊ တောင်တွင်း-မြို့သစ်- နတ်မောက်လမ်းဘေး၊ မကွေးတိုင်း |
| ၅၃၄ | ဦးမြင့်အောင် (၂) ဥစားကြက် မွေးမြူရေးလုပ်ငန်း | တောင်ကုန်း (၄) လမ်း၊ မရမ်းကုန်းရပ်ကွက်၊ မြောင်းမြမြို့ |
| ၅၃၅ | ဦးခင်ရှိန် နေလှန်းဆားကြမ်း ထုတ်လုပ်ရေးနှင့် အိုင်အိုဒင်းဆားချော ထုတ်လုပ်ရေး ဆားကြိတ်စက် | ပြည်တော်သာရပ်၊ ပငကျေးရွာ၊ သံဖြူဇရပ်မြို့နယ်၊ မွန်ပြည်နယ် |
| ၅၃၆ | ဦးလင်းသူဟန် (Just Coffee andCake Bakery) | အမှတ်- ၃၆၆၊ ကမ်းနားလမ်း၊ မရမ်းကုန်းရပ်၊ မော်လမြိုင်မြို့ |
| ၅၃၇ | ဒေါ်ငွေစိန် နေလှန်းဆားကြမ်း ထုတ်လုပ်ရေးလုပ်ငန်း | မဲခရဲတိုင်နယ်၊ ငပုတောမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၅၃၈ | ရတနာမိုး ဆန်စက် | တင်းတိမ်ရုံ စံပြကျေးရွာ၊ ရေဦးမြို့နယ် |
| ၅၃၉ | မိုးဆန်းပန်း (၂) ဆန်စက် | လက်ပံကုန်းရွာ၊ ပဲနွယ်ကုန်းမြို့၊ ကျောက်တံခါးမြို့နယ်၊ ပဲခူးမြို့ |
| ၅၄၀ | ဦးအောင်ခိုင်လင်း (မွေးမြူရေးလုပ်ငန်း) | ဝင်းဘုရားသား ကာသိဂိါလမ်း၊ သုခဝေဖြာရပ်ကွက်၊ ပုတီးကုန်းမြို့၊ သဲကုန်းမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး |
| ၅၄၁ | ဒေါ်သန်းသန်းဝင်း (ကြက်မွေးမြူရေးလုပ်ငန်း) | တောင်လေးလုံးကျေးရွာ၊ တောင်ကြီးမြို့၊ ရွှေတောင်မြို့၊ ရှမ်းပြည်နယ် |
| ၅၄၂ | ဦးလွှမ်းမိုးအောင် ကြက်မွေးမြူရေး | နတ်မောက်လမ်း၊ ဒဟတ်ကန်ရပ်၊ မကွေးမြို့/ ဖိုကုန်းကျေးရွာ၊ ဖိုကုန်းကွင်း၊ မကွေးမြို့ |
| ၅၄၃ | ကိုဖြိုးလေး အသားတိုးကြက်မွေးမြူရေးလုပ်ငန်း | အမှတ် (၁၁၆၀)၊ ပပဝတီ (၁) လမ်း၊ အမှတ် (၅) ရပ်ကွက်၊ ပုသိမ်မြို့ |
| ၅၄၄ | ဦးနေစိုး နို့စားနွား မွေးမြူရေးလုပ်ငန်း | မြင်းကကုန်းကျေးရွာ၊ ဘိုကလေးမြို့နယ် |
| ၅၄၅ | ဦးထွန်းထွန်းဇော် ကြက်ဝက် မွေးမြူရေး | ကြို့ပင်သာအုပ်စု၊ ဝက်ပုတ်ရွာမ၊ သဲကုန်းမြို့နယ်၊ ပဲခူးတိုင်း |
| ၅၄၆ | CES Computer Training Center | အမှတ်(၄၀)၊ ဗဟိုလမ်း၊ မြစ်ငယ်ရပ်၊ မြိတ်မြို့ |
| ၅၄၇ | စူပါဝမ်း ဆန်စက် | ရွှေကျောင်းကွက်သစ် (၄) လမ်း၊ အမှတ် (၄) ရပ်ကွက်၊ ကြာနီကန်ရပ်၊ မြန်အောင် |
| ၅၄၈ | အောင်သိဒ္ဓိ ဆန်စက် | ငှက်ပေါက်ကျေးရွာ၊ ငပုတော |
| ၅၄၉ | ဦးဝင်းစိုး (ထွန်းရွှေဝါ ဆန်စက်) | မြို့လယ်ချောင်းရွာ၊ ဂုမ္ဘကွင်းအုပ်စု၊ ကြို့ပင်ကောက်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး |
| ၅၅၀ | ရွှေမေတ္တာမွန် ဆန်စက် | (၅) ရပ်ကွက်၊ သာပေါင်းကျေးရွာ၊ ဘိုကလေးမြို့ |
| ၅၅၁ | သုခဗလ ဆန်စက် | သာပေါင်းကျေးရွာ၊ ဘိုကလေးမြို့ |
| ၅၅၂ | ပြည်တော်ရွှန်း ဆန်စက် | ပြည်တော်သာရပ်၊ ပုတီးကုန်းမြို့၊ သဲကုန်းမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး |
| ၅၅၃ | ကျော်သူ ရေခဲမုန့်နှင့် ကိတ်လုပ်ငန်း | ကားကြီးကွင်းအနောက်ဘက်၊ စိန်ကုန်းရပ်၊ စစ်ကိုင်းမြို့ |
| ၅၅၄ | ဒေါ်ခင်လှ နေလှန်းဆားကြမ်း ထုတ်လုပ်ရေးလုပ်ငန်း | အမှတ် (၂/၅၇)၊ ရေးမြို့နယ်၊ နှစ်ကရင်ကျေးရွာ၊ မွန်ပြည်နယ် |
| ၅၅၅ | MK ဖျော်ရည်နှင့် ယိုစုံလုပ်ငန်း | ၈၂ -၃/၃၅၊ ၆၁-ချယ်ရီလမ်း၊ မြို့သစ်၊ မန္တလေး |
| ၅၅၆ | ဦးစံငွေး ကွမ်းစိုက်ပျိုးရေးလုပ်ငန်း | ကြို့ကုန်းကျေးရွာ၊ သရက်ငူအုပ်စု၊ ပန်းတနော်မြို့နယ် |
| ၅၅၇ | ဦးအောင်သူဇော် မြစားပွဲတင်ဆားလုပ်ငန်း | ဘီ-၁၃၊ ငန်းတေးလမ်း၊ ဖက်ခင်းရပ်၊ ဈေးကြို၊ မော်လမြိုင်မြို့ |
| ၅၅၈ | ဦးမြင့်မောင် နေလှန်းဆားကြမ်းထုတ်လုပ်ခြင်း | မရမ်းကွင်းကျေးရွာ၊ မဲခရဲတိုင်နယ်၊ ငပုတောမြို့နယ်၊ ပုသိမ်ခရိုင်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၅၅၉ | ဦးမြင့်ဦး ငါးမွေးမြူရေးလုပ်ငန်း | ဘဝိုင်းကျေးရွာအုပ်စု၊ မန်ကျည်းကန်ကျေးရွာ၊ ပန်းတနော်မြို့၊ ဧရာဝတီတိုင်း |
| ၅၆၀ | မြင့်အောင် အထွေထွေ စက်မှုလုပ်ငန်း | ခွေးရဲလမ်း၊ အရှေ့ပိုင်ရပ်၊ ပေါင်းတလည်မြို့၊ ပဲခူးတိုင်းဒေသကြီး |
| ၅၆၁ | ဒေါ်သောင်းစိန် ရာဘာစိုက်ပျိုးထုတ်လုပ်ရေးလုပ်ငန်း | မူးဒူးကျေးရွာ၊ ရေဖြူမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး |
| ၅၆၂ | ရွှေရတနာ ဆန်စက်နှင့် စိုက်ပျိုးရေးပစ္စည်းဆိုင် | အမှတ်(၆၈)၊ ဖိုးဂေါင်လမ်း၊ အလယ်ကုန်းရပ်ကွက်၊ သုံးဆယ်မြို့ |
| ၅၆၃ | သီရိထိုက်အောင် ဆန်စက်နှင့် ဆန်စပါး၊ ပဲရောင်းဝယ်ရေး | ဥယျာဉ်တန်းလမ်း၊ စစ်ကွင်းမြို့၊ မင်းလှမြို့နယ်၊ ပဲခူးတိုင်း |
| ၅၆၄ | တော်ဝင်နန်း သောက်ရေသန့် | ရွာငယ်ရပ်ကွက်၊ ပင်းတယမြို့၊ ရှမ်းပြည်နယ်တောင်ပိုင်း |
| ၅၆၅ | သန်းကြွယ်မင်း ဆန်စက် | အုတ်ဖိုမြို့နယ်၊ ဘလားကျေးရွာ၊ ပဲခူးတိုင်းဒေသကြီး |
| ၅၆၆ | စိုးပြည့်အောင် ဆန်စက် | အမှတ် (၇) ရပ်ကွက်၊ ညောင်တုန်းမြို့၊ ဧရာဝတီတိုင်းဒေသကြီး |
| ၅၆၇ | ဣစ္ဆာသယ ဆန်စက် | သာလိကာရွာ၊ သပြေစိန်အုပ်စု၊ ဇီးကုန်းမြို့ |
| ၅၆၈ | ဒေါ်ညွန့်စိန် ဆားကြမ်းထုတ်လုပ်ငန်း | မဲခရဲကျေးရွာအုပ်စု၊ မဲခရဲကျေးရွာ၊ ငပုတောမြို့နယ် |
| ၅၆၉ | နဂါးနီ ဆန်စက်ခြောက်ခံစက်နှင့် ပွဲရုံလုပ်ငန်း | မြို့မရပ်ကွက်၊ ချောင်းဦးမြို့ |
| ၅၇၀ | ဦးညီညီ နေလှန်းဆားကြမ်း လုပ်ငန်း | မဲခရဲတိုက်နယ်၊ မရမ်းကွင်းကျေးရွာအုပ်စု၊ ဧရာဝတီတိုင်းဒေသကြီး |
| ၅၇၁ | ဦးကျော်ကျော်ဦး ရော်ဘာစိုက်ပျိုးရေးလုပ်ငန်း | ဥသျှရုံကျေးရွာ၊ ရေဖြူမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး |
| ၅၇၂ | ဦးရဲစိန် (အောင်ဆုမွန် ပဲကြော်လုပ်ငန်း) | ၃၂၁၊ ၁၃ လမ်း၊ အောင်မေတ္တာ (ဃ) ရပ်ကွက်၊ မကွေးမြို့ |
| ၅၇၃ | ရွှေဇီးကွက်- အိုင်အိုဒင်းဆားချော ထုတ်လုပ်ခြင်းလုပ်ငန်း | ရွှေဇီးကွက်ဆားကြိတ်စက်၊ အမှတ်(၃)၊ ဆန်တန်းလမ်း၊ စက်ကွင်းရပ်၊ မော်လမြိုင်မြို့ |
| ၅၇၄ | စိုးမင်းဟိန်း ဆန်စက်လုပ်ငန်း | သဝင်ကိုင်းကျေးရွာ၊ ကျောက်တော်မြို့နယ် |
| ၅၇၅ | ဦးဝင်းငွေ (ကြက်မွေးမြူရေး) | ကန်တစ်ရာ၊ နေဝန်းနီ၊ ကလိကျေးရွာ |
| ၅၇၆ | ဒေါ်မြင့်မြင့်ရီ ငါးမွေးမြူရေးလုပ်ငန်း | အုတ်တွင်းကျေးရွာ၊ ဟိုင်းကြီးကျွန်းမြို့နယ် |
| ၅၇၇ | ဦးစံရွှေမြ ငါး/ပုဇွန် မွေးမြူရေးလုပ်ငန်း | အလယ်ကျွန်းကျေးရွာ၊ ပေါက်တောမြို့နယ် |
| ၅၇၈ | ဒေါ်မော်မော်လီ ကင်းမွန်ငါးဖမ်းလုပ်ငန်း | အမှတ်(၁၃၉)၊ ဓမ္မာရုံလမ်း၊ ကန်ဖျားရပ်၊ မြိတ်မြို့ |
| ၅၇၉ | ဦးသိန်းလှ ကမ်းနီးငါးဖမ်းလုပ်ငန်း | ပန်းတင်အင်းကျေးရွာအုပ်စု၊ လောင်းလုံမြို့နယ် |
| ၅၈၀ | ဦးဝေဖြိုးလှိုင် ရေထွက်ပစ္စည်း ပြုပြင်ထုတ်လုပ်ရေး | ဒေါ်ငြိမ်းကျေးရွာ၊ အမာမြို့နယ် |
| ၅၈၁ | ဦးညွန့်တင် ငါးမွေးမြူရေး | ညောင်တုန်းမြို့နယ်၊ ဧရာဝတီတိုင်း |
| ၅၈၂ | ဒေါ်ဇာဇာဖေယျကမ်းနီးငါးဖမ်းလုပ်ငန်း | အမှတ် (၁) ရပ်ကွက်၊ ချောင်းသာ |
| ၅၈၃ | ဦးစန်းဝင်း ငါးမွေးမြူရေးလုပ်ငန်း | လှိုင်းတာကျေးရွာအုပ်စု၊ ကျိုက်လတ်မြို့နယ် |
| ၅၈၄ | ဦးလှဝင်း ကမ်းဝေးငါးဖမ်းလုပ်ငန်း | ထီးဖြူသောင်ကျေးရွာ၊ ရေးမြို့နယ် |
| ၅၈၅ | ဦးဆန်းဦး (ကောင်းထက်သူ-၁) ကမ်းဝေးငါးဖမ်းလုပ်ငန်း | တက္ကသိုလ်ရိပ်သာ (၉) လမ်း၊ ကလွင်ရပ်၊ မြိတ်မြို့ |
| ၅၈၆ | ဦးအောင်ကျော်မင်း ငါးမွေးမြူရေးလုပ်ငန်း | သင်္ဂတုံကျေးရွာ၊ စဉ့်ကိုင်မြို့နယ် |
| ၅၈၇ | ဦးထွန်းထွန်း (ငွေဝင်စိုး) ကမ်းဝေးငါးဖမ်းလုပ်ငန်း | သပြေချိုင်ကျေးရွာ၊ သံတွဲမြို့၊ ရခိုင်ပြည်နယ် |
| ၅၈၈ | ဦးအုန်းငွေ ကမ်းနီးငါးဖမ်းလုပ်ငန်း | အမှတ်(၂) ရပ်ကွက်၊ ချောင်းသာ |
| ၅၈၉ | ဦးသောင်းဟိန်း ကမ်းဝေးငါးဖမ်းလုပ်ငန်း | အမှတ် (၂၄)၊ အောင်ဆေဒဂုံလမ်း၊ ကြက်စားပြင်၊ ထားဝယ်မြို့ |
| ၅၉၀ | ဦးနေလင်းအောင် (ရေငံပုဇွန် မွေးမြူရေးလုပ်ငန်း) | ချောင်းဝကျေးရွာ၊ ဟိုင်းကြီးကျွန်းမြို့၊ ဧရာဝတီတိုင်းဒေသကြီး |
| ၅၉၁ | ဦးလှမြင့် ငါးမွေးမြူရေးလုပ်ငန်း | ကျုံတနော်အရှေ့ကျေးရွာ၊ ဓနုဖြူမြို့နယ် |
| ၅၉၂ | ဦးဟန်စိုး ရေငန်ငါး၊ ပုဇွန်၊ ဂဏန်းမွေးမြူရေး လုပ်ငန်း | အုတ်တွင်းကျေးရွာ၊ အုတ်တွင်းအုပ်စု၊ ဟိုင်ကြီးကျွန်းမြို့နယ်။ ငပုတောမြို့ |
| ၅၉၃ | ဦးလှိုင်သူရ (ပင်လယ်ကမ်းဝေးငါးဖမ်းလုပ်ငန်း) | B-လမ်း၊ ကန်ကြီးရပ်၊ မြိတ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး |
| ၅၉၄ | ဦးစံမင်း ငါးမွေးမြူရေး လုပ်ငန်း | အမှတ်(၂)၊ အထကကျောင်းလမ်း၊ ဘီးလင်းတန်းရပ်ကွက်၊ လက်ပံတန်းမြို့ |
| ၅၉၅ | ဦးမျိုးရွှေ ကမ်းနီးငါးဖမ်း လုပ်ငန်း | အမှတ် (၄)၊ ဂျိတ္တော်ရပ်ကွက်၊ ပေလီမြို့နယ်၊ ရခိုင်ပြည်နယ် |
| ၅၉၆ | ပြည့်ဖြိုး ငါးမွေးမြူရေးလုပ်ငန်း | တာပတ်ကျေးရွာ၊ ကျိုက်လတ်မြို့ |
| ၅၉၇ | ဦးညွန့်မင်း မျှောပိုက်လုပ်ငန်း | ခါးပြတ်ကျေးရွာ၊ အမာမြို့ |
| ၅၉၈ | ဦးအောင်ကိုမြတ် (ငွေတိုးရကမ်းဝေးငါးဖမ်းလုပ်ငန်း) | အမှတ်- ၂၉၊ ငြိမ်းချမ်းရေးရေပုန်းရပ်၊ မြိတ်မြို့ |
| ၅၉၉ | ဦးညီညီထွန်း- ငါး၊ ပုဇွန် မွေးမြူရောင်းဝယ်ရေး လုပ်ငန်း | အုတ်တွင်းရွာ၊ ဟိုင်းကြီးကျွန်းမြို့နယ်ခွဲ၊ ဧရာဝတီတိုင်းဒေသကြီး |
| ၆၀၀ | ဒေါ်ကြည်ကြည်သင်း (ရေငံပုဇွန် မွေးမြူရေးလုပ်ငန်း) | ချောင်းဝရွာ၊ ဟိုင်းကြီးကျွန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၆၀၁ | ကိုဇော်မျိုးမြတ် ရေထွက်ထုတ်လုပ်ငန်းနှင့် ကမ်းနီးငါးဖမ်းလုပ်ငန်း | ဗန်ဒါပင်ကျေးရွာ၊ ဒေါ်ညိမ်းအုပ်စု၊ အမာမြို့နယ် |
| ၆၀၂ | ရတနာမျိုး ကမ်းဝေးငါးဖမ်းလုပ်ငန်း | အမှတ်(၆)၊ ရေခဲဒိုင်လမ်း၊ ၁၂ ရပ်ကွက်၊ ဖျာပုံမြို့နယ် |
| ၆၀၃ | ဦးရန်လင်းဘို ရေထွက်ပစ္စည်း ပြုပြင်ထုတ်လုပ်ရေးနှင့် ကမ်းနီးကမ်းဝေး ငါးဖမ်းလုပ်ငန်း | ခါးပြတ်ကျေးရွာ၊ ဖျာပုံမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၆၀၄ | ဦးကျော်မျိုးဦး ပင်လယ်ကမ်းဝေး ငါးဖမ်းလုပ်ငန်းနှင့် မျှင်ငပိလုပ်ငန်း | နောက်မီးကျေးရွာအုပ်စု၊ အမာမြို့နယ်၊ ဖျာပုံမြို့ |
| ၆၀၅ | ဦးအောင်ကျော်ဆန်း (ရေငံပုဇွန် မွေးမြူရေးလုပ်ငန်း) | ချောင်းဝကျေးရွာ၊ ငပုတောမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၆၀၆ | ဦးလှမြအောင် ကမ်းဝေးငါးဖမ်း လုပ်ငန်း | အမှတ်(၁) ဂျိတ္တော်ရပ်ကွက်၊ ပေလီမြို့နယ်၊ ရခိုင်ပြည်နယ် |
| ၆၀၇ | ဦးရန်နိုင် ငါးဖမ်းလုပ်ငန်း | လောင်းလုံးမြို့နယ်၊ သဘောဆိပ်၊ တနင်္သာရီတိုင်း |
| ၆၀၈ | ဦးသိန်းတန် ရေထွက်ပစ္စည်းပြုပြင်ထုတ်လုပ်ရေး လုပ်ငန်း | ဗန်ဒါပင်ကျေးရွာ၊ ဒေါ်ငြိမ်းအုပ်စု၊ အမာမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၆၀၉ | ဦးငွေးဝင်း (ရေငန်ငါး ၊ ပုဇွန်၊ ဂဏန်း ) မွေးမြူထုတ်လုပ်ရေး လုပ်ငန်း | ကျောက်ကလပ်ကျေးရွာ၊ ဒီဒူးကုန်းအုပ်စု၊ ဟိုင်းကြီးကျွန်းမြို့၊ ငပုတောမြို့နယ်၊ ဧရာဝတီတိုင်း |
| ၆၁၀ | ဦးမြင့်ကြည် (ပြည့်သာဖြိုးကုမ္ပဏီလီမိတက်) | အခန်း- ၁၀၊ ကမ်းနီးဖို၊ ရွှေဟင်္သာရပ်၊ ကော့သောင်းမြို့ |
| ၆၁၁ | Royal -21 Co., Ltd. | အမှတ်(၁၉၄)၊ ဗိုလ်ချုပ်လမ်း၊ ထားဝယ်စုရပ်၊ မြိတ်မြို့ |
| ၆၁၂ | ဦးမျိုးကိုကို (ရေထွက်ပစ္စည်းပြုပြင်ထုတ်လုပ်ရေးလုပ်ငန်း) | ခါးပြတ်ကျေးရွာ၊ ဖျာပုံမြို့နယ် |
| ၆၁၃ | ဦးသံချောင်း ဗိုလ်ရန်နိုင် ပင်လယ်ငါးဖမ်းလုပ်ငန်း | အဘော်ရွာ၊ ရေးမြို့နယ် |
| ၆၁၄ | ဦးစီအေး (ပြည့်ပြည့်အောင် ၁၊ တိုးတက်အောင် ၁) ပင်လယ်ကမ်းဝေး ငါးဖမ်းလုပ်ငန်း | ညောပြင်ရွာ၊ လောင်းလုံးမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး |
| ၆၁၅ | ဦးကျော်နိုင်ထွန်း- ဂျင်း၊ ခရု မွေးမြူရေးလုပ်ငန်း | ငမန်းချောင်းတောင်ကျေးရွာ၊ ကျွန်းစုမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး |
| ၆၁၆ | ဦးကျော်ကျော်သက် (အောင်သူဇော်)ကမ်းဝေး ငါးဖမ်းလုပ်ငန်း | အမှတ် (၄၈၆)၊ ဆိပ်ကမ်းသာလမ်း၊ တလိုင်းထန်ရပ်၊ ထားဝယ်မြို့ |
| ၆၁၇ | ဦးစန်းတင် (ပင်လယ်ကမ်းဝေး ငါးဖမ်းလုပ်ငန်း) | အမှတ် (၄)၊ ဈေးလမ်း၊ တပ်ပြင်ရပ်၊ မြိတ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး |
| ၆၁၈ | ရွှေအောင်သီရိ ကမ်းဝေးငါးဖမ်းလုပ်ငန်း | ရေခဲနိုင်လမ်း၊ (၁၂) ရပ်ကွက်၊ ဖျာပုံမြို့ |
| ၆၁၉ | ဦးတိုးဝင်း ရေငန် (ငါး၊ ပုဇွန်၊ ဂဏန်း) မွေးမြူထုတ်လုပ်ရေး လုပ်ငန်း | ဝေွးတောက်ကြီးကျေးရွာ၊ ချောင်းဝအုပ်စု၊ ငပုတောမြို့နယ် |
| ၆၂၀ | ဦးအေးမင်းမောင် (ကမ်းနီးငါးဖမ်းလုပ်ငန်း) | ကျောက်ဆင်ကျေးရွာ၊ လောင်းလုံမြို့နယ် |
| ၆၂၁ | ဦးအောင်ကျော်မြ ကမ်းနီးငါးဖမ်းလုပ်ငန်း | ပေလီမြို့၊ ဂျိတ္တော်ရပ်ကွက်၊ အကွက်အမှတ် (၉) |
| ၆၂၂ | ဒေါ်တင်တင်ဝင်း ကမ်းနီးငါးဖမ်းလုပ်ငန်း | မောင်းမကန်ရွာ၊ လောင်းလုံးမြို့နယ် |
| ၆၂၃ | ဦးဝင်းထိုက် (ဝမ်းတူး) ကမ်းနီးငါးဖမ်းလုပ်ငန်း | မောင်းမကန်ကျေးရွာ၊ လောင်းလုံးမြို့နယ် |
| ၆၂၄ | ဦးမင်းအောင် (ကမ်းနီးငါးဖမ်းလုပ်ငန်း) | ပြင်ကြီးကျေးရွာ၊ လောင်းလုံမြို့နယ် |
| ၆၂၅ | ဒေါ်မြင့်မြင့်ကြူ ငါးဖမ်းလုပ်ငန်း | အမှတ်-၁၄၁၊ ဗိုလ်ဗထူးလမ်း၊ မြစ်ငယ်ရပ်၊ မြိတ်မြို့ |
| ၆၂၆ | ဦးဟန်သိန်း ကမ်းနီးငါးဖမ်းလုပ်ငန်း | တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံးမြို့နယ်၊ သဘော်ဆိပ်ရွာ |
| ၆၂၇ | ကိုသန့်ဇော် (ခ) ကိုသန်းဇော် ရေထွက်ပစ္စည်း ရောင်းဝယ်ရေးနှင့် ကမ်းနီးငါးဖမ်းလုပ်ငန်း | ခါးပြတ်ကျေးရွာ၊ ဒေါ်ညိမ်းကျေးရွာအုပ်စု၊ အမာမြို့နယ်၊ ဖျာပုံမြို့ |
| ၆၂၈ | ဦးစန်းအောင် ကမ်းနီးငါးဖမ်းလုပ်ငန်း | လောင်းလုံမြို့နယ်၊ မောင်းမကန်ကျေးရွာ |
| ၆၂၉ | ဦးတင်စိုးလွင် ငါးမွေးမြူရေးလုပ်ငန်း | မိုးကုတ်ကျေးရွာ၊ ပန်းတနော်မြို့ |
| ၆၃၀ | ဦးတင်မြင့် ငါးမွေးမြူရေးလုပ်ငန်း | လှည်းဆိပ်အုပ်စု၊ ကျောင်းကုန်းမြို့နယ် |
| ၆၃၁ | အောင်သီရိ (၁) ကမ်းဝေးငါးဖမ်းလှေ ငါးဖမ်းလုပ်ငန်း | ဒိုင်အမှတ် (၆)၊ ရေခဲဒိုင်လမ်း၊ ၁၂ ရပ်ကွက်၊ ဖျာပုံမြို့နယ် |
| ၆၃၂ | ဦးမြင့်စိုး (ငါးမွေးမြူရေးလုပ်ငန်း) | မိုးကုတ်ကျေးရွာ၊ ပန်းတနော်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၆၃၃ | ဦးဖြိုးထက်အောင် ရေငံပုဇွန် မွေးမြူရေး | ငပုတောမြို့နယ်၊ ဝါးကုန်းကျေးရွာအုပ်စု၊ ချောင်းဖျားကျေးရွာ |
| ၆၃၄ | ဦးဘသိန်း (ကမ်းနီးငါးဖမ်းလုပ်ငန်း) | ကျောက်ဆင်ကျေးရွာအုပ်စု၊ ပြင်ကြီးရွာ၊ လောင်းလုံမြို့နယ် |
| ၆၃၅ | ဦးချိန်ခွမ် ကမ်းဝေးငါးဖမ်းလုပ်ငန်း | ချောင်းတောင်ကျေးရွာ၊ ရေးမြို့နယ် |
| ၆၃၆ | ဦးကျော်စိုး ပဲ၊ ပြုပ်၊ ပြောင်း စိုက်ပျိုးရေးလုပ်ငန်း | ဘုရင့်နောင်မြို့ကွက်သစ်၊ ပန်းတနော်မြို့၊ ဧရာဝတီတိုင်း |
| ၆၃၇ | Dawei Holding Company | မောင်မယ်ရှောင်ကျေးရွာအုပ်စု၊ ရေဝိုင်းရွာ၊ ထားဝယ်မြို့ |
| ၆၃၈ | ရွှေပလောင် ဆန်စက် | ဆိပ်ကြီးကျေးရွာ၊ ကျောက်ကြီးမြို့၊ ပဲခူးတိုင်း |
| ၆၃၉ | ကောင်းစံဝင်း ကုမ္ပဏီလီမိတက် | အမှတ်- ၃၀၇(ဘီ)၊ မကွေးလမ်း၊ ၂၃ ရပ်ကွက်၊ စက်မှုဇုန်- ၁၊ ဒဂုံမြို့သစ်တောင်ပိုင်း |
| ၆၄၀ | Triple Circle Industry Co., Ltd. | (င-၉) (င-၁၀)၊ အကွက် အမှတ် (၇၈၄)၊ ပတ္တမြားစက်မှုဇုန်၊ စစ်ကိုင်းမြို့ |
| ၆၄၁ | Special Manufacturing Company Limited | အမှတ် (၃၉၉)၊ မြတောင်ဝန်ကြီး ဦးမိုလမ်း၊ ရွှေလင်ဗန်းစက်မှုဇုန်၊ လှိုင်သာယာမြို့နယ် |

*ဆက်လက်ဖော်ပြပါမည်*

# ရာပြည့်အမှတ်သညာပွဲတော် ရုပ်သံလိုင်းများမှ တင်ဆက်ပြသမည်

**ရန်ကုန် နိုဝင်ဘာ၂၄**

ရန်ကုန်တက္ကသိုလ် သမိုင်းဌာနနှင့် ပန်းဆိုးတန်းပန်းချီပြခန်းတို့ ပူးပေါင်းကျင်းပမည့် ရာပြည့်အမှတ်သညာပွဲတော်ကို ရုပ်သံလိုင်းများမှ တင်ဆက်ပြသမည်ဖြစ်ကြောင်း ရန်ကုန်တက္ကသိုလ်သမိုင်းဌာနမှ သိရသည်။

"ကျွန်မတို့ ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၁ ရက်က ရာပြည့်အမှတ်သညာပွဲတော်ကို ရန်ကုန်တက္ကသိုလ်သမိုင်းဌာနနဲ့ ပန်းဆိုးတန်းပန်းချီပြခန်းတို့ ပူးပေါင်းပြီး Recreation Centre(RC) ထဲမှာ ကျင်းပခဲ့ပါတယ်။ ရာပြည့်အမှတ်သညာပွဲတော်မှာ ခေတ်အဆက်ဆက်မှ တာဝန်ထမ်းဆောင်သွားတဲ့ ဆရာကြီး၊ ဆရာမကြီးတွေရဲ့ ရှားပါးဓာတ်ပုံ၊ ရန်ကုန်တက္ကသိုလ်ကနေ ထုတ်ဝေသွားတဲ့ ရှားပါးစာအုပ်တွေ၊ ကွယ်ပျောက်သွားပြီဖြစ်တဲ့ အသင်းအဖွဲ့တွေကို ပြသခဲ့ပါတယ်။ ကျွန်မတို့က ဘာကိုအဓိကထားလဲဆိုတော့ သာမန်ဘဝနဲ့ကျောင်းပြီးသွားတဲ့ ကျောင်းသား ကျောင်းသူတွေ အများကြီးပါ။ သာမန်ပြည်သူနဲ့ပဲ ဖြတ်သန်းသွားတဲ့လူတွေရဲ့ ပုံရိပ်ကို အဓိကထားတာ ဖြစ်တဲ့အတွက်ကြောင့်မို့ အဲဒီပြပွဲမှာ ခေတ်အဆက်ဆက်က ဘဝမှာ ထင်ထင်ရှားရှား အသိအမှတ်မပြုရပေမယ့်လည်း အဲဒီလူတွေရဲ့ ပုံရိပ်ဟောင်းအတွက် သူတို့ရဲ့ ရှားပါးပုံတွေရအောင် စုဆောင်းပြီးမှ ပြသခဲ့ပါတယ်။ တစ်ဆက်တည်းပဲ ဓာတ်ပုံပြပွဲပြိုင်ပွဲနဲ့အတူ ရာပြည့်အမှတ်တရဖြစ်စေမယ့် မျိုးဆက်သစ်ကလေးတွေ စာတမ်းဖတ်ပွဲတွေ လုပ်ခဲ့တယ်။ ဒ့ါအပြင်အုပ်ချုပ်ရေး၊ ပညာရေးပိုင်းမှာ လုပ်သွားတဲ့ ဆရာကြီးတွေနဲ့ ဆွေးနွေးပွဲတွေ၊ ရန်ကုန်တက္ကသိုလ်ကထွက်သွားတဲ့ အနုပညာမှာ ကျော်ကြားတဲ့သူတွေ၊ အဲဒီလူတွေနဲ့ ဆွေးနွေးဝိုင်းတွေ လုပ်ခဲ့ပါတယ်။ အဲဒါပထမပိုင်းပေါ့။ အခုဒုတိယပိုင်းအနေနဲ့ ဒီဇင်ဘာ ၁ ရက်နေ့ ရန်ကုန်တက္ကသိုလ် ရာပြည့်ကျရောက်မယ့်ပွဲနေ့မှာ သစ်ပုပ်ပင်ကွင်းရဲ့ အရှေ့မှာပဲ နှစ်တစ်ရာကို ရည်ညွှန်းတဲ့ မော်ကွန်းတိုင် စိုက်ထူပါမယ်။ မော်ကွန်းတိုင်နဲ့ သစ်ပုပ်ပင် ပတ်ပတ်လည်မှာ သက်ဆိုင်ရာ ရှားပါးဓာတ်ပုံ၊ ပန်းချီ၊ စာအုပ်တွေ ချိတ်ဆွဲပြသတာတွေကို မြန်မာ့ရုပ်မြင်သံကြားမှာ အစီအစဉ်တစ်ခုအနေနဲ့ ပြသပေးမှာဖြစ်သလို တခြားရုပ်သံလိုင်းတွေကလည်း တင်ဆက်ပြသသွားမှာ ဖြစ်ပါတယ်" ဟု ရန်ကုန်တက္ကသိုလ်သမိုင်းဌာနမှ ပါမောက္ခဌာနမှူး ဒေါက်တာမိုမိုသန့်က ပြောသည်။



သစ်ပုပ်ပင်ကွင်းရှေ့တွင် ပြထားသော ရာပြည့်အမှတ်သညာပွဲတော်၏ ဓာတ်ပုံများ ပြထားမှုကို တွေ့ရစဉ်။

အဆိုပါပြပွဲတွင် တက္ကသိုလ်နှင့်ပတ်သက်သည့်ဓာတ်ပုံအဟောင်းများ၊ အနုပညာနှင့်ပတ်သက်သည့် စာအုပ်များ၊ တက္ကသိုလ်နှင့်ပတ်သက်သည့် ခေတ်အဆက်ဆက် စာအုပ်ဖုံးများ၊ အနုပညာလက်ရာများ၊ ယခင်တက္ကသိုလ်မှာ ခေတ်စားခဲ့သည့် ပို့စကတ်များ ပြသမည်ဖြစ်ကြောင်း သိရသည်။

**အာကာစိုး**

**ဓာတ်ပုံ-တင်စိုး**

**(မြန်မာ့အလင်း)**




## အကူအညီ တောင်းခံနိုင်

ပြည်သူလူထုအနေဖြင့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသော Hot - line ဖုန်းများဖြစ်သည့် ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၄ - ၁၁ - ၂၀၂၀

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၀၁၅၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၂၉၈၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၂၄၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၀၁၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၂၉၈၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၂၄၉၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၅၂၀/၅၇၅ | ကျပ် | ၅၅၅/၅၈၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၃၀/၅၈၅ | ကျပ် | ၅၇၅/၆၀၀ | ကျပ် |
| အောက်တိန်း ၉၂ | ၄၉၅/၅၃၅ | ကျပ် | ၅၆၀/၅၇၅ | ကျပ် |
| အောက်တိန်း ၉၅ | ၆၂၅/၆၄၅ | ကျပ် | ၆၈၅/၇၁၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၁၂ . ၅ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၅၈ . ၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၇၇ . ၈၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၅၅ . ၁ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၅၈ . ၄ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၆၆ . ၀၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၉ . ၅၉ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၇ . ၇၄၁ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၈ . ၂၄ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၁ . ၀၂ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၃ . ၂၄၅ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀၀၀၀ | ၉၉၀၀ | ၁၃၄ | ၁၃၂၇၀၀၀ |
| MTSH | ၃၇၀၀ | ၃၇၀၀ | ၇၉၈ | ၂၉၅၂၆၀၀ |
| MCB | ၈၄၀၀ | ၈၄၀၀ | ၂ | ၁၆၈၀၀ |
| FPB | ၂၂၀၀၀ | ၂၂၀၀၀ | ၉၀ | ၁၉၈၀၀၀၀ |
| TMH | ၂၇၅၀ | ၂၇၅၀ | ၂၄၄ | ၆၇၁၀၀၀ |
| EFR | ၃၉၀၀ | ၃၉၀၀ | ၃၇ | ၁၄၄၃၀၀ |

ခင်ရတနာ - စုစည်းသည်

**မြန်မာ့အလင်း**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | ဝင်းကျော် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊ |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်း သတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး၊ မိမိဖြိုး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဇော်ပိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ကိုဗစ် - ၁၉ အကြောင်း သိကောင်းစရာ အမေး/အဖြေ အစီအစဉ်

ထက်လျှံ၊ ဓာတ်ပုံ - ဇော်မင်းလတ်

**မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ နိုဝင်ဘာ ၂၄ ရက် ညနေ ၆ နာရီခွဲတွင် ထုတ်လွှင့်ပြသခဲ့သည့် ကိုဗစ် - ၁၉ အကြောင်း သိကောင်းစရာ အမေး / အဖြေ အစီအစဉ်ကို ပြည်သူများသိရှိနိုင်ရန်အတွက် ပြန်လည်ဖော်ပြလိုက်ပါသည်။**

**အစီအစဉ်မှူး** ။ ။ ကမ္ဘာပေါ်မှာ ကူးစက်ပျံ့နှံ့နေတဲ့ ကိုဗစ် - ၁၉ ရောဂါကို ကာကွယ်ဖို့ ဆိုရင် အပြင်ထွက်ရင် Mask မဖြစ်မနေတပ်ခြင်း၊ လက်ကို မကြာခဏ ဆေးကြောခြင်း၊ လူစုလူဝေးရှိတဲ့ နေရာတွေကို ရှောင်ကြဉ်ဖို့ကလည်း အဓိကအရေးကြီးတဲ့ နည်းလမ်းတွေပဲ ဖြစ်ပါတယ်။

ကိုဗစ် - ၁၉ ရောဂါကို ကာကွယ်ဖို့အတွက် ကာကွယ်ဆေးကိုလည်း ကမ္ဘာ့နိုင်ငံအသီးသီးမှာလည်း ရှာဖွေစမ်းသပ်နေကြပြီ ဖြစ်ပါတယ်။ ကာကွယ်ဆေးတွေကို မရရှိခင်မှာ ပြည်သူတွေအနေနဲ့ မိမိတို့ရဲ့ ကျန်းမာရေးကို အထူးဂရုပြုဖို့လည်း လိုအပ်ပါတယ်။

ပြည်သူတွေအနေနဲ့ မဖြစ်မနေ အပြင်ထွက်ရမယ်ဆိုရင်လည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ ထုတ်ပြန်ကြေညာထားတဲ့ လမ်းညွှန်ချက်တွေ၊ စည်းမျဉ်းစည်းကမ်းတွေကို အထူးဂရုပြုလိုက်နာဖို့ တိုက်တွန်းချင်ပါတယ်။ အပတ်စဉ် တင်ဆက်ပေးနေတဲ့ ကိုဗစ် - ၁၉ သိကောင်းစရာ အမေး / အဖြေ အစီအစဉ်မှာ မိဘပြည်သူတွေ သိရှိလိုတဲ့ မေးခွန်းတွေကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ပါရဂူကြီးတွေ၊ သမားတော်ကြီးတွေ၊ ပညာရှင်ကြီးတွေနဲ့ တွေ့ဆုံမေးမြန်းလျက်ရှိရာ ဒီနေ့မှာ **ပါမောက္ခဒေါက်တာထင်အောင်စော [ဥက္ကဋ္ဌ - မြန်မာနိုင်ငံ ဆရာဝန်အသင်း(ဗဟို)၊ နည်းပညာပိုင်းဆိုင်ရာ ကူညီပံ့ပိုးအကြံပြုအားဖြည့် ဆောင်ရွက်ရေးအဖွဲ့ဝင်]၊ ဒေါက်တာသန်းထွန်းအောင် [ဒုတိယညွှန်ကြားရေးမှူးချုပ် - ဧရာဝတီတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန]**တို့နဲ့အတူ ဦးဆောင်ဆွေးနွေးသူအဖြစ် **ဒေါက်တာသန်းသန်းမြင့် [ဒုတိယညွှန်ကြားရေးမှူးချုပ်– မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန]** က ပါဝင်ဆွေးနွေးပေးသွားမှာ ဖြစ်ပါတယ်။

**ဒေါက်တာသန်းသန်းမြင့်**။ ။ မြန်မာနိုင်ငံမှာ ကိုဗစ်ရောဂါ ပျံ့နှံ့မှုက ၈ လကျော်/ ၉ လ နီးပါးရောက်ရှိနေပါပြီ။ ဒီအချိန်မှာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေနဲ့ ဌာနပေါင်းစုံနဲ့ ပူးပေါင်းပြီး ကိုဗစ် - ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ဒီလိုဆောင်ရွက်ပေးတဲ့နည်းတူ မိဘပြည်သူတွေအနေနဲ့ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနဲ့ ပတ်သက်ပြီး သိလိုတဲ့အချက်အလက်တွေက အစဉ်အမြဲ သူတို့မှာ ရှိနေကြပါတယ်။ ဒါကြောင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ကိုဗစ်ရောဂါအကြောင်း သိကောင်းစရာ အမေး/ အဖြေကဏ္ဍကို အပတ်စဉ် ဆောင်ရွက်လျက်ရှိပါတယ်။

ဒီတစ်ပတ်ရဲ့ အမေး/ အဖြေကဏ္ဍကို စတင်နိုင်ဖို့အတွက် ပါမောက္ခဒေါက်တာထင်အောင်စောကို ဖိတ်ခေါ်လိုပါတယ်။ ဆရာကြီးအနေနဲ့ ဆေးတက္ကသိုလ် (၂)မှာ အပူပိုင်းနှင့် ကူးစက် ရောဂါဌာနမှာ ပါမောက္ခ/ ဌာနမှူးအနေနဲ့ တာဝန်ထမ်းဆောင်ခဲ့တဲ့အတွက် ကိုဗစ် - ၁၉ ကူးစက်ရောဂါသာမက တခြားကူးစက်ရောဂါတွေနဲ့ ပတ်သက်တဲ့ အတွေ့အကြုံတွေ အများကြီးရှိပါတယ်။ ဒါကြောင့် ဆရာကြီးအနေနဲ့ ပြည်သူတွေသိလိုတဲ့ မေးခွန်းတွေနဲ့ ဖြေကြားပေးဖို့အတွက် ဦးဆောင်ဆွေးနွေးပေးဖို့ ဖိတ်ခေါ်ပါတယ်။

**ပါမောက္ခဒေါက်တာထင်အောင်စော**။ ။ ဒီနေ့ ရရှိတဲ့ မေးခွန်းတွေက ကုသမှုပိုင်းဆိုင်ရာ မေးခွန်းတွေဖြစ်ပြီး ဒါတွေကို ကျွန်တော့်အနေနဲ့ ခြုံငုံပြီးဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ပထမဦးဆုံးမေးခွန်းက Positive ဖြစ်ပြီးသားသူတွေ ဆေးရုံက ဆင်းတဲ့အခါမှာ အမှန်တကယ် နေကောင်းတာ သေချာပြီးမှ ဆင်းတာ ဟုတ်ရဲ့လား။ ဘယ်လိုမျိုးဆေးတွေပေးလိုက်လို့လဲ။ ပျောက်တဲ့ဆေးတွေ ရှိနေပြီလား ဆိုတဲ့ မေးခွန်းရယ်။ အဲဒါနဲ့ တစ်ဆက်တည်းမေးခွန်းဖြစ်တဲ့ တချို့သူတွေက ဆေးရုံက ဆင်းပြီးသော်လည်း နေမကောင်း ဖြစ်နေသေးတယ်။ ဒီလို နေမကောင်း ဖြစ်တဲ့အတွက် စိုးရိမ်လို့ဆိုတဲ့ မေးခွန်းတွေ မေးလာကြပါတယ်။




**ကိုဗစ်-၁၉ အကြောင်း သိကောင်းစရာ အမေး၊ အဖြေ အစီအစဉ်တွင် ပါမောက္ခဒေါက်တာထင်အောင်စော၊ ဒေါက်တာသန်းထွန်းအောင်နှင့် ဒေါက်တာသန်းသန်းမြင့်တို့ ပါဝင်ဖြေကြားဆွေးနွေးစဉ်။**

ကျွန်တော် ဖြေကြားရမှာက ဆေးရုံတက်နေစဉ်မှာ ကုသမှုဆေးတွေ ပေးပါတယ်။ သို့သော် ပျောက်တဲ့ဆေး မရှိသေးပါဘူး။ အများလည်း သိပြီးသားဖြစ်ပါတယ်။ အဆုတ်ရောင်တာ သက်သာအောင်ပေးတဲ့ ဆေးတွေရှိပါတယ်။ နှလုံးရောင်တာ သက်သာအောင်ပေးတဲ့ ဆေးတွေရှိပါတယ်။ အောက်ဆီဂျင်တွေ ပေးနေရတာ ရှိပါတယ်။ ဆေးဝါးတွေကို ဆရာဝန်တွေ၊ ဆေးရုံတွေက လိုအပ်တဲ့သူတွေကို ပေးပါတယ်။

သို့သော် မလိုအပ်တဲ့သူတွေကိုလည်း ပေးစရာမလိုပါဘူး။ ရောဂါဖြစ်တဲ့သူတွေကို အဲဒီလောက်ကြီး ဆေးဝါးတွေများများ ပြင်းပြင်းထန်ထန်ပေးစရာမလိုပါဘူး။ လူ ၁၀၀ မှာ ၈၀ လောက်က သိပ်ပြင်းထန်လှေ့မရှိပါဘူး။ ဆေးရုံတင်ပေးထားရခြင်း အကြောင်းအရင်းသည် သူတို့တွေကနေတစ်ဆင့် တခြားသူတွေဆီကို ရောဂါကူးစက်မှာ စိုးလို့သာလျှင် ဆေးရုံတင်ပေးထားခြင်းဖြစ်ပါတယ်။ သူတို့တွေကနေတစ်ဆင့် ရောဂါကူးစက်နိုင်မှု မရှိတော့ဘူးဆိုတဲ့ အချိန်ကျရင် ဆေးရုံက ဆင်းပေးတာဖြစ်ပါတယ်။

ဆေးရုံက ဆင်းပေးပြီးပြီ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ ညွှန်ကြားချက်နဲ့အညီ ထားပေးပြီးပြီ။ ဆေးရုံကဆင်းပြီး အိမ်မှာလည်း ခုနစ်ရက်နေပြီးပြီဆိုရင် ဒီလူတွေကနေပြီး တခြားသူတွေကို ထပ်ပြီးကူးစက်တော့မှာ မဟုတ်တော့ပါဘူး။ သူတို့ဆီမှာလည်း ရောဂါတွေ ပျောက်သွားပြီ ဖြစ်ပါတယ်။ ဒါက စိတ်ချရတဲ့အခြေအနေဆိုတာကို ဒီနေရာမှာ ကျွန်တော် ထပ်လောင်းပြီး ပြောချင်ပါတယ်။

သို့သော်လည်း တချို့သော သူတွေဟာ ဆေးရုံက ဆင်းသော်လည်း သူတို့တွေ မောနေတာ၊ ချောင်းဆိုးနေတာ၊ ကိုယ်လက်ကိုက်ခဲနေတာတွေရှိကြတော့ စိုးရိမ်ပြီး စိတ်ပူပန်လို့ မေးကြတာရှိပါတယ်။ ဒီဟာနဲ့ ပတ်သက်လို့ ကျွန်တော်တို့ အရင်တစ်ခေါက်၊ နှစ်ခေါက်မှာလည်း ဆွေးနွေးဖူးပါတယ်။

ဒါကို Long Covid လို့ခေါ်ကြပါတယ်။ Long Haul Covid လို့လည်း ခေါ်ကြပါတယ်။ ရေရှည် ထပ်ပြီး ဖြစ်ပွားသော ကိုဗစ်လို့လည်း ခေါ်ကြပါတယ်။ ဒါမှမဟုတ် ကိုဗစ်နောက်ဆက်တွဲ ရောဂါစုလို့လည်း ခေါ်ကြပါတယ်။ ပထမဦးဆုံး သိပ္ပံပညာရှင်တွေက ကိုဗစ်ကို စသိခါစတုန်းက ဒါသည် ရုတ်တရက်ဖြစ်ပွားသော ရောဂါတစ်ရပ်လို့ ယူဆခဲ့ကြတာ ဖြစ်ပါတယ်။ သို့သော် နောင်တဖြည်းဖြည်း ကြာလာမှသာလျှင် ကိုဗစ်သည် တချို့သောသူတွေမှာ ရုတ်တရက်ဖြစ်ပွားပြီး ပျောက်သွားတဲ့သူတွေရှိသလို မပျောက်ဘဲနဲ့ နေမကောင်းဖြစ်ပြီး ကျန်ခဲ့နိုင်တဲ့သူတွေ ရှိတယ်လို့ သိရပါတယ်။

ဒါက တကယ်တော့လည်း လူနာတွေကတစ်ဆင့် ဆရာဝန်တွေက ပြန်သိရတာပါ။ ကိုဗစ်သည် ရောဂါပိုးအသစ် တစ်ခုဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့သည် သူ့အကြောင်းကို အများကြီးမသိပါဘူး။ လူနာတွေ ဆေးရုံက ဆင်းသွားပြီးမှ ဆင်းသွားတဲ့ လူနာတွေကို သုတေသနပြုရင်းနဲ့မှ သူတို့ဆီက အချက်အလက်တွေကို ကောက်ခံရင်းမှ သိလာရတာဖြစ်ပါတယ်။

သုတေသနပြုတဲ့ ပုဂ္ဂိုလ်တွေဟာဆိုရင် ယူကေနိုင်ငံ၊ ဂျာမနီနိုင်ငံနဲ့ စပိန်နိုင်ငံတို့က ပုဂ္ဂိုလ်တွေက စုဆောင်းပြီး ပြုလုပ်ထားတဲ့ သုတေသနတွေအရဆိုရင် လူ ၁၀၀ ကိုဗစ်ဖြစ်ပြီး ဆင်းသွားတဲ့အနက် လူ ၁၀၀ ရဲ့ ၁၀ နဲ့ ၂၀ လောက်ကဆိုရင် တစ်လလောက်ကို နည်းနည်း နေမကောင်း ဖြစ်နေနိုင်သေးတယ်။ လူ ၁၀၀ ရဲ့ တစ်ယောက် သို့မဟုတ် ၂ ယောက်က ၃ လလောက်ဆိုရင် အနည်းအကျဉ်းသော ဝေဒနာတွေ ရှိနေနိုင်ပါသေးတယ်။ အဲဒီလိုဖြစ်တာတွေက ဘာတွေဖြစ်နိုင်သလဲဆိုရင် ကိုယ်လက်မအီမသာဖြစ်ခြင်း၊ မောပန်းခြင်း၊ ချောင်းဆိုးခြင်း၊ ကျောအောင့်ခြင်း၊ ရင်တုန်ခြင်း စတာတွေ ဖြစ်နိုင်တယ်။ တချို့ဆိုရင် ဦးနှောက်မကြည်မလင်ဖြစ်တာတွေလည်း ရှိတတ်ပါတယ်။ အဲဒီလိုမျိုး ဖြစ်ကြတာတွေကို Long Covid သို့မဟုတ် ကိုဗစ်နာတာရှည်ဖြစ်တယ်လို့ ခေါ်ကြပါတယ်။

ဒီလိုဖြစ်တဲ့အခါမှာ ဖျားတဲ့သူက အတော်နည်းတယ်လို့ ပြောကြပါတယ်။ ဖျားတာလည်း နည်းနည်းပါးပါး ဖြစ်နိုင်တယ်လို့ ပြောကြပါတယ်။ ဘယ်လိုမျိုးလူတွေ မှာ ပိုပြီးအဖြစ်များလဲဆိုရင် ဆေးရုံမှာ ရောဂါသိပ်ပြင်းပြင်းထန်ထန်ဖြစ်တဲ့သူတွေသာ အဖြစ်များတာ မဟုတ်ပါဘူး။ ရောဂါသိပ်ပြင်းပြင်းထန်ထန်မဖြစ်တဲ့သူတွေမှာလည်း ဖြစ်နိုင်တာရှိတယ်လို့ သိရပါတယ်။ အဲဒီလိုမျိုး လူတွေသည် ဆေးရုံကဆင်းသွားလို့ ရောဂါဝေဒနာခံစားနေရတုန်းဆိုရင် ဘာဆက်လုပ်သင့်သလဲဆိုတော့ ဆေးဝါးတွေ အများကြီးဆက်သောက်နေစရာ မလိုပါဘူး။

ကိုယ်လက်ကိုက်ခဲရင် သောက်တဲ့ ပါရာစီတီမောလို ဆေးသောက်လို့ရပါတယ်။ တခြားဟာအနေနဲ့ဆိုရင် မိမိရဲ့ ကျန်းမာရေးကို မိမိ ဘာသာဂရုစိုက်ဖို့ပဲ လိုပါတယ်။ အဲဒီလို ဂရုစိုက်ဖို့ဆိုတဲ့အထဲမှာ အိပ်ရေးဝဝအိပ်တာတို့၊ အာဟာရပြည့်အောင် စားသောက်တာတို့၊ နားနားနေနေ နေတတ်တာတို့ဟာ အရေးကြီးတဲ့ အရာတွေဖြစ်ပါတယ်။ တစ်ချိန်တည်းမှာ သိပ်ပြီးအပင်ပန်းမခံရဘူးလို့ဆိုသော်လည်း ကိုယ်လက်လှုပ်ရှားမှု လုပ်ချင်တယ်ဆိုရင် တဖြည်းဖြည်း တစ်ဆင့်ချင်း လုပ်သွားရမယ်လို့ ပြောပါတယ်။ ကျန်းမာရေးဆိုင်ရာ ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်ရဲ့ သဘာဝအရ လူတစ်ဦးသည် ကိုယ်ခံနိုင်ရုံလောက်ပဲ တဖြည်းဖြည်းနဲ့ တိုးပြီးပြုလုပ်သွားရမယ်။ အရမ်းကြီးပင်ပန်းသွားအောင် မလုပ်သင့်ဘူးလို့ ပြောကြပါတယ်။ ဒီလိုဆောင်ရွက်ခြင်းဖြင့် အများစုက ကောင်းသွားပါတယ်။ အများစုက ပျောက်သွားကြပါတယ်။ စိုးရိမ်စရာမရှိပါဘူးလို့။

တကယ်လို့ ရောဂါဝေဒနာ ဆက်လက်ပြီး ခံစားနေရတယ်လို့ထင်ရင် မိသားစုဆရာဝန်နဲ့ တိုင်ပင်သင့်ပါတယ်။ မိသားစုဆရာဝန်တွေအနေနဲ့က လိုအပ်တဲ့ ဆေးကုသမှုတွေကို အကြံဉာဏ်ပေး သွားလို့ရပါတယ်။ အဲဒီလိုမျိုး လူတွေထဲမှာ အနည်းဆုံးထဲက အနည်းစုဖြစ်တဲ့ လူ ၁၀၀ မှာ တစ်ယောက်လောက်က ထပ်မံပြီး ဆေးစစ်ဆေးမှုတွေ ခံယူဖို့ လိုကောင်း၊ လိုပါလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ ကိုဗစ်သည် နှလုံးကို နည်းနည်း ထိခိုက်ထားတာလည်း ရှိနိုင်ပါတယ်။ အဆုတ်ကို ထိခိုက်ပြီး ဒဏ်ရာတစ်ခု ကျန်ခဲ့တာလည်း ရှိနိုင်တဲ့အတွက်ကြောင့် အဲဒီလိုမျိုးပုဂ္ဂိုလ်တွေအနေနဲ့ ပြန်လည်ပြီး ဆေးစစ်မှုခံယူဖို့လိုပါတယ်။

သို့သော် ဒီအများစု မဟုတ်ပါဘူး။ ဒါသည် အနည်းစုသာလျှင် ဖြစ်တဲ့အတွက်ကြောင့် လူအများက စိုးရိမ်စရာ မရှိပါဘူး။ ဒါနဲ့ ပြောင်းပြန်က ဘာလဲဆိုရင် လူငယ်တချို့တွေက ငါတို့က ကိုဗစ်ဖြစ်မှာ မဟုတ်ပါဘူး။ ဖြစ်ရင် လည်း နည်းနည်းပဲ ဖြစ်မှာပါ။ စိတ်ပူစရာ မရှိပါဘူးလို့ ထင်ရင် ဒီလိုမဟုတ်ပါဘူးလို့ ကျွန်တော်က ဒီနေရာကနေ သတိပေးချင်ပါတယ်။ ဒီလိုမျိုးသူများသည် အခန့်မသင့်ရင် သူတို့လည်း နာတာရှည်ဖြစ်မယ်။ အလုပ်အကိုင်ပျက်တယ်။ အလုပ်က ခွင့်ယူတာမျိုးလည်း ဖြစ်နိုင်ပါတယ်။ သူတို့မှာလည်း ဆုံးရှုံးမှု၊ နစ်နာမှုတွေ ဖြစ်ပေါ်စေနိုင်တာကို ဒီနေရာမှာ သတိပေးလိုပါတယ်။

ကိုဗစ်ဖြစ်ပြီး ဆေးရုံကဆင်းပြီးတဲ့အခါ နောက်ဆက်တွဲခံစားနေရတဲ့သူတွေအနေနဲ့ စိုးရိမ်ကြတာက သူတို့ဟာက မပျောက်တာလား။ ကိုဗစ် ဆက်ရှိနေမှာလား။ ဆေးပြန်စစ်ဖို့လိုသလားဆိုတဲ့ မေးခွန်းမျိုးတွေ မေးကြပါတယ်။ အဖြေက ဘာလဲဆိုရင် ကိုဗစ်ဆေးပြန်စစ်ဖို့ မလိုပါဘူး။ ဆေးပြန်စစ်ရင် လောလောဆယ် တချို့သော ဆေးစစ်တဲ့နည်းစနစ်က PCR ဆိုတဲ့စနစ်နဲ့ စစ်ပါတယ်။ PCR စနစ်သည် စစ်လိုက်လို့ရှိရင် Positive ဆက်ဖြစ်နေနိုင်ပါတယ်။ ဒါပေမယ့် ဒီလို Positive ဖြစ်နေခြင်းသည် ပိုးဆက်လက် အသက်ရှင်နေခြင်း မဟုတ်ပါဘူး။ ပိုးရဲ့ မျိုးရိုးဗီဇ အနည်းငယ် ကျန်ရှိနေတာကို ပြသနေခြင်း ဖြစ်တဲ့အတွက် ပိုးရဲ့မျိုးဗီဇ အနည်းငယ် ကျန်ရုံမျှနဲ့လည်း အဲဒီပုဂ္ဂိုလ်တွေသည် ဆေးရုံတစ် ခေါက် ပြန်တက်ရမယ်၊ ဆေးပြန်ကုရမယ်၊ ရောဂါမပျောက်ဘူးလို့ ဆိုလိုတဲ့ အဓိပ္ပာယ်မဟုတ်ပါဘူး။

ဒါသည် ရောဂါပျောက်သွားပါပြီ၊ ဆေးရုံတက်စရာ မလိုတော့ပါဘူး။ ပိုးဆက်ရှိနေသေးတဲ့အတွက်ကြောင့် ဒီလိုလက္ခဏာဖြစ်တာမဟုတ်ဘူး။ ခန္ဓာကိုယ်ရဲ့ တုံ့ပြန်မှုကြောင့် ဒီလက္ခဏာတွေ ဖြစ်တာပါ။ မိမိခန္ဓာကိုယ်က ပိုးလို့ယူဆပြီး ဆက်လက်တုံ့ပြန်တာ၊ ဆေးပညာ သဘောတရားအရ ဆိုရင် Auto Immune Disorder လို့ခေါ်ပါတယ်။ ခပ်ဆင်ဆင်တူသော တုံ့ပြန်မှုကြောင့် ဖြစ်ပေါ်တာ ဖြစ်ကြောင်း ကျွန်တော့်အနေနဲ့ ရှင်းပြရင်း မေးခွန်းတွေကို ဖြေကြားလိုက်ပါတယ်။

**ဒေါက်တာသန်းသန်းမြင့်**။ ။ ဆရာကြီးရဲ့ ဖြေကြားချက်တွေဟာ ပြည်သူလူထုတွေ သိချင်နေကြတဲ့ အချက်အလက်တွေ ဖြစ်ပါတယ်။ ဆရာကြီးရဲ့ ဖြေကြားချက်တွေကို အားလုံးလည်း သဘောပေါက်နားလည်မယ်လို့ ယူဆပါတယ်။ ဆက်လက်ပြီး ဆရာကြီး ဒေါက်တာသန်းထွန်းအောင်ကို ဖိတ်ခေါ်လိုပါတယ်။ ဆရာကြီးကတော့ လက်ရှိ အခုအချိန်မှာတော့ ဧရာဝတီတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် တာဝန်ကို ထမ်းဆောင်လျက်ရှိပါတယ်။ ဆရာကြီးက ကိုဗစ် - ၁၉ ရောဂါ စပြီးဖြစ်ကတည်းက ဧရာဝတီတိုင်းဒေသကြီးရဲ့ ကိုဗစ် - ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းမှာ ထဲထဲဝင်ဝင်နဲ့ စီမံခန့်ခွဲရေး၊ ကုသရေးနဲ့ ကာကွယ်နှိမ်နင်းမှုအပိုင်းတွေမှာ ဦးဆောင်ပြီး ဆောင်ရွက်နေသူတစ်ယောက် ဖြစ်ပါတယ်။ ဒါကြောင့် ဆရာကြီးအနေနဲ့ ဧရာဝတီတိုင်းဒေသကြီးမှာ လက်ရှိဖြစ်ပေါ်နေတဲ့ အခြေအနေကို တင်ပြဆွေးနွေးပေးပါလို့ ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာသန်းထွန်းအောင်**။ ။ ကျွန်တော့် အနေနဲ့ ကိုဗစ် - ၁၉ မစခင် ဧရာဝတီတိုင်းဒေသကြီးမှာ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် အနေနဲ့ ၂၀၁၆ ခုနှစ်ကနေ ၂၀၁၉ ခုနှစ်အထိအောင် တာဝန်ထမ်းဆောင်ခဲ့တဲ့ ကူးစက်ရောဂါကုဆရာဝန်ကြီး ဖြစ်ပါတယ်။ ဘွဲ့ကလည်း Epidemiology ဖြစ်ပါတယ်။ တချို့ထင်တာက ကိုဗစ် - ၁၉ သည် ချက်ချင်းပဲ Zero အဖြစ်ကျသွားမယ်လို့ ထင်နေကြပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့ ရာဇဝင်ကိုလည်း ပြန်ကြည့်ရပါတယ်။

၁၉၁၈ ခုနှစ်မှာဖြစ်ခဲ့တဲ့ Spanish Flu လူပေါင်း သန်း ၄၀ လောက် သေဆုံးခဲ့ပြီး ၃ နှစ်ကြာ ရင်ဆိုင်ခဲ့ရပါတယ်။

*စာမျက်နှာ ၂၁ သို့*

*စာမျက်နှာ ၂၀ မှ*

ကာကွယ်ဆေး ပေါ်မလာပါဘူး။ အဲဒါလည်း ဒီတုပ်ကွေး Virus ဖြစ်ပါတယ်။ နောက်ပြီး ၁၉၅၇/၅၈ ခုနှစ်မှာ Asian Flu ဒီမှာလည်း ၂ သန်းလောက် သေဆုံးခဲ့ပါတယ်။ နောက်တစ်ခါ ၁၉၆၇/၆၈ မှာ Hong Kong Flu အဲဒီမှာလည်း ၁ သန်းလောက် ဆုံးခဲ့ပါတယ်။

သဘောက **ကိုဗစ်သည်လည်း Coronavirus ဖြစ်တယ်။ သူလည်း ကူးစက်ပုံသည် Influenza နဲ့တူတယ်။ အဲဒီတော့ သူသည် Mode of transmission of Infection က တူတယ်။** အသက်ရှူလမ်းကြောင်းက ကူးတာဖြစ်တဲ့အတွက် ကာကွယ်ဆေးတွေပေါ်လာရင် ၂၀၂၁ ခုနှစ်မှာ ကိုဗစ် – ၁၉ က ချက်ချင်းအကုန်ပျောက်သွားမယ်လို့ ထင်မှတ်မှားမှာ စိုးလို့ပါ။

Spanish Flu မှာဆိုရင်လည်း ၁၉၁၈ ခုနှစ်မှာ တွေ့တယ်။ ၁၉၁၉ ခုနှစ်မှာ Second Wave လာပါတယ်။ ၁၉၂၀ ခုနှစ်မှာ Third Wave ဆိုပြီး လာခဲ့ပါတယ်။ အဲဒီလိုတွေရှိတဲ့အတွက် ကိုဗစ် – ၁၉ နဲ့ ပတ်သက်ရင်လည်း ပြည်သူလူထုတွေအနေနဲ့ ဖြစ်ပွားမှုနှုန်းထားကို လျှော့ချဖို့၊ အနည်းဆုံးဖြစ်အောင် လုပ်ရပါမယ်။ ကိုဗစ် – ၁၉ ကြောင့် ကျွန်တော်တို့ ပြည်သူလူထု အနည်းဆုံးထိခိုက်အောင်၊ သေဆုံးမှုနည်းအောင် ဆောင်ရွက်ဖို့လိုပါတယ်။ ရေရှည်တိုက်ပွဲ ဖြစ်ပါတယ်။ ကိုဗစ် – ၁၉ သည် New Emerging Disease ဖြစ်ပါတယ်။

ရောဝတီတိုင်းဒေသကြီးသည် နိုင်ငံခြားဝင်ပေါက်မရှိသော်လည်း ပင်လယ်ဝင်ပေါက်တော့ ရှိပါတယ်။ သို့သော် ပင်လယ်ဝင်ပေါက်သည် အများကြီး မဝင်နိုင်တဲ့အတွက် အဓိကတော့ နယ်စပ်ဝင်ပေါက်တွေကိုစပြီး လုပ်ခဲ့ပါတယ်။ ရောဝတီတိုင်းဒေသကြီးမှာ နယ်စပ်ဝင်ပေါက် ခြောက်ခု ရှိပါတယ်။ ခြောက်ခုမှာ စကတည်းက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရဲ့ လမ်းညွှန်ချက်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ကြီးကြပ်မှုတွေနဲ့ နယ်စပ်ဝင်ပေါက်တွေမှာ Surveillance Staff တွေကို တာဝန်ချထားပါတယ်။ ဒီမှာ Silent Carrier တွေလည်း ပါလာတယ်။ First Wave ပြေီ၊ မေ လောက်မှာ ကျွန်တော်တို့ တိုင်းဒေသကြီးမှာ ကိုဗစ် Positive နှစ်ယောက်ရှိခဲ့ပါတယ်။ ဒါကလည်း မလေးရှားပြန်နှစ်ဦးမှာ တွေ့ခဲ့တယ်။ သို့သော်လည်း ရခိုင်ပြည်နယ်မှာ ဩဂုတ်လ တတိယအပတ်လောက်မှာ စပြီးဖြစ်တယ်။ ရန်ကုန်မှာ Second Wave စက်တင်ဘာလလောက်မှာ စတဲ့အခါ ရောဝတီတိုင်းဒေသကြီးသည် ရန်ကုန်တိုင်းဒေသကြီးနဲ့ နယ်နိမိတ်အတော်များများ ထိစပ်နေတဲ့အတွက် ဝင်ပေါက်တွေလည်း အများကြီးရှိပါတယ်။

တရားမဝင် ဝင်ပေါက်တွေလည်း ရှိတယ်။ ကားလမ်းဝင်ပေါက်၊ ရေလမ်းဝင်ပေါက်တွေလည်း အများကြီးရှိတော့ ကျွန်တော်တို့ စောင့်ကြပ်ကြည့်ရှုပေမယ့်လည်း အများပြည်သူတွေသည် ပြန်ချင်တဲ့အတွက် ရန်ကုန်နဲ့ ရခိုင်ပြည်နယ်က ပြန်လာတဲ့အခါ ကျွန်တော်တို့ကို သတင်းမပေးပါဘူး။ ကျွန်တော်တို့သည် ကွာရန်တင်းထားသော်လည်း သတင်းမပေးတဲ့အတွက် ပျံ့နှံ့သွားခဲ့ပါတယ်။ ဒီနေ့ နိုဝင်ဘာလ ၂၃ ရက်အထိဆိုရင် ရောဝတီတိုင်းဒေသကြီးမှာ ကိုဗစ်လူနာပေါင်း ၂၃၂၄ ဦးရှိပါတယ်။ သေဆုံးသူ ရှစ်ဦးရှိပါတယ်။ မေးခွန်းတွေ မေးထားတာရှိပါတယ်။ **ကွာရန်တင်း စင်တာတွေမှာ ဘယ်လောက်ဝင်ရသလဲဆိုတာ** မေးထားပါတယ်။ သူတို့က ချင်းပြည်နယ်၊ ရန်ကုန်နဲ့ ရောဝတီတိုင်းဒေသကြီးတွေကို သွားချင်တယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်အားလုံးက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ပေးထားတဲ့ SOP ကို လိုက်နာရပါတယ်။

အဲဒီတော့ ရောဂါဖြစ်ပွားနေတဲ့နေရာက သို့မဟုတ် Stay at Home မြို့နယ်က ပြန်လာရင် ၁၄ ရက် ကွာရန်တင်းဝင်ရောက်ဖို့ လိုပါတယ်။ ပြီးရင်တော့ ခုနစ်ရက် Home Quarantine ဝင်ရမှာ ဖြစ်ပါတယ်။ ၁၄ ရက် ဝင်တုန်းမှာလည်း Swab နှစ်ကြိမ်စစ်ရမှာ ဖြစ်ပါတယ်။ သုံးရက်မြောက်နေ့နဲ့ ၁၁ ရက်မြောက်နေ့မှာ စစ်ရမှာ ဖြစ်ပါတယ်။ ပိုးတွေ့ရင်တော့ ဆေးကုရမယ်။ ပိုးမတွေ့ရင်တော့ အိမ်ပြန် ကွာရန်တင်းဝင်ပြီးရင် လွတ်ကင်းသွားပြီဖြစ်ပါတယ်။ အကယ်၍ ရန်ကုန်တိုင်းဒေသကြီးမှာ ကိုကိုးကျွန်းမြို့နယ်မပါ ကျန်မြို့နယ်တွေက Stay at Home ၊ ရောဝတီတိုင်းဒေသကြီးမှာ ပုသိမ်၊ ဖျာပုံသည် Stay at Home ဖြစ်ပါတယ်။ အဲဒီကိုရောက်လာရင် Facility Quarantine အနေနဲ့ ခုနစ်ရက်၊ Home Quarantine အနေနဲ့ ခုနစ်ရက်နေရမှာ ဖြစ်ပါတယ်။ ဒါကတော့ ဝန်ကြီးဌာနရဲ့ Standing Order ဖြစ်တဲ့အတွက် အများပြည်သူက လိုက်နာပေးစေချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်သော်လည်း ပါလာနိုင်တဲ့အတွက် Swab နှစ်ခါယူပြီးမှ သွားလာဖို့ဖြစ်ပါတယ်။

**နောက်မေးခွန်းတစ်ခုက ဆေးစစ်မှုဖြစ်ပါတယ်။** ကွာရန်တင်းဝင်ရင်တော့ အမြဲတမ်းစစ်ပါတယ်။ နိုင်ငံခြားကပဲ ပြန်လာသည်ဖြစ်စေ၊ ပြည်တွင်းက ကူးစက်မှုရှိတဲ့ ဒေသကပဲ ပြန်လာသည်ဖြစ်စေ ကျွန်တော်တို့ အမြဲတမ်း စစ်ဆေးပါတယ်။ မစစ်ဆေးဘဲ အများပြည်သူနေထိုင်တဲ့ ရပ်ကွက် ကျေးရွာထဲကို မလွှတ်ပါဘူး။ **မေးထားတဲ့မေးခွန်း တစ်ခုက ၁၁ ရက်ကြာပါပြီ လာမစစ်ဆေးသေးဘူးဆိုတာ ဖြစ်ပါတယ်။** တစ်ခါတစ်ရံကျတော့ အမျိုးသားကျန်းမာရေးဓာတ်ခွဲဌာနက Swab ပို့ဖို့ ရက်ချိန်းယူရတာတွေ ရှိပါတယ်။ သူတို့မှာလည်း တစ်ရက်ကို ၁၀၀၀၀ နဲ့ ၅၀၀၀ စစ်နေရတာတွေ ရှိတယ်။ အဲဒီအခါမှာ Over Burden ဖြစ်တယ်။ Cases တွေ စစ်ဖို့ကျန်နေပါတယ်။ ဒါကြောင့် NHL က ကန့်သတ်ပြီးလုပ်နေရတဲ့အတွက် မစစ်ဆေးသေးဘူးဆိုတာလည်း Booking မရသေးလို့ ဖြစ်ပါလိမ့်မယ်။ အခုတော့ Rapid Antigen Test Kit တွေ ပေါ်လာပါတယ်။ မြန်မြန်စစ်ပေးပါတယ်။ နှစ်ကြိမ် Negative ဖြစ်ရင်တော့ ၁၄ ရက်ပြည့်ရင်၊ ခုနစ်ရက်ပြည့်ရင် လွှတ်ပေးပါတယ်။ ကွာရန်တင်းစင်တာတွေမှာ အားလုံးက ကြာလည်းကြာလာပြီဆိုတော့ Contact ကြောင့်ပဲဖြစ်ဖြစ်၊ ထိစပ်လို့ပဲဖြစ်ဖြစ်၊ ကူးစက်မှုရှိတဲ့ ဒေသကပဲ ပြန်လာသည်ဖြစ်စေ ကွာရန်တင်းဝင်တဲ့အခါမှာ တချို့လည်း ငွေကြေး မပြည့်စုံတော့ အလှူရှင်တွေနဲ့ တိုင်းဒေသကြီး ကိုဗစ်ကော်မတီက ထောက်ပံ့တာတွေ ရပါတယ်။ ရေရှည်မှာ နည်းနည်းအခက်အခဲ ဖြစ်လာပါတယ်။ တစ်ကိုယ်ရေသုံးပစ္စည်းတွေ၊ စောင်၊ ခြင်ထောင် ကအစ ပိုးရှိတဲ့လူသုံးသွားတဲ့ ပစ္စည်းတွေကို နောက်လူတွေက မသုံးလိုပါဘူး။

မန္တလေး၊ ရန်ကုန်နဲ့ ရောဝတီတိုင်းဒေသကြီးတွေက လူနာများတဲ့ တိုင်းဒေသကြီးတွေဖြစ်တဲ့အတွက် ကွာရန်တင်းထားရတဲ့ စရိတ်တွေ၊ ကျန်းမာရေးဝန်ထမ်းစရိတ်၊ Volunteer စရိတ်တွေ၊ နံနက်စာ၊ နေ့လယ်စာ၊ ညနေစာ ရေသန့်ကအစ ကျွေးရတဲ့အခါ ကုန်ကျစရိတ်တွေ များလာပါတယ်။ ဒါတွေကိုလည်း စဉ်းစားပေးဖို့လိုလာပါတယ်။

နောက်တစ်ခု ဒီလူတွေမှာလည်း ရောဂါကို ချုပ်ထားတာဖြစ်ပါတယ်။ လူကို ချုပ်ထားတာ မဟုတ်ပါဘူး။ ဗိုက်နာတာ၊ ကလေးမွေးချင်တာ တစ်ခုခုဆိုရင်လည်း ကျွန်တော်တို့က ဆေးရုံကို ပို့ပေးပါတယ်။ သူတို့ကို ကျွန်တော်တို့က ဆေးကုသခွင့် မပေးဘူးဆိုတာ မဟုတ်ပါဘူး။ မေးထားတဲ့ မေးခွန်းလေးပါ။ **ဆေးကုသခွင့်ရသလားဆိုတော့** ရပါတယ်။ အချိန်ပြည့် ၂၄ နာရီ ကျန်းမာရေးဝန်ထမ်းတာဝန်ချထားပါတယ်။ စေတနာ့ဝန်ထမ်းတွေရှိပါတယ်။ Home Quarantine ပဲဖြစ်ဖြစ်၊ Facility Quarantine ပဲဖြစ်ဖြစ် ကွာရန်တင်းထဲမှာနေလို့ နေမကောင်းဖြစ်ခဲ့ရင် ကျွန်တော်တို့က အရေးပေါ်ချက်ချင်းကုသပေးပါတယ်။ ပြည်သူတွေအနေနဲ့ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်က ကွာရန်တင်းဝင်ခိုင်းရင် ကြည်ကြည်ဖြူဖြူ လက်ခံစေချင်ပါတယ်။ မလိုက်နာဘဲ ထွက်သွားရင် ရောဂါပိုးတွေကို ဖြန့်သလိုဖြစ်တဲ့အတွက် သက်ဆိုင်ရာ ခရိုင်/ မြို့နယ်/ ကျေးရွာ ကိုဗစ်ကော်မတီတွေက တားမြစ်တာကို လိုက်နာစေချင်ပါတယ်။ ကုသရေးပိုင်းအနေနဲ့ ရောဝတီတိုင်းဒေသကြီး ၂၆ မြို့နယ်၊ ခရိုင်ဆေးရုံပေါင်း ခြောက်ခု ရှိပါတယ်။ သို့သော်လည်း အခုလိုလူနာများလာတဲ့အခါ အရေးပေါ်ဆေးရုံတွေ ရှာဖွေရပါတယ်။ အခုဆိုရင် ခရိုင်အဆင့်မှာဆိုရင် အနည်းဆုံး Plan E လောက်အထိ ထားပါတယ်။ ပုသိမ်ဆေးရုံကြီးက Plan B ဆေးရုံ၊ Plan C ဆေးရုံ၊ Plan D ၊ Plan E ဆိုပြီး လူနာ ဘယ်လောက်ထားမယ်။ ပြီးရင် Category သုံးမျိုး ခွဲရပါတယ်။ နံပါတ်တစ် Category 1 ဆိုတာကတော့ အနံ့ပျောက်ရုံပဲရှိတယ်။ ဘာလက္ခဏာမှမရှိဘူး။ လူက ပိုးတွေ့တာပဲရှိတယ်ဆိုရင် ကျွန်တော်တို့က သာမန်ဆေးရုံမှာထားပါတယ်။ နောက်ပြီး Second Category 2 ကျတော့ အနံ့ပျောက်တယ်၊ ချောင်းဆိုးနည်းနည်းရှိတယ်၊ ဖျားတာနည်းနည်း ရှိတယ်။ Category 2 မှာထားပါ တယ်။ နောက်တစ်ခုက အထူးကြပ်မတ် ကုသရတော့မယ်။ အောက်ဆီဂျင်ပေးရတော့မယ်။ Ventilator တင်ရတော့မယ်။ Antibiotic တွေ ထိုးရတော့မယ်ဆိုရင်တော့ ဆေးရုံကြီးတွေမှာ၊ သမားတော်ကြီးတွေ၊ မေ့ဆေးဆရာဝန်ကြီးတွေ၊ ကလေးအထူးကုဆရာဝန်တွေ စသဖြင့် ဆရာဝန်ကြီးတွေစုံတဲ့ ဆေးရုံတွေမှာထားပြီး ကုသပေးပါတယ်။

သို့သော် ဆီးချို၊ သွေးတိုး၊ နှလုံး၊ ကင်ဆာ၊ ရောဂါအခံရှိတဲ့သူတွေနဲ့ ခုခံအားကျတဲ့သူတွေ မလွဲမရှောင်သာ ရှစ်ဦး ရောဝတီတိုင်းဒေသကြီးမှာ ကွယ်လွန်သွားခဲ့ပါတယ်။ ရောဂါအခံရှိပါတယ်။ အသက်ကြီးတာတွေလည်းပါတယ်။ အဲဒီတော့ ရောဂါကာကွယ် ကုသဖို့အတွက် အားလုံးကတော့ အများပြည်သူကလည်း ကူညီဖို့လိုပါတယ်။ နိုင်ငံတော်အပိုင်းကပဲ လုပ်လို့မရဘူး။ အလှူရှင်တွေနဲ့လည်း လုပ်ရတာဖြစ်ပါတယ်။

ခရိုင်ဆေးရုံတွေမှာတော့ အလှူရှင်တွေလှူထားတဲ့ အောက်ဆီဂျင်တွေ၊ Oxygen Plant တွေ ဒါတွေနဲ့တော့ ကျွန်တော်တို့ ကုသပေးပါတယ်။ နောက်တစ်ခုက ပြည်သူ့ကျန်းမာရေးလုပ်ငန်းတွေကလည်း ဒီလိုပဲကုန်ကျစရိတ်တွေရှိပါတယ်။ မြန်မာပြည်သူပြည်သားတွေက အလှူအတန်းရက်ရောပါတယ်။ သို့သော်လည်း ကုသရေးမှာပဲ လှူလိုက်တယ်။ ပြည်သူ့ကျန်းမာရေးလုပ်ငန်းမှာကျတော့ မလှူကြဘူး။ အဲဒီတော့ ပြည်သူ့ကျန်းမာရေးက မဖြစ်လာဘူး။ ဆေးရုံအရောက်များအောင် လုပ်နေတာ ဖြစ်ပါတယ်။ ဆေးရုံအရောက်များမှ ရောဂါအဖြစ်နည်းမယ်။ အဖြစ်နည်းအောင် ပြည်သူ့ကျန်းမာရေးလုပ်ငန်းကိုလည်း လှူဒါန်းပေးဖို့ ပြောကြားလိုပါတယ်။

**ဒေါက်တာသန်းသန်းမြင့်။** ။ ဆရာကြီး ဒေါက်တာ သန်းထွန်းအောင် ကို ကျေးဇူးတင်ပါတယ်။ ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးနဲ့ပတ်သက်ပြီး ဆရာကြီးက Point of View အရလည်း ရှင်းလင်းတင်ပြသွားပါတယ်။ ထို့အတူ အသွားအလာကန့်သတ်ထားတဲ့ နေရာတွေမှာ ရောက်နေကြတဲ့ ပြည်သူလူထုတွေကို ဓာတ်ခွဲစစ်ဆေးမှုလုပ်ငန်းဆောင်ရွက်မယ့် အစီအစဉ်တွေ၊ နောက်ပြီး ရောဂါလက္ခဏာပြလို့ ဆေးရုံကိုလာရောက်တဲ့ လူတွေအပေါ်မှာလည်း ကဏ္ဍအလိုက် ခွဲခြားပြီး ကုသမှုပေးနေတဲ့လုပ်ငန်းတွေကို ပြည်သူလူထုသိရှိအောင် တင်ပြပေးသွားတဲ့အတွက် ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။ ကျွန်မကလည်း မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှာ တာဝန်ထမ်းဆောင်နေတဲ့သူတစ်ယောက်ဖြစ်ပါတယ်။ ကျွန်မအနေနဲ့လည်း မန္တလေးတိုင်းဒေသကြီးရဲ့လက်ရှိ ကိုဗစ် – ၁၉ ရောဂါဖြစ်ပွားမှုအခြေအနေ၊ ပြည်သူလူထုရဲ့သိချင်တဲ့ မေးခွန်းနှစ်ခုအပေါ်မှာ ကိုးကားပြီး ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

မန္တလေးတိုင်းဒေသကြီးအနေနဲ့ ကိုဗစ်ကာကွယ်နှိမ်နင်းရေး၊ ထိန်းချုပ်ရေး၊ ကုသရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ချမှတ်ထားတဲ့ လမ်းညွှန်ချက်တွေနဲ့အညီ ဆောင်ရွက်နေသလို တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ကူညီထောက်ပံ့မှုတွေနဲ့လည်း ဆောင်ရွက်လျက်ရှိပါတယ်။ နိုဝင်ဘာ ၂၂ ရက် စာရင်းဇယားအရ မန္တလေးတိုင်းဒေသကြီးမှာ ကိုဗစ်လူနာ စုစုပေါင်း ၄၁၆၉ ဦး ရှိပြီ ဖြစ်ပါတယ်။ ရောဂါသက်သာပြီး ဆေးရုံက ပြန်ဆင်းသွားတဲ့ လူနာပေါင်းကတော့ ၆၂ ရာခိုင်နှုန်း ရှိပြီဖြစ်ပါတယ်။

လက်ရှိအခြေအနေမှာ မန္တလေးတိုင်းဒေသကြီးမှာ ဆေးရုံတက်တဲ့လူနာပေါင်းကတော့ ၁၅၈၈ ဦးရှိပါတယ်။ မန္တလေးတိုင်းဒေသကြီးမှာ ကုသရေးပိုင်းအနေနဲ့ မြို့နယ်ဆေးရုံတွေမှာအထိ သံသယလူနာတွေ ဆေးရုံတက်ရင် ကုသပေးနိုင်ဖို့၊ Positive ပိုးတွေ့လူနာတွေ ဆေးရုံရောက်လာရင်ကုသပေးနိုင်ဖို့ ဒါတွေအားလုံးကို ပြင်ဆင်ဆောင်ရွက်ထားရှိပြီးဖြစ်ပါတယ်။ မြို့နယ်ဆေးရုံတွေက ဆေးရုံတက်ရောက်နေတဲ့သူတွေဟာ အကယ်၍ လွှဲပြောင်းဖို့လိုအပ်လာရင် သက်ဆိုင်ရာ ခရိုင်ဆေးရုံကြီးတွေ၊ ဗဟိုအဆင့်ဆေးရုံကြီးတွေကို လွှဲပြောင်းပေးနိုင်ရေးတွေကို ဆောင်ရွက်ထားရှိပြီး ဖြစ်ပါတယ်။

နောက်တစ်ခုက ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းပါ။ ကျွန်မတို့ မန္တလေးတိုင်းဒေသကြီးမှ ကာကွယ်ထိန်းချုပ်ထားတဲ့ ကွာရန်တင်းစင်တာ ၂၁၅ ခုရှိပါတယ်။ အဲဒီကွာရန်တင်းစင်တာ ၂၁၅ ခုမှာ အသွားအလာကန့်သတ်ထားတဲ့လူပေါင်း ၄၅၉၅ ဦးရှိပါတယ်။ အဲဒီလိုသွားလာမှုကန့်သတ်ထားတဲ့ နေရာတွေမှာတော့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ကျန်းမာရေးဝန်ထမ်းတွေနဲ့ပဲ နိုင်နိုင်နင်းနင်း ဆောင်ရွက်ဖို့ အတော့်ကို ခက်ခဲပါတယ်။

ဒါကြောင့် အသွားအလာကန့်သတ်ထားတဲ့နေရာတွေမှာ ကျွန်မတို့က Volunteer တွေရဲ့ အားကိုယူရပါတယ်။ ဌာနဆိုင်ရာတွေ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွေရဲ့ အားကိုယူပြီး ကာကွယ်နှိမ်နင်းရေးလုပ်ငန်းတွေကို ဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်မတို့ တိုင်းအနေနဲ့ စက်တင်ဘာလ နောက်ပိုင်းမှာ Case တွေ နည်းနည်းများလာပါတယ်။ အောက်တိုဘာလအလယ်လောက်အထိကို တောက်လျှောက်တက်နေတာကို တွေ့ရပါတယ်။ ဒါပေမယ့် ကြည့်လိုက်တဲ့အခါ မန္တလေးတိုင်းဒေသကြီးမှာ ၂၈ မြို့နယ်ရှိပေမယ့် ၂၁ မြို့နယ်က ရောဂါထိန်းချုပ်နိုင်တဲ့ အဆင့်မှာ ရှိပါတယ်။ အဓိကဖြစ်နေတာက မန္တလေးခရိုင် ခုနစ်မြို့နယ် ရှိပါတယ်။ ခုနစ်မြို့နယ်မှာ ငါးမြို့နယ်က တော်တော်ကို ကူးစက်မှုများနေတဲ့အချိန်အခါဖြစ်ပါတယ်။ ဒီရောဂါဖြစ်ပွားမှုကို ဖြတ်တောက်ဖို့ လိုအပ်နေတာ ဖြစ်ပါတယ်။ ကျွန်မတို့အနေနဲ့ ပိုးတွေ့လူနာ ၄၀၀၀ ကျော်ကို ပြန်ဆန်းစစ်ကြည့်လိုက်တဲ့အခါ ရောဂါလက္ခဏာမပြဘဲ ပိုးတွေ့သွားပြီး ဆေးရုံတက်နေတဲ့လူက ၇၆ ရာခိုင်နှုန်းရှိပါတယ်။

**ကိုဗစ် – ၁၉ အတွက် Face Shield တပ်ရုံ၊ Mask တပ်ရုံနဲ့ အပြည့်အဝကာကွယ်မှုပေးပါသလား။ ပေးရင်လည်း တကယ့်ကာကွယ်မယ့် နည်းလမ်းတွေကို ပြောပြပေးပါဆိုတဲ့** မေးခွန်းကို ကျွန်မပြောပြရမယ်ဆိုရင် ကျွန်မတို့တိုင်းရဲ့ ဆန်းစစ်ချက်အရ Asymptomatic လို့ခေါ်တဲ့ ရောဂါလက္ခဏာမပြတာက ၇၆ ရာခိုင်နှုန်းရှိတယ်။ ထို့အတူပဲ အဲဒီရောဂါလက္ခဏာမပြတဲ့ အချိန်ကာလအတွင်းမှာ ရောဂါပိုးဟာ Mask မတပ်ဘဲသာ နေခဲ့မယ်ဆိုရင် ကိုယ်ကရောဂါပိုးရှိရင်လည်း သူများကို ကူးသွားနိုင်သလိုသူများက ရောဂါပိုးရှိခဲ့ရင်လည်း ကိုယ့်ကို ကူးသွားနိုင်ပါတယ်။

ဒါကြောင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက အပြင်ထွက်တိုင်း Mask တပ်ပါဆိုတဲ့ လမ်းညွှန်ချက်ကို အတိအကျလိုက်နာကြပါဆိုပြီး ပြောထားခြင်းဖြစ်ပါတယ်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေနဲ့ ဒီရက်ပိုင်းမှာ ဆောင်ရွက်မယ့်လုပ်ငန်းရှိပါတယ်။ ဒါကလည်း ကူးစက်ရောဂါကို ဖြတ်တောက်ပေးနိုင်မယ့် Mask နဲ့ Face Shield Campaign ကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ လမ်းညွှန်မှုနဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်က မြို့နယ်အားလုံးမှာ ဒီတစ်ပတ်အတွင်းမှာ အားစိုက်ပြီးဆောင်ရွက်ကြမှာဖြစ်ပါတယ်။

ဆောင်ရွက်ရတဲ့အကြောင်းရင်းက Positive လူနာတွေဟာ Asymptomatic ရောဂါလက္ခဏာ မပြကြဘူး။ မပြတဲ့အခါ ပြည်သူလူထုတွေက စည်းကမ်းလိုက်နာမှု၊ ကျွန်မတို့ရဲ့ လမ်းညွှန်ချက်တွေကို လိုက်နာမှု အားနည်းလာတာကို တွေ့ရတယ်။ အပြင်ထွက်ရင် Mask မတပ်ကြဘူး။ Mask တပ်ရင်လည်း စနစ်တကျ တပ်တာမရှိတာကို တွေ့လာရပါတယ်။ အဲဒါကြောင့် ဒီမေးခွန်းအပေါ်မှာ မိုငြမ်းပြီးဖြေကြားရမယ်ဆိုရင် ပြည်သူလူထုအားလုံးဟာ Mask နဲ့ Face Shield တပ်ခြင်းဖြင့် ရောဂါကို ကောင်းကောင်းကာကွယ်ပေးနိုင်ပါတယ်။ တစ်ခါတစ်ရံမှာ Mask တပ်တာ တစ်ခုတည်းနဲ့တော့ အရဲမကိုးသင့်ပါဘူး။ အဲဒီတော့ Mask တပ်မယ်၊ Face Shield တပ်မယ်၊ ဖြစ်နိုင်ရင်တော့ အပြင်ထွက်တာကို လျှော့ချရမယ်။ လူစုလူဝေးတဲ့နေရာကို မသွားသင့်ဘူး။ သွားတဲ့အခါတိုင်း Mask နဲ့ Face Shield ကို တပ်ဆင်ပြီး သွားရမှာဖြစ်ပါတယ်။ တတ်နိုင်သလောက် အိမ်မှာနေမယ်။ သွားရင်လည်း တစ်ယောက်နဲ့တစ်ယောက် အနည်းဆုံး ခြောက်ပေအကွာကနေပြီး ပြောဆိုခြင်း၊ လုပ်ငန်းလုပ်ကိုင်ခြင်းကို ဆောင်ရွက်သင့်ပါတယ်။

ဒါကြောင့် ဒီမေးခွန်းရဲ့ အဖြေအရဆိုရင်လည်း ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းမှာ အဓိကကျတဲ့ Mask နဲ့ Face Shield တပ်ခြင်းအားဖြင့် ကိုဗစ် – ၁၉ ရောဂါကို ကာကွယ်ထိန်းသိမ်းလို့ ရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီရောဂါရဲ့ဇာစ်မြစ်၊ ကူးစက်မှုကိုက အသက်ရှူလမ်းကြောင်းကတစ်ဆင့် ကူးစက်တဲ့ရောဂါဖြစ်နေတာပါ။ စကားပြောမယ်၊ ချောင်းဆိုးမယ်၊ နှာချေတာက ထွက်လာတဲ့ အမှုန်အမွှားတွေကို ရှူမိတာ။ အဲဒီအမှုန်အမွှားကျရောက်တဲ့နေရာတွေကို လက်နဲ့ကိုင်မိရင် ရောဂါကူးစက်နိုင်တာဖြစ်ပါတယ်။

ဒါကြောင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက လမ်းညွှန်မှုပေးထားတဲ့အတိုင်း အပြင်ထွက်ရင် Mask ကို သေချာတပ်ဆင်ကြပါ။ တတ်နိုင်သမျှ တစ်ကိုယ်ရေသန့်ရှင်းရေးလုပ်ငန်းဖြစ်တဲ့ လက်ဆေးခြင်းကိုလည်း အမြဲမပြတ် ဆောင်ရွက်ပေးပါ။ လက်ဆေးနိုင်တဲ့ အခြေအနေမရှိရင်လည်း လက်ကို လက်သန့်ဆေးရည်နဲ့ အသုံးပြုပြီး တစ်ကိုယ်ရေသန့်ရှင်းရေးကို ပိုမိုဆောင်ရွက်ပေးကြပါ။ တတ်နိုင်သမျှ အပြင်မထွက်ပါနဲ့။ ထွက်ရင်လည်း မိသားစုအနည်းဆုံး ထွက်ကြပါလို့ ဒီမေးခွန်းအပေါ်မှာ ပေါင်းစပ်ပြီး ဖြေကြားပေးလိုပါတယ်။

အခုဆိုရင် ပြည်သူလူထုအားလုံးဟာ ကိုဗစ် – ၁၉ ရဲ့ ကြာရှည်လာတဲ့ အခြေအနေအပေါ်မှာ မူတည်ပြီး ကျွန်မတို့ သတ်မှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်း၊ လမ်းညွှန်ချက်တွေအပေါ်မှာ လိုက်နာမှု အားနည်းလာတဲ့အတွက် Campaign သဘော ဆောင်ရွက်နေရခြင်း ဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူလူထုအနေနဲ့ ကျွန်မတို့ရဲ့ လမ်းညွှန်ချက်တွေကို သေသေချာချာ လိုက်နာခဲ့မယ်ဆိုရင်တော့ ကိုဗစ် – ၁၉ ရောဂါကို မိမိကိုယ်မိမိ ကာကွယ်တာဖြစ်သလို အခြားသူတွေကိုလည်း ကာကွယ်ပေးနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် လမ်းညွှန်ချက်တွေကို လိုက်နာခြင်းအားဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါလို့ ပြောကြားလိုပါတယ်။ ကျေးဇူးတင်ပါတယ်။ ။

# ပခုက္ကူမြို့နယ် ဆိကုန္ဒဝအုပ်စု ရွာသစ်ကျေးရွာအနီးတွင် ဧရာဝတီလင်းပိုင် ကျက်စားသွားလာလျက်ရှိ

**ပခုက္ကူ နိုဝင်ဘာ ၂၄**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် ဆိကုန္ဒဝအုပ်စု ရွာသစ်ကျေးရွာအနီးတွင် ဧရာဝတီလင်းပိုင် ကျက်စားသွားလာလျက်ရှိသည်။



"လင်းပိုင်မျိုးကတော့ ငါးတွေအများဆုံး ကျက်စားခိုအောင်းနေထိုင်တဲ့ မြစ်ကမ်းနေရာမှာ နေပါတယ်။ ဘာကြောင့်လဲဆိုတော့ လင်းပိုင်က အဲဒီလိုစားရဖို့ကလည်း အရင်ဆုံး အဲဒီစည်းကို ကျော်မသွားဘဲ အများဆုံး အောက်ကနေပတ်ခြောက်ပြီးတော့ တက်လာတဲ့ ငါးကိုစောင့်ပြီး စားနေတာပါ။ စားတဲ့နေရာမှာလည်း ရေလုပ်သားအတွေ့အကြုံအရဆိုရင် ခေါင်းပိုင်းမစားဘဲ အများဆုံး အမြီးပိုင်းကိုပဲ စားပါတယ်။ လင်းပိုင်ရဲ့ ထူးခြားချက်ကတော့ နို့တိုက်သတ္တဝါလည်းဖြစ်ပါတယ်။ အခုလောလောဆယ်တော့ တစ်ကောင်တည်းပဲ တွေ့ပါသေးတယ်" ဟု ပခုက္ကူမြို့နယ် ဆိကုန္ဒဝအုပ်စု အုတ်ကျောင်းကျေးရွာမှ ရေလုပ်သား ဦးမြင့်ထွေးက ပြောသည်။

ဆက်လက်၍ အုတ်ကျောင်းကျေးရွာ ရွာခွဲတာဝန်ခံ ဦးဝင်းကျော်ဦးက "၂၀၂၀ ပြည့်နှစ် အောက်တိုဘာ လကုန်ပိုင်းလောက်မှာ ကျွန်တော်တို့ဒေသ ရွာသစ်ကျေးရွာရဲ့ အရှေ့ဘက် ဧရာဝတီမြစ်ထဲ ဧရာဝတီလင်းပိုင်ရောက်ရှိတာတွေ့ရပါတယ်။ အဲဒါကို ကျွန်တော်တို့ဒေသ ဆိကုန္ဒဝအုပ်စုအတွင်းက ရေနံချက်ကျေးရွာ ရွာခွဲတာဝန်ခံ ဦးကိုကြီးနိုင်၊ ရွာသစ်ကျေးရွာ ရွာခွဲတာဝန်ခံ ဦးစန်းနိုင်၊ ရွာတွင်းကျေးရွာ ရွာခွဲတာဝန်ခံ ဦးကြည်နိုင်စိုးတို့ စုပေါင်းပြီး လိုက်လံရှာဖွေ ထိန်းသိမ်းစောင့်ရှောက်နေကြပါတယ်။ ထိန်းသိမ်းနေတဲ့အချိန်မှာ ဧရာဝတီလင်းပိုင်မျိုးဟာ ရှားပါးတဲ့ ငါးမျိုးစိတ်ဖြစ်တာကြောင့် ရှော့ပိုက်တွေနဲ့ ဖမ်းဆီးတာတွေမရှိအောင် လိုက်လံထိန်းသိမ်းနေပါတယ်။ ဧရာဝတီလင်းပိုင်ကို ရှော့ပိုက်တွေနဲ့ လုပ်တာတွေ့ရင်တော့ ဖမ်းဆီးအရေးယူဆောင်ရွက်သွားမှာပါ"ဟု ပြောသည်။

အဆိုပါ ဧရာဝတီလင်းပိုင်ငါး ကျက်စားသွားလာမှုကို ပခုက္ကူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်ဌေးအောင်နှင့် ဝန်ထမ်းများ၊ဒေသခံတာဝန်ရှိသူများနှင့် ရေလုပ်သားများ စုပေါင်း၍ နိုဝင်ဘာ ၂၂ ရက်က ကွင်းဆင်းကြည့်ရှုပြီး ဧရာဝတီမြစ်ကြောင်းတစ်လျှောက် လိုက်လံရှာဖွေကာ မှတ်တမ်းဗီဒီယိုနှင့် ဓာတ်ပုံများရယူကြကြောင်း သိရသည်။

ဆလိုင်းကိုကီး(ပြန်/ဆက်)

## ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်



**နွားထိုးကြီး နိုဝင်ဘာ ၂၄**

နွားထိုးကြီး မြို့မရဲစခန်းမှူး ဒုရဲမှူး မြစိုး ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များသည် ပြည်သူ့အကျိုးပြုလုပ်ငန်းများအဖြစ် ယနေ့နံနက်က နွားထိုးကြီးမြို့ဦးရှိ ရှင်ပင်သာဒွန်းဦးဘုရားဝင်းကို သန့်ရှင်းရေး ဆောင်ရွက်ကြသည်။ (ဓါတ်ပုံ)

အလားတူ နွားထိုးကြီးမြို့နယ်တွင်းရှိ ဝက်လူးစခန်း၊ ပြင်စည်စခန်း၊ ကန်နားရဲစခန်းများကလည်း ပြည်သူ့အကျိုးပြု လုပ်ငန်းများ တစ်ပြိုင်နက် ဆောင်ရွက်ကြကြောင်း သိရသည်။ ဌေးမြင့်မောင်

# ကလေးမြို့နှင့် တာချီလိတ်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၂၄**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ယမန်နေ့ည ၆ နာရီတွင် ကလေးမြို့နယ် စခန်းကြီးကျေးရွာအုပ်စု နန်းဗဟိုကျေးရွာအနီး ကလေး–တမူးကားလမ်းတွင် ရန်းခိုဂင်မာန် မောင်းနှင်လာသော ဆိုင်ကယ်အား ရပ်တန့် ရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၇၇ ကီလို၊ မြန်မာငွေကျပ်သုံးသိန်းတို့ကို သိမ်းဆည်းရမိသည်။

အလားတူ ယမန်နေ့ နံနက် ၅ နာရီက မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် တာချီလိတ်မြို့နယ် မိုင်းကိုးကျေးရွာအုပ်စု ကျိုင်းတုံ–တာချီလိတ်ကားလမ်း မယ်ယန်းပူးပေါင်း စစ်ဆေးရေးဂိတ်အား ရှောင်ကွင်းသွားသည့် ယာဉ်မောင်း(စိစစ်ဆဲ) မောင်းနှင်သော မော်တော်ယာဉ်တစ်စီးကို တာချီလိတ်မြို့နယ် လွယ်စတုံကျေးရွာအဝင် စစ်ဆေးရေးဂိတ်၌ ပိတ်ဆို့စစ်ဆေးစဉ် ထပ်မံမောင်းနှင် ထွက်ပြေးသွားသောကြောင့် လုံခြုံရေးအဖွဲ့က သတိပေးပစ်ခတ်တားဆီးခဲ့ရာ မော်တော်ယာဉ်၏ ရှေ့အဖုံးနှင့်အင်ဂျင်ခန်းတို့အား ကျည်ထိမှန်ကာ ရပ်တန့်ပြီး ယာဉ်မောင်းမှာ ထွက်ပြေးသွားကြောင်း၊ ဆက်လက်၍ ယာဉ်အား စစ်ဆေးရှာဖွေရာ ကဖင်း ၁၀၀၀ ကီလို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ရန်ကုန်တက္ကသိုလ်ရာပြည့် အထိမ်းအမှတ်ကို ဂုဏ်ပြုသည့်အနေဖြင့် ရုပ်သံမှတ်တမ်းအစီအစဉ်များ ထုတ်လွှင့်ပြသရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါ မှတ်တမ်းအစီအစဉ်တွင် ရည်ညွှန်းကိုးကားထားသည့် စာအုပ်များနှင့် မှတ်တမ်းဓာတ်ပုံများ၊ Internet Website မှ မူရင်းရေးသားသူနှင့် မူရင်းပိုင်ရှင်များအား ဖော်ပြ၍ ကျေးဇူးတင်လွှာတွင် ထည့်သွင်းဖော်ပြသွားမည်ဖြစ်ပါသည်။ အဆိုပါကျေးဇူးတင်လွှာတွင် မူရင်းပိုင်ရှင်များ ကျန်ရှိခဲ့ပါက အစီအစဉ်မထုတ်လွှင့်မီ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသို့ ဆက်သွယ်ပေးပို့နိုင်ပါကြောင်းနှင့် ထိုသို့ကျန်ရှိခဲ့မှုအပေါ် ခွင့်လွှတ်ပေးနိုင်ပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**ထုတ်လုပ်ထားသည့် မှတ်တမ်းအစီအစဉ်များ**

(၁) ၁၉၂၀ . . . . .တုန်းဆီက မြန်မာ့ရေးရာ
(၂) ၁၉၂၀ မှသည် ရာပြည့်နှစ်ဆီသို့
(၃) ရန်ကုန်တက္ကသိုလ် သမိုင်းမှတ်တမ်းအစီအစဉ်

**ကျေးဇူးတင်လွှာတွင် ရည်ညွှန်းကိုးကားထားသည့် စာအုပ်များနှင့် မှတ်တမ်းဓာတ်ပုံများ၊ Internet Website များ**

- မြန်မာ့ရက်စဉ်သမိုင်း (သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန)
- မြန်မာ့နိုင်ငံရေးသမိုင်း(သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန)
- ၁၉၂၀ ခုနှစ် ပထမကျောင်းသားသပိတ်(လှကွန့်)
- တက္ကသိုလ်ခရီး(တက္ကသိုလ်ခင်မောင်ဇော်)
- ကိုလိုနီခေတ် ကောလိပ်ကျောင်းသားများသမိုင်းနှင့် ကောလိပ်ရေးရာဆောင်းပါးများ (တက္ကသိုလ်ခင်မောင်ဇော်)
- မြန်မာနိုင်ငံကျောင်းသားလှုပ်ရှားမှုသမိုင်း(အောင်ထွန်း)
- နှစ်ပေါင်း (၁၀၀) စာ (၁၀၀) (ကလောင်စုံ)
- ကံ့ကော်မြေမှရာပြည့် ရန်ကုန်တက္ကသိုလ်(ဒေါက်တာကျော်ဝင်း၊ သမိုင်းပါမောက္ခ)
- နှစ်(၅၀)တက္ကသိုလ်(မြန်မာ့အသံကျော်ဦး)
- ၁၉၇၄ ဦးသန့် အရေးအခင်း(စီစဉ်သူ ထိန်ဝင်း၊ ဓာတ်ပုံ)
- မြန်မာ့လွတ်လပ်ရေးတိုက်ပွဲနှင့် ထွန်းတောက်သောကြယ်ပွင့်များ(တက္ကသိုလ်စိန်တင်)
- မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှု မှတ်တမ်းများနှင့် ဗိုလ်ချုပ်အောင်ဆန်း(တက္ကသိုလ်စိန်တင်)
- ရှေ့တန်းခေါင်းဆောင်ဖြစ်လိုသော်( ဦးနု)
- ကိုလိုနီခေတ် မြန်မာ့သမိုင်းအဘိဓာန်(မြဟန်)
- မြန်မာ့နိုင်ငံရေးသမိုင်း(ဦးလေးမောင်)
- ရန်ကုန်တက္ကသိုလ် နှစ်တစ်ရာပြည့် အကြိုဆောင်းပါးများ(စာရေးဆရာ ကျော်ဝင်း)
- ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်
- ရန်ကုန်တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူဟောင်းများ
- အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်(နေပြည်တော်)
- ပြန်ကြားရေးဝန်ကြီးဌာန(ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ သုတေသနနှင့်အချက်အလက်ဌာနခွဲ)
- ၁၉၂၀ မြန်မာနှင့် ကမ္ဘာဆက်ဆံရေး( ဒေါ်ဇင်နန္ဒာဦး၊ IPRD)
- ၁၉၂၀ မြန်မာ့နိုင်ငံရေးအခြေအနေ(ဒေါ်သင်းသင်းဦး၊ IPRD)
- en.wikipedia.org
- my.wikipedia.org
- wikiwand.com
- British PATHE
- pinterest.com
- frontiermyanmar.net
- bios.myanmar.institute.org
- colonizinganimals.blog
- dailymail.co.uk
- lostfootsteps.org
- ပုသိမ်ကြီး မောင်သန့်စင် Facebook.com
- RTH Media–Burmese Facebook.com
- Mystic Myanmar TV Facebook.com
- SOME DAY Facebook.com
- Sites.google.com
- myanmore.com
- BBC.com
- Myanmaalinn.facebook.com
- thutazone.net
- Myanmar Historic archive
- blog.moemaka.com
- Fr.fr.facebook.com
- Wikiwant.com
- Burmese.dvb.no
- History Burma 2
- ရှေးဟောင်းပုံရိပ်များ facebook စာမျက်နှာ
- My.wikipedia.org
- Yangon Heritage Trust facebook.com
- Lwinpwin.com
- m.mediagroup.com
- yangonlife.com.mm
- mdn.gov.mm
- hinthamedia.com
- lastfootsteps.org
- moigovnews.blogspot.com
- www 2.irrawaddy.com
- thamine.blog

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာခြင်း လူသားအားလုံးအန္တရာယ်ကင်း

# ကလေးမြို့နယ် အင်းစိန်ကျေးရွာတွင် အာဖရိကဝက်အပြင်းဖျား(သံသယ)ရောဂါကြောင့် ဝက် ၄၃ ကောင်ခန့် သေဆုံး

**ကလေး နိုဝင်ဘာ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် အင်းစိန်ကျေးရွာတွင် အာဖရိက ဝက်အပြင်းဖျားရောဂါကြောင့် နိုဝင်ဘာ ၄ ရက်မှ ၂၀ ရက်အတွင်း ဝက်ကောင်ရေ ၄၃ ကောင်ခန့် သေဆုံးလျက်ရှိကြောင်း မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံးမှ သိရသည်။

"အင်းစိန် ကျေးရွာထဲမှာရှိတဲ့ ဝက်ကောင်ရေ ၁၅၈ ကောင် ရှိတဲ့အထဲမှာ ၄၃ ကောင် သေသွားပါတယ်။ သေသွားတဲ့အထဲမှာ အကောင်ကြီးတဲ့ဝက်က ၂၁ ကောင်ဖြစ်ပြီးတော့ ကျန်တာတော့ ဝက်ပေါက်စလေးတွေပါ။ အခုလို ဝက်တွေ သေဆုံးသွားတဲ့အပေါ် ကျွန်တော်တို့ဌာနအနေနဲ့ ကျေးရွာအထိသွားပြီး ကွင်းဆင်းတယ်။ သေဆုံးသွားတဲ့ ဝက်တွေထားတဲ့နေရာကို ရောဂါကူးစက်မသွားအောင် ပိုးသတ်ဆေးတွေဖျန်းတယ်။ နောက်ပြီးတော့ သေဆုံးသွားတဲ့ဝက်တွေရဲ့အသားစ နမူနာယူပြီးတော့ မန္တလေးမှာရှိတဲ့ တိရစ္ဆာန်ရောဂါရှာဖွေရေး ဓာတ်ခွဲခန်းကိုပို့ထားပါတယ်။ လက်ရှိ အနေအထားကတော့ ရောဂါအဖြေ မသိရသေးပါဘူး"ဟု ကလေးမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဒေါက်တာမိုးထန်းဇီးက ပြောသည်။

"ကလေးမြို့နယ် အတွင်းမှာ ရှိတဲ့ ဝက်မွေးမြူရေးလုပ်ကိုင်သူတွေအနေနဲ့ ဝက်တွေဟာ ရာသီဥတုပြောင်းလဲတဲ့ဒဏ်ကို မခံနိုင်တဲ့အတွက်ကြောင့် အေးတဲ့အချိန်မှာ ပလတ်စတစ်တွေ၊ မိုးကာတွေနဲ့ မိမိတို့ရဲ့ ဝက်ခြံကို နွေးထွေးအောင် ကာထားဖို့ လိုအပ်ပါတယ်။ ကျွေးမယ့် ဝက်စာတွေကိုလည်း နာရီဝက်လောက် အပူပေးရပါမယ်။ နောက်ပြီးတော့ ဝက်ခြံတွေ သန့်ရှင်းအောင် ထားဖို့လည်း လိုအပ်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

ကလေးမြို့နယ်အတွင်းရှိ ဝက်များကို ချင်းပြည်နယ် မြောက်ပိုင်းမြို့နယ် ငါးမြို့နယ်၊ တမူးခရိုင်၊ ဟုမ္မလင်းခရိုင်တို့အပြင် အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်အထိ တင်ပို့ရောင်းချသည့် အတွက်ကြောင့် ဝက်မွေးမြူရေးလုပ်ငန်းသည် ဒေသခံပြည်သူများ၏ စီးပွားရေးကို အထောက်အကူပြုသည့် လုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း သိရသည်။

ထန်းဖုန်(ပြန်/ဆက်)



မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးနှင့် အဖွဲ့ ဝက်ခြံများကို သွားရောက်စစ်ဆေးစဉ်။




## ပြန်ကြားရေးဝန်ကြီးဌာန
## ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန
## အခြေခံကျောင်းသုံးစာအုပ်များ
## ခရိုင်အသီးသီးသို့ ပို့ဆောင်နိုင်ရန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနမှ ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် ရိုက်နှိပ်သော အခြေခံကျောင်းသုံး ပြဋ္ဌာန်းစာအုပ်များအား ရန်ကုန်၊ မန္တလေး၊ နေပြည်တော်တို့ရှိ ပုံနှိပ်စက်ရုံများမှ မြန်မာပြည်အနှံ့အပြားရှိ ခရိုင်စုစုပေါင်း (၁၇၆)ခရိုင်သို့ ပို့ဆောင်နိုင်ရန် တင်ဒါခေါ်ယူအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါများကို ၂၁-၁၂-၂၀၂၀ရက်မှ ၉-၁-၂၀၂၁ရက်အထိ နေ့စဉ်(ရုံးပိတ်ရက်မပါ) နံနက် ၉:၃၀နာရီမှ ညနေ ၄ နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်နှင့် အမှတ်(၂၂၈)၊ သိမ်ဖြူလမ်း၊ ရန်ကုန်ရုံးတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၅-၁-၂၀၂၁ရက် နံနက် ၉:၃၀နာရီမှ ညနေ ၄နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည် တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၃၇၄၊ ၀၆၇-၄၁၂၃၇၅သို့ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| | |
|---|---|
| **တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ** | **တင်ဒါတင်သွင်းရန်လိပ်စာ** |
| **ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန** | **ကျောင်းသုံးပြဋ္ဌာန်းစာအုပ်တင်ဒါလက်ခံရေးနှင့်** |
| **ပြန်ကြားရေးဝန်ကြီးဌာန** | **စိစစ်ရေးကော်မတီ** |
| **ရုံးအမှတ်(၇)၊ နေပြည်တော်** | **ပြန်ကြားရေးဝန်ကြီးဌာန** |
| **အမှတ်(၂၂၈)၊ သိမ်ဖြူလမ်း၊ ရန်ကုန်ရုံး** | **ရုံးအမှတ်(၇)၊ နေပြည်တော်** |
| **ဖုန်း-၀၆၇-၄၁၂၃၇၄၊ ၀၆၇-၄၁၂၃၇၅** | **အမှတ်(၂၂၈)၊ သိမ်ဖြူလမ်း၊ ရန်ကုန်ရုံး** |
| **၀၁-၃၈၂၀၇၀၊ ၀၁-၃၈၀၈၀၄** | **ဖုန်း-၀၆၇-၄၁၂၃၇၄၊ ၀၆၇-၄၁၂၃၇၅၊** |
| | **၀၁-၃၈၂၀၇၀၊ ၀၁-၃၈၀၈၀၄** |

## ပျောက်ဆုံးကြောင်း

Shwe Yan Bhone Pyae Co.,Ltd၏ သွင်းကုန်လိုင်စင် အမှတ် MES QILV(1920 03402)(14/05- 2020)မှာ အမှန်တကယ် ပျောက်ဆုံးသွားပါကြောင်း။

ဖုန်း-၀၉-၃၀၈၀၅၀၅၀

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးစောတီမိုးသီ၏ သား ဦးစောမူးတား(ခ)ဦးစောမူတား ၁၂/မရက(နိုင်) ၀၀၄၅၆၆မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးစောမူးတား(ခ)ဦးစောမူတား**

## သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော် ဆိုင်ကယ်စီးနင်း သူများသည် ဆိုင်ကယ်စီး ဦးထုပ်ကို မေးသိုင်းကြိုး တပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမို စီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ်ပါသည်။

**နေပြည်တော်**
**ယာဉ်စည်းကမ်း**
**ထိန်းသိမ်းရေး**
**ကြီးကြပ်မှုကော်မတီ**

## သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန
## သာသနာရေးဦးစီးဌာန
## ကချင်ပြည်နယ်သာသနာရေးမှူးရုံး
## မြစ်ကြီးနားမြို့
## ဒုတိယအကြိမ် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနကြီးကြပ်မှုအောက်ရှိ ကချင်ပြည်နယ်သာသနာရေးမှူးရုံး၊ မြစ်ကြီးနားမြို့၊ ရှောရပ်ကွက်၊ (၀ဒသမ၀၅၅)ကေရှိ မြေပေါ်တွင် (၆၁.၅'x ၅၁'x၄၂၅') ၄ခန်း တွဲ RC(၄)ထပ် ဆောက်လုပ်ခြင်း (ရှေ မီး၊ မိလ္လာ၊ ခြံစည်းရိုး ၃၄၀'x၆') Brick + Chain Link အပါအဝင် ဝန်ထမ်းအိမ်ရာအဆောက်အအုံ ဆောက်လုပ်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ ဒုတိယအကြိမ် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

| | | |
|---|---|---|
| တင်ဒါပုံစံစတင်ရောင်းချမည့်ရက်/အချိန် | - | ၁၈-၁၁-၂၀၂၀ရက်(ရုံးချိန်အတွင်း) |
| တင်ဒါပိတ်မည့်ရက်/အချိန် | - | ၁၇-၁၂-၂၀၂၀ရက် ညနေ ၄:၃၀နာရီ |
| တင်ဒါဖွင့်မည့်ရက်/အချိန် | - | ထပ်မံကြေညာပါမည် |
| တင်ဒါပုံစံရောင်းချမည့်နေရာနှင့် တင်ဒါဖွင့်မည့်နေရာ | - | ကချင်ပြည်နယ်သာသနာရေးမှူးရုံး၊ မင်းရပ်ရပ်ကွက်၊ မြစ်ကြီးနားမြို့ |

၂။ တင်ဒါစည်းမျဉ်းစည်းကမ်းနှင့် တင်ဒါခေါ်ယူမည့် အချက်အလက်များအား အသေးစိတ်သိရှိလိုပါက ကချင်ပြည်နယ်သာသနာရေးမှူးရုံး ဖုန်း-၀၇၄-၂၅၂၀၁၀၂၊ ၀၉-၄၂၀၁၀၈၄၉၆ နှင့် ၀၉-၇၈၈၃၄၆၇၂၇တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ရခိုင်ပြည်နယ်အစိုးရအဖွဲ့
## လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန
## နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## ရခိုင်ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး(စစ်တွေ)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရခိုင်ပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး(စစ်တွေ)မှ ၂၀၂၀-၂၀၂၁ဘဏ္ဍာရေးနှစ် ရခိုင်ပြည်နယ်အစိုးရအဖွဲ့(ငွေလုံးငွေရင်း)ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား သတ်မှတ်ဘဏ္ဍာရေးနှစ် ကာလအတွင်း အချိန်မီပြီးစီးရန်အလို့ငှာ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါလျှောက်ပုံလွှာနှင့် စည်းကမ်းချက်များကို အောက်ပါအစီအစဉ်အတိုင်း ရောင်းချသွားမည်ဖြစ်ပါသည်-

(က) တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက် - ၂၅-၁၁-၂၀၂၀ရက်(ဗုဒ္ဓဟူးနေ့)

(ခ) တင်ဒါလျှောက်လွှာရောင်းချမည့်နေရာ - ရခိုင်ပြည်နယ်၊ ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၊ စစ်တွေမြို့

(ဂ) တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက် - ၂၄-၁၂-၂၀၂၀ရက် (ကြာသပတေးနေ့)

၃။ တင်ဒါဖွင့်လှစ်မည့်ရက်အား သီးခြားထုတ်ပြန်ကြေညာသွားမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များနှင့် လုပ်ငန်းစာရင်းများအား နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရခိုင်ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး(စစ်တွေ)ဖုန်း- ၀၉-၄၂၁၇၁၀၃၉၂၊ ၀၉-၄၂၈၂၂၂၂၅၃၊ ၀၉-၂၅၁၁၇၅၄၆၁တို့သို့ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးကိုဒဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
ပြင်ဦးလွင်ခရိုင်တရားရုံး
၂၀၂၀ပြည့်နှစ်၊ တရားမကြီးမှုအမှတ်-၁၀၈

| | | |
|---|---|---|
| ဒေါ်ကြူကြူမြင့် | နှင့် | ၁။ ဒေါ်လချိမီး |
| | | ၂။ ဒေါ်ဂိုမားဒေဝီ(ခ)မခင်ဖုန်းမြင့် |
| တရားလို | | တရားပြိုင်များ |

မိုးကုတ်မြို့၊ မင်းတံတားရပ်၊ အမှတ်၁/၁၃နေ (၁)တရားပြိုင် ဒေါ်လချိမီး (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလိုဒေါ်ကြူကြူမြင့်က ကျောက်ဖိုးငွေကျပ်သိန်း(၈၀၀)ရလိုမှု လျှောက်ထားစွဲဆိုချက် ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၂၃ရက်(၁၃၈၂ခုနှစ် နတ်တော်လဆန်း ၉ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းပြင်သင်သိစေရမည်မှာ၊ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၀ပြည့်နှစ် နိုဝင်ဘာ၂၃ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(စန်းသီရိရွှေ)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**ပြင်ဦးလွင်ခရိုင်တရားရုံး**

## အများသိစေရန်နှင့်ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊မြစ်ကြီးနားမြို့၊အေးစေတီရပ်ကွက်၊ကွင်း/အကွက်အမှတ်နှင့်အမည်(၃၆/၂)၊ ဦးပိုင်အမှတ်(၁၃/၂)၊ မြေရိယာ၀ဒသမ၀၆၉ကေရှိမြေကွက်အား ဒေါ်ကြည်ငွေးအမည်ဖြင့်ခရိုင်အမှုတွဲအမှတ် ၂၉၀၇/(၃)(၁၉၉၅-၁၉၉၆)အရ ၇-၆-၂၀၁၀ ရက်အထိ(၁၅)နှစ် မြေငှားဂရန်ရရှိခဲ့ပါသည်။ အဆိုပါ မြေငှားဂရန်အား ဦးလှမြင့်(ဒေါ်ကြည်ငွေး၏ခင်ပွန်းဖြစ်သူ)မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်ချုပ်ဆိုကာ ပိုင်ဆိုင်ခဲ့ပါသည်။ ဦးခိုင်ထွန်းဝင်း(ဦးလှမြင့်၏အထူးကိုယ်စားလှယ် လွှဲစာရရှိသူ) မှဒေါ်စုမွန်အောင်ထံအိမ်ခြံမြေကွက် အရောင်းအဝယ်စာချုပ်ဖြင့် မြစ်ကြီးနားမြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ဌာန၏ ၃-၁၀-၂၀၁၉ ရက်စွဲပါ စာအမှတ်(၄၃၆/၂၀၁၉)ဖြင့်ရောင်းချခဲ့ပြီးယခုအခါ အဆိုပါမြေကွက်အားဒေါ်စုမွန်အောင် ၅/ကဘလ(နိုင်)၁၃၀၆၁၀ အမည်ဖြင့် မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ မြေငှားဂရန် (အမည်ပြောင်း)လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည်သူမဆို ယခုကြော်ငြာစာပါသည့် ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့်ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့်
## ရှမ်းပြည်နယ်အတွင်း ကျောင်း/ရုံးများ
## (၀၄၀၂)၊ (၀၄၀၃)၊ (၀၄၀၉) ရန်ပုံငွေဖြင့်
## လုပ်ငန်းများဆောင်ရွက်ရန်အတွက်
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း (၀၄၀၂)၊ (၀၄၀၃)၊ (၀၄၀၉) သာမန်ခေါင်းစဉ်အောက်မှ လုပ်ငန်းများဆောင်ရွက်ရန်အတွက် လုပ်ငန်းရှင်များ ဖိတ်ခေါ်အပ်ပါသည်။

| | | | |
|---|---|---|---|
| ၂။ | **တင်ဒါလျှောက်လွှာပုံစံများ ရောင်းချမည့်ရက်** | - | ၂၄-၁၁-၂၀၂၀ ရက် (အင်္ဂါနေ့) |
